


# ကမ္ဘာကျော်စစ်ဗိုလ်ချုပ်ကြီးများ

# FIGHTING GENERALS

ရဲဘော်ဖေသန်း

နှစ်တွဲပေါင်းတတိယအကြိမ်

mgyoe.com

ကမ္ဘာကျော်စစ်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိကို ယနေ့လူငယ်များ ဖတ်ရှုခြင်းဖြင့် နိုင်ငံချစ်စိတ်နှင့် ဇာတိစိတ်ဇာတိမာန်များ တိုးပွားလာစေရန်ဖြစ်သည်။

ရဲဘော်ဖေသန်း(စာရေးသူ)

လွတ်လပ်လိုသော နိုင်ငံတစ်ခုတွင် စစ်သားသည် အရပ်သား ဖြစ်ရမည် ဖြစ်ပြီး၊ အရပ်သားသည် စစ်သားဖြစ်ရပေမည်။

ဂျူးဘိုးရက်(စ်) ကရိုင်(စ်)
(ပြင်သစ်ပြည်)

ပြည်သူ အားလုံးတို့သည် အသက်မွေးဝမ်းကျောင်းမှုအတွက် မဟုတ်မူဘဲ တာဝန်အရ စစ်သည်တော်များ ဖြစ်ကြရမည်။

ဂျင်ရုဆိုး

စစ်သူကြီးတစ်ဦးတွင် မရှိမဖြစ်သည့် အရေးအကြီးဆုံးသော အရည်အချင်းများမှာ ပထမ–အရေးအခင်းကြီးငယ်မဟူ အခါခပ်သိမ်း ပိုင်နိုင်စွာ ဆုံးဖြတ်လုပ်ဆောင်နိုင်စွမ်းသည့် ကြံ့ကြံ့ခိုင်သော နှလုံးရည် နှင့် ဒုတိယ–မည်သည့်အရာကိုမျှ ဘာမထီသော လက်ရုံးရည်တို့ ဖြစ်သည်။

ဂျိုမိနီ

တိုက်ပွဲကို အောင်နိုင်သော စစ်သူကြီးဆိုသည်မှာ တိုက်ပွဲ မဆင်နွှဲမီ သူ၏ စစ်တဲနန်း၌ တိုက်ပွဲအတွက် ကြိုတင်တွက်ချက်၍ အဘက်ဘက် ကြံစည်တွေးတောထားသောသူ ဖြစ်သည်။ တိုက်ပွဲ ရှုံးရသော စစ်သူကြီးဆိုသူမှာမူ တိုက်ပွဲမဆင်နွှဲမီ အနည်းအကျဉ်း မျှသာ တွေးတောကြံဆထားသူဖြစ်သည်။

စွန်းဇု

စည်းမရှိ တင်ကြိုစီမံချက်မရှိ ဆုံးဖြတ်ပိုင်နိုင်ခြင်းလည်း မရှိသော စစ်သူကြီးသည် ရန်သူ့ထက် အရေအတွက်အားဖြင့် စစ်သည်ဗိုလ်ပါ များပြားလှစွာသော တပ်မတော်ကြီးကို ဦးဆောင်ကာ စစ်ချီရလင့်ကစား စစ်တလင်းပေါ်သို့ ခြေတင်မိသောအခါတွင်မူ အခါခပ်သိမ်း ရန်သူ့ထက် အဘက်ဘက်က ညံ့ဖျင်းနေကြောင်း တွေ့ရမည်သာ ဖြစ်သည်။

နပိုလီယံ၏ စစ်သညာ

စစ်ပညာ လေ့လာလိုသော သုတေသီသည် သေနင်္ဂဗျူဟာနည်း၊ နိသျှများနှင့် စစ်တရားကိုယ်များ ဖတ်ရှုလေ့လာခြင်းထက် စစ်သူကြီး တို့၏ မှတ်တမ်း၊ အတ္ထုပ္ပတ္တိ၊ ရာဇဝင်တို့ကို ဖတ်ရှုလေ့လာမှတ်သား ခြင်းက စစ်ပညာရပ်ကို ပိုမိုချဉ်းကပ်နိုင်ပေမည်။

ဗိုလ်ချုပ်ကြီး ဓေဖဲ(လ်)

NF0050
3,000.00 KS

mgyoe.com

ကမ္ဘာကျော်စစ်ဗိုလ်ချုပ်ကြီးများ။ ရဲဘော်ပေသန်း
တမျက်နှာ ၂၆၅ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညီ၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ နှစ်တွဲပေါင်း တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၄ ပြည့်စုံစာအုပ်တိုက်၏ ဒုတိယအကြိမ် နှစ်တွဲပေါင်းမှု၊ (၁၉၆၇ - ပထမအကြိမ်နှစ်တွဲပေါင်း)

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကမ္ဘာကျော်
# စစ်ဗိုလ်ချုပ်ကြီးများ
# FIGHTING GENERALS

ရဲဘော်ဖေသန်း

နှစ်တွဲပေါင်း တတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ဗိုလ်ချုပ်ကြီး မက်အာသာ ၁

၂။ ဗိုလ်ချုပ်ကြီး မက်အာသာ(စစ်ရေး) ၁၂

၃။ မနုဿတစ်ပိုင်း၊ ယန္တရားတစ်ပိုင်း(စစ်သူကြီး ရွှမ်းမဲလ်) ၄၁

၄။ စစ်သူကြီး ရှူးခေါ့(ဗ) ၈၃

၅။ ဗိုလ်ချုပ်ကြီး ဂျီရော့
ဂက်စတာပိုကို တစ်ပတ်လှည့်ခဲ့သော စစ်သူကြီး ၁၁၉

၆။ ဂျာမန်များ မသတ်နိုင်သော ဗိုလ်ချုပ်ကြီး ဒီဂေါ(လ်) ၁၆၉

၇။ ကက်စထရို ၂၁၅

၈။ ဗိုလ်ချုပ် ဒူးလစ်တဲလ် ၂၃၉

၉။ ဗွန်ရမ်းစတက် (Von Rundstedt) ၂၅၃


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



ဗိုလ်ချုပ်ကြီးမက်အာသာ

mgyoe.com

mgyoe.com

# ဗိုလ်ချုပ်ကြီးမက်အာသာ

–နောက်ဆုံးအချိန်အထိ အလံမလှဲခဲ့ပေသော ဗိုလ်ချုပ်လော ...
–ရန်သူ့ကျည်ကို မဖြုံသောဗိုလ်ချုပ်လော ...

အမေရိကန်တပ်မတော်တွင် ဗိုလ်ချုပ်ကြီးများမြောက်များစွာရှိသည့် အနက်ဗိုလ်ချုပ်ကြီးတစ်ဦးတည်းသာလျှင် စက်သေနတ်၊ ဗုံး စသည့်ခေတ်မီ လက်နက်များဖြင့်အတိုက်အခိုက် ခံရဖူးသကဲ့သို့လေးမြားတို့ဖြင့်လည်းအပစ် အခတ်ခံရဖူးလေသည်။ ထိုဗိုလ်ချုပ်ကြီးမှာ အခြားသူမဟုတ်ဘဲ 'ဗိုလ်ချုပ်ကြီး ဒေါက်ကလပ်မက်အာသာ'ပင်ဖြစ်သည်။

ဗိုလ်ချုပ်ကြီးမက်အာသာသည် ဂျပန်လေယာဉ်များ၏အနီးကပ်တိုက် ခိုက်ခြင်းခံရသည့်နည်းတူ လူနီလူရိုင်းများ၏ လေးဖြင့်ပစ်ခတ်တိုက်ခိုက် ခြင်းကိုလည်း ခံရဖူးလေသည်။

ယင်းသို့ဗိုလ်ချုပ်ကြီးမက်အာသာသည် လူနီလူရိုင်းများ၏ အတိုက် အခိုက်ခံရသော အချိန်မှာမူ ဗိုလ်ချုပ်ကြီးမက်အာသာ၏ ဖခင်ဗိုလ်မှူးကြီး မက်အာသာမှာ နယူးမက္ကဆီကိုရှိ လူနီလူရိုင်းများ၏နယ်မြေတစ်ခုကိုအုပ် ချုပ်ရသောအချိန်တွင်ဖြစ်သည်။

အခါသမယအားဖြင့်လည်း မြေရိုင်းများကို ဓားမဦးချလုပ်ကိုင် စားသောက်ရန်နှင့် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ရန်ယင်းနယ်မြေပေါ် သို့တစ်ရပ်တကျေးမှ စွန့်စားလာရောက်လာကြသော ရှေးဦးလူဖြူ တောင်သူ

mgyoe.com

လယ်သမားကြီးများမှာ တစ်ဖက်မှအခါမလပ်ဝင်ရောက်တိုက်ခိုက်နေသော လူနီလူရိုင်းများကို ကြောက်ရွံ့နေရသကဲ့သို့ အခြားတစ်ဖက်ကလည်းလူရမ်းကား သေနတ်သမားများ၏ နှိပ်စက်ညှဉ်းပန်းမှုများကို ခေါင်းငုံ့ခံနေရသော အချိန်ဖြစ်သည်။ မက်အာသာ၏ဖခင်ဒု–ဗိုလ်မှူးကြီး မက်အာသာ၏ တာဝန်မှာ ၎င်းနယ်မြေ၏လုံခြုံရေးနှင့် အုပ်ချုပ်မှုကိုတာဝန်ယူရန်ပင်ဖြစ်သည်။

သို့နှင့် ၁၈၈၄–ခုနှစ်အတွင်း နေ့တစ်နေ့တွင် ဗိုလ်မှူးကြီးမက်အာသာ၏တပ်ရင်းရုံးစိုက်ရာ ခံတပ်ငယ်ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။

ထိုစဉ်က သားဖြစ်သူ မက်အာသာလေးမှာ လေးနှစ်သားအရွယ်မျှသာရှိသေးရာ ခံတပ်အပြင်မှ ဆူဆူညံညံအသံများကို ကြားလိုက်ရသောအခါ ကလေးတို့သဘာဝ စူးစမ်းလိုသောစိတ်ကို မထိန်းချုပ်နိုင်ဘဲကလေးထိန်းအဖြစ်ငှားရမ်းထားသော လူနီလူရိုင်းမကြီး၏လက်မှအတင်းရုန်းကန်ကာ ခံတပ်ကွက်လပ်ထဲသို့ ပြေးထွက်သွားခဲ့သည်။

ခံတပ်ကွက်လပ်ထဲသို့ ရောက်သောအခါ ခံတပ်သစ်တုံးများပေါ်မှဖြတ်ကျော်ဝင်ရောက်လာသည့် မြားတစ်စင်းသည် မက်အာသာလေး၏ဦးခေါင်းနှင့် လက်တစ်လုံးကြားအကွာမှ ဖြတ်သန်းသွားခဲ့သည်။

အကယ်၍သာ မက်အာသာလေးမှာ ထိုစဉ်ကခံတပ်ကွက်လပ်ထဲသို့ စက္ကန့်ခွဲမျှ အချိန်စော၍ ရောက်ခဲ့ပါမူထိုအချိန်က သေပွဲဝင်ခဲ့ရမည်ဖြစ်သည်။

ဤသို့ပင် မက်အာသာလေး၏ ငယ်စဉ်ဘဝသည် စစ်ကြွေးကြော်သံများနှင့် သေနတ်သံများအကြား၌သာလျှင် ကြီးပြင်းခဲ့ရသည်။

အခြားကလေးသူငယ်များကဲ့သို့ ဒဏ္ဍာရီပုံပြင်ကလေးများကိုလည်း နားထောင်၍ ကြီးပြင်းခဲ့ရသူမဟုတ်ဘဲစစ်ပွဲကြီးများအကြောင်းနှင့် စွန့်စားခန်းများကိုသာလျှင် နားထောင်ခဲ့ရသည်။

ငယ်စဉ်က မက်အာသာသည် ပြည်တွင်းစစ်ကြီးအတွင်း ဖခင်ကြီးရရှိခဲ့သော အမေရိကန်ပြည်ထောင်စုတွင် စစ်သည်တော်တစ်ဦးအတွက် အမြင့်ဆုံးဆုတံဆိပ်ကြီးဖြစ်သည့် စီ–အမ်–အိပ်(ချ်) ဆုတံဆိပ်ကြီးကို မကြာခဏကြည့်လျက် ယင်းဆုတံဆိပ်ကြီးကို တစ်နေ့သောအခါတွင် ဖခင်ကြီးနည်းတူမိမိလည်းရအောင်ယူမည်ဟု အကြိမ်ကြိမ်သန္နိဋ္ဌာန်ချခဲ့ဖူးသည်။

မက်အာသာ၏ ကလေးငယ်ဘဝက ဆန္ဒသည်နောင် ရာစုတစ်ဝက်

mgyoe.com

mgyoe.com


တိုင်သောအခါမှပင် အကောင်အထည်ပေါ်ခဲ့လေသည်။ ယင်းဆုတံဆိပ်ကြီးကိုလည်း ဘက်တန်တိုက်ပွဲ၌ပင်ဆွတ်ခူးခဲ့လေသည်။ ယင်းတိုက်ပွဲတွင်မက်အာသာသည် မိမိထက်အင်အားဆယ်ဆခန့်မျှသာလွန်သော ရန်သူကိုကြံ့ကြံ့ခံတွန်းလှန်ခဲ့ပြီး အမေရိကန်လူမျိုးတို့ဂုဏ်ယူလောက်သည့် တိုက်ပွဲတစ်ပွဲအဖြစ် ပြောင်မြောက်စွာတိုက်ပြသွားခဲ့သည်။

မက်အာသာသည် မည်မျှရင်းနှီးသည့်မိတ်ဆွေပင်ဖြစ်စေ ထိပ်ပုတ်ခေါင်းပုတ်ဖြင့် နေထိုင်တတ်သူမဟုတ်ဘဲ သူစိမ်းတစ်ရံဆံနှင့်ဆက်ဆံသကဲ့သို့ပင်ဆက်ဆံတတ်သည်။ ဤသို့အနေအထိုင် ကျစ်လျစ်လွန်းသည်ကိုအကြောင်းပြု၍ အချို့မိတ်ဆွေများကသူ့အားပို၍ပင်လေးစားခဲ့ကြသည်။ရင်းနှီးသောမိတ်ဆွေများထဲတွင်လည်း သူ့အားပထမအမည်ဖြင့် ခေါ်ဝေါ်သူမရှိသလောက်ပင် ရှားလေသည်။ သူ၏ဇနီးသည်ကပင်လျှင် သူ့အားဗိုလ်ချုပ်ကြီးဟူ၍ ရာထူးအမည်ကိုရှေ့တပ်၍ ခေါ်ဝေါ်လေ့ရှိလေသည်။

ဝက်(စ်)ပွိုင့် စစ်တက္ကသိုလ်တွင် မက်အာသာနှင့် သင်တန်းနှစ်တစ်နှစ်တည်းတက်ခဲ့ဖူးသူ ဗိုလ်ကြီးအဲလင်ပုတ်က မက်အာသာသည် ပေါင်းသင်းဆက်ဆံရေးတွင် ရှေးဆန်သည်ဟူ၍လည်းကောင်း၊ စကားပြောဆိုရာတွင်လည်း ဝါကျအထားအသိုမှအစ မိမိပြောဆိုမည့်စကားကို စိစိစစ်စစ်ရွေးချယ်ပြီးမှပြောဆိုတတ်သူ ဟူ၍လည်းကောင်းပြောဆိုခဲ့ဖူးလေသည်။

မက်အာသာသည် နှလုံးရည်ရော၊ လက်ရုံးရည်ပါပြည့်ဝသည့် စစ်သည်ကျော်ကြီးတစ်ယောက်ဖြစ်သည်။ သို့သော် စိတ်ကြမ်းကိုယ်ကြမ်းကြီး မဟုတ်ဘဲကိုယ်အမူအရာ၊ နှုတ်အမူအရာ သိမ်မွေ့သကဲ့သို့ စိတ်နှလုံးလည်းနူးညံ့သိမ်မွေ့သူဖြစ်ပေသည်။ ဝက်(စ်)ပွိုင့်စစ်တက္ကသိုလ်တွင် တက်ရောက်နေစဉ်အတွင်း အဲလင်ပုတ်နှင့်မက်အာသာသည် ဒေးဗစ်ဝါးဖီးလ်ပါဝင်ဇာတ်ဆောင်သော "ဂီတဆရာ"ပြဇာတ်ကို သွားရောက်ကြည့်ရှုခဲ့ကြသည်။ ဇာတ်သိမ်းခါနီးတွင် အဲလင်ပုတ်က မက်အာသာအားလှည့်ကြည့်လိုက်သောအခါတွင် မက်အာသာအား မျက်ရည်မဆည်နိုင်ဘဲ တရှုပ်ရှုပ်ငိုကြွေးနေသည်ကိုတွေ့လိုက်ရသည်ဟုဆိုလေသည်။

မက်အာသာသည်ဖိလစ်ပိုင်သို့ ရောက်သောအခါတွင် ရာသီဥတုပူပြင်းသည့်အပြင် ပျင်းရိငြီးငွေ့ဖွယ်လည်းကောင်းလှသဖြင့် အခြားအရာရှိငယ်

mgyoe.com

mgyoe.com


များနည်းတူ အရက်သေစာသောက်စားရန်၊ ကပွဲများ တက်ရောက်ရန်၊ တပ်အပြင်သို့ ထွက်၍အပျော်ကျူးရန် မကြာခဏပင် စိတ်ကူးပေါက်ခဲ့မိသည်။ ယင်းသို့စိတ်မတည်မငြိမ်ဖြစ်လာသောအခါများတွင်မူ မက်အာသာသည် ကိုယ်လုံးပေါ်မှန်တစ်ချပ်ရှေ့တွင် မတ်တတ်ရပ်လျက် တပ်သားတစ်ယောက်အားဆုံးမနေသည့် တပ်ကြပ်ကြီးတစ်ယောက်၏ အမူအရာဖြင့်မှန်ထဲမှ မိမိ၏ရုပ်အသွင်ကို စေ့စေ့ကြည့်လျက်ဆုံးမစကားပြောပြီး မတည်မငြိမ်ဖြစ်နေသောစိတ်များကို ထိန်းတတ်လေသည်။

မက်အာသာသည် အမေရိကန်ဝက်(စ်)ပွိုင့်စစ်တက္ကသိုလ်တွင် အမှတ်အများဆုံးရရှိခဲ့သော ဗိုလ်လောင်းတစ်ယောက်ဖြစ်သည်။ ၎င်းစစ်တက္ကသိုလ်တွင်အနှစ်အစိတ်အတွင်း မက်အာသာ၏ အမှတ်ကိုစံချိန်ချိုးနိုင်သည့်ဗိုလ်လောင်းတစ်ဦးတစ်ယောက်မျှ မပေါ်ပေါက်ခဲ့ဟုဆိုလေသည်။

မက်အာသာသည် ဗိုလ်ချုပ်အဆင့်သို့ တိုးမြှင့်ပေးခြင်းခံရသောအခါ အမေရိကန်တပ်မတော်တွင် အသက်အငယ်ဆုံးဗိုလ်ချုပ်ဖြစ်ခဲ့သည်။ သူသည် ကြယ်လေးပွင့်ဗိုလ်ချုပ်ကြီးအဖြစ် နှစ်ကြိမ်တိုင်ခန့်အပ်ခြင်းခံရသည့် ပထမဦးဆုံး အမေရိကန်ဗိုလ်ချုပ်ကြီးလည်း ဖြစ်သည်။

အသက်ငယ်ရွယ်သူများကို ကျောင်းအုပ်အဖြစ် ခန့်ထားလေ့မရှိသော ဝက်(စ်)ပွိုင့်စစ်တက္ကသိုလ်တွင် အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ပထမဦးဆုံး ကျောင်းအုပ်အဖြစ် အမှုထမ်းခွင့်ရခဲ့သူလည်းဖြစ်လေသည်။

အမေရိကန်စစ်သမိုင်းတစ်လျှောက် စစ်ပွဲအသီးသီးတွင်တပ်သားများ၊ တပ်မှူးများ၊ စစ်သူကြီးများစသည့် လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသည့်စစ်သည်ကျော်ကြီးများသာ အမေရိကန်ပြည်ထောင်စု၏စစ်ဘက်ဆိုင်ရာဆုတံဆိပ်ကြီးများကို ဆွတ်ခူးခဲ့ကြသည်ကားမှန်၏။ သို့တစေ စစ်ဘက်ဆိုင်ရာဆုတံဆိပ်များကို မက်အာသာလောက်မည်သည့်အမေရိကန်စစ်သည်ကျော်မျှဆွတ်ခူးနိုင်ခဲ့သူမရှိဟု ဆိုလေသည်။ ဤသို့မိမိနိုင်ငံမှ ချီးမြှင့်သောဆုတံဆိပ်များသာမကအခြား(၁၀)နိုင်ငံမှ အစိုးရများကပေးအပ်ချီးမြှင့်သောဆုတံဆိပ်များသည်လည်း မက်အာသာ၏ရင်ဘတ်တွင် ချိတ်စရာနေရာမရှိလောက်အောင် များပြားလှသည်ဟုဆိုပေသည်။

ထိုမျှမက မက်အာသာတွင် သူမတူသောထူးခြားချက်များရှိသေး

mgyoe.com

mgyoe.com

သည်။ ယင်းတို့ကား မက်အာသာသည် ဖိလစ်ပိုင်အစိုးရမှခန့်အပ်သည့် ပထမဦးဆုံးသော အမေရိကန်စစ်သူကြီးဖြစ်ခြင်း၊ မဟာမိတ်ကြည်း၊ ရေ၊ လေ စစ်လက်ရုံးသုံးခုစလုံးကို အုပ်ချုပ်နိုင်ခွင့်ရသည့် ပထမဦးဆုံးသော အမေရိကန်စစ်သူကြီးဖြစ်ခြင်း၊ ဗိုလ်ချုပ်ကြီးဂရန့်၏ နောက်ပိုင်းတွင် အသက်အငယ်ဆုံးနှင့် အဆင့်အတန်းအမြင့်ဆုံး ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်လျက် အမေရိကန်ပြည်ထောင်စု၏ စစ်ဘက်ဆိုင်ရာ အဆင့်အတန်းအမြင့် ဆုံးဖြစ်သည့် စီ–အမ်–အိပ်(ချ်)ဆုတံဆိပ်ကြီးကို ပထမဦးဆုံးအကြိမ်ရရှိသောဗိုလ်ချုပ်ကြီးဖြစ်ခြင်း၊ ဖိလစ်ပိုင်အစိုးရ၏ စစ်အကြံပေးအရာရှိဖြစ်သည့်အလျောက် ကမ္ဘာပေါ်တွင်လစာအမြင့်ဆုံးရရှိသည့် စစ်အကြံပေးအရာရှိဖြစ်ခြင်း စသည့် ထူးခြားချက်များပင်ဖြစ်ပေသည်။

သူသည် အမေရိကန်တပ်မတော်တွင်အငယ်ဆုံးစစ်ဦးစီးချုပ်ဖြစ်လျက် (၄)နှစ် တစ်ကြိမ်ပြန်လည်ရွေးချယ်တင်မြှောက်လေ့ရှိသော ၎င်းစစ်ဦးစီးချုပ်ရာထူးကို(၄)နှစ်စေ့မြောက်သောအခါ ဒုတိယအကြိမ်ထပ်မံရွေးချယ်ခြင်းခံရသည့် စစ်ဦးစီးချုပ်တစ်ယောက်လည်းဖြစ်လေသည်။

အဆုံးဆိုရချေသော် အမေရိကန်တပ်မတော်ရာဇဝင်တွင် မက်အာသာကဲ့သို့ ထူးချွန်သည့်စင်မှုထမ်းများရှိသေးသည်လား၊ သို့မဟုတ် ရှိခဲ့ဖူးသည်လားဟူ၍ မေးငြားအံ့၊ မရှိဟူ၍သာဖြေရမည်ဖြစ်သည်။

မှန်သည်။ အမေရိကန်တပ်မတော်တွင် မက်အာသာကဲ့သို့သော ဗိုလ်ချုပ်ကြီးမျိုးမက်အာသာတစ်ယောက်သာလျှင် ရှိပေသည်။

ပထမကမ္ဘာစစ်ကြီးအတွင်း၌ ပြင်သစ်ပြည်၊ စိမ့်မီးဟေလ်မြို့သို့ အမေရိကန်တပ်များအလုံးအရင်းနှင့် စတင်ဝင်ရောက်စဉ်က မက်အာသာမှာ အပြင်းဖျားလျက်ရှိသည်။ ယင်းသို့အပြင်းဖျားနာလျက်ဖြင့်ပင် နောက်တစ်နေ့၌ အမှတ်(၈၄)၊ တပ်ရင်းကိုကွပ်ကဲဦးစီး၍ တိုက်ပွဲဝင်ရန်ဆုံးဖြတ်ထားခဲ့သည်။ သို့ဖြင့် မက်အာသာသည် သူ့တပ်သားနှစ်ယောက်ကိုခေါ်ကာ တိုက်ပွဲဝင်မည့် အချိန်သို့တိုင်ပါလျက်မိမိအား လူနာတင်ကပ်ဖြင့် ရှေ့တန်းစစ်မျက်နှာသို့ သယ်ယူသွားရန် အမိန့်ပေးခဲ့လေသည်။ ဤသို့မက်အာသာ သည်ဖျားနာလျက်ဖြင့်ပင် လူနာကပ်ပေါ်မှနေ၍ တိုက်ပွဲဝင်ခဲ့သူဖြစ်ပေ သည်။

ထို့ကြောင့်ပင် ကွယ်လွန်သူဗိုလ်ချုပ်ကြီး ပွန်ဆင်က "ဗိုလ်ချုပ်ကြီး

mgyoe.com

mgyoe.com


မက်အာသာဟာ ဘယ်တော့မှအိပ်ရာပေါ်မှာနာဖျားလို့ သေမယ့်လူမဟုတ်ဘူး" ဟူ၍ဝေဖန်ပြောဆိုခဲ့ခြင်းဖြစ်ပေသည်။

မက်အာသာသည် ပထမကမ္ဘာစစ်ကြီးအတွင်းက ရှေ့တန်းစစ်မျက်နှာများ၌သာလျှင် အမြဲရှိနေတတ်ပြီးတပ်ခွဲတစ်ခုအင်အားဖြင့်တိုက်ခိုက်သည့်တိုက်ပွဲအသေးအမွှားကလေးမှအစ မိမိတပ်သားများနှင့်အတူလိုက်ပါတိုက်ခိုက်တတ်ခြင်းကြောင့် သူ၏အမည်မှာ တပ်သားလေးများ၏ပါးစပ်ဖျားတွင် ရေပန်းစားခဲ့လေသည်။ တစ်ကြိမ်တွင်လည်း မက်အာသာသည် ရန်သူစက်ကြီးစခန်းတစ်ခုကို ဝင်ရောက်စီးရမည့်တပ်စုကလေးတစ်စုနှင့် လိုက်ပါသွားခဲ့ပြီး သက်စွန့်ဆံဖျား ဝင်စီးခဲ့ဖူးလေသည်။

ယင်းသို့သက်စွန့်ဆံဖျား စွန့်စားတတ်ခြင်းကြောင့်ပင် ပထမကမ္ဘာစစ်ကြီးအတွင်းက မက်အာသာမှာအကြိမ်ပေါင်းမြောက်မြားစွာ အဆိပ်ဓာတ်ငွေ့များအသင့်ခံခဲ့ရပြီး နှစ်ကြိမ်အထိသေလောက်သည့် ဒဏ်ရာများ ရရှိခဲ့လေသည်။

ဤသို့စွန့်စားခြင်းကြောင့် မက်အာသာသည်(၁၃)ကြိမ်မျှ ဆုတံဆိပ်များဖြင့်ချီးမြှင့်ခြင်းခံခဲ့ရပြီး(၇)ကြိမ်မျှ သူရဲကောင်းဘွဲ့များနှင့်စစ်မှုထမ်းကောင်းလက်မှတ်များရရှိခဲ့ခြင်းဖြစ်သည်။ ယင်းဆု၊ ဘွဲ့လက်မှတ်များမှာ သူရသတ္တိကိုရည်၍ပေးသော ဆုများဖြစ်လေသည်။ ထို့ကြောင့် ၁၉၀၈ခုနှစ်အမေရိကန်စစ်ဝန်ကြီးဌာနမှ အတွင်းဝန်ချုပ်ဖြစ်သူ နယူတွန်ဒီဘေကာက "မက်အာသာဟာ ပထမကမ္ဘာစစ်ကြီးအတွင်းက အမေရိကန်ပြည်ထောင်စုရဲ့ နံပါတ်(၁) ရှေ့တန်းဗိုလ်ချုပ်ကြီးဖြစ်ခဲ့သည်"ဟူ၍ထုတ်ဖော်ပြောဆိုခဲ့ခြင်းဖြစ်သည်။

ယင်းသို့ပထမကမ္ဘာစစ်ကြီးအတွင်းက မက်အာသာသည် မိမိတပ်သားများနှင့်အတူ လက်တွဲ၍ရှေ့တန်းစစ်မျက်နှာများတွင် တိုက်ပွဲဝင်နေစဉ် အတွင်း၌မည်သည့်အခါမျှ လက်နက်စွဲကိုင်ခြင်းမပြုဘဲ တိုက်ပွဲဝင်လေ့ရှိသည် ဟုဆိုလေသည်။

တိုက်ပွဲတွင် သူစွဲကိုင်သောလက်နက်မှာမူ မြင်းစီးကြိမ်လုံးကလေးတစ်လုံးသာလျှင်ဖြစ်သည်။

မက်အာသာသည် ဤသို့တိုက်ပွဲတွင် လက်နက်စွဲကိုင်ခြင်းမပြုဘဲမိမိတပ်ရှေ့မှရဲရဲဝံ့ဝံ့ချီတက်တိုက်ခိုက်ပြလျှင်ဖြင့် မိမိတပ်သားများ၏တိုက်စိတ်ကိုမြှင့်တင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ရင်းစွဲရှိသည့်အရေးအတတ်သူပါဝင်

mgyoe.com

mgyoe.com


ဆင်နွှဲခဲ့သော တိုက်ပွဲတိုင်း၌အခွင့်ပေါ်လျှင်ပေါ်သလို တပ်သားများနမူနာယူလောက်အောင် လက်စွမ်းပြတိုက်ခိုက်တတ်လေသည်။

"မိမိတပ်သားများကို မကြောက်မရွံ့တိုက်ပွဲဝင်စေလိုလျှင် မိမိကိုယ်တိုင်ရှေ့မှနေ၍ မကြောက်မရွံ့တိုက်ပြရမည်"ဟူသည်ကား မက်အာသာ၏ စစ်ပညာဖြစ်သည်။

ယင်းယုံကြည်ချက်ကြောင့် မက်အာသာသည်မနီလာတွင် ဂျပန်လေယာဉ်များတရစပ်ဗုံးကြဲတိုက်ခိုက်နေသည့်ကြားမှ ဌာနချုပ်ဝင်းအတွင်း၌ စိုက်ထူထားသည့် အလံကိုဖြုတ်ချခြင်းမပြုဘဲ ရုံးခန်းအတွင်း၌အေးဆေးတည်ငြိမ်စွာ အလုပ်ဆက်လုပ်နေခဲ့ခြင်းဖြစ်သည်။

ဌာနချုပ်တည်ရှိရာသို့ ညွှန်ပြနေသောတလူလူလွင့်နေသည့် အလံကြောင့်ဂျပန်လေယာဉ်များသည် အနီးကပ်ထိုးဆင်းလာကြကာ မက်အာသာ၏ဌာနချုပ်အားသဲသဲမဲမဲ ပစ်ခတ်တိုက်ခိုက်ကြသည်။

သို့သော်မက်အာသာကမူ တပ်သားများစိတ်ဓာတ်ကျဆင်းမည်စိုးသဖြင့်ဌာနချုပ်ရုံးခန်းမှခွာ၍လုံခြုံရာသို့ထွက်ခွာတိမ်းရှောင်ခြင်းမပြုသကဲ့သို့ ဌာနချုပ်အတွင်းမှဂျပန်လေယာဉ်များအား လက်ယပ်ခေါ်နေသည့်အလံတော်ကိုလည်း ဖြုတ်ချခြင်းမပြုဘဲ လုပ်စရာရှိသောအလုပ်များကိုဣန္ဒြေမပျက်ဆက်လက်လုပ်ကိုင်နေခဲ့လေသည်။

ဗိုလ်ချုပ်ကြီးမက်အာသာ မကြာခဏပြောဆိုလေ့ရှိသောစကားမှာ "သေမှာမကြောက်သောသူများသာလျှင် အသက်ရှင်ထိုက်သူများဖြစ်သည်"ဟူ၏။

မက်အာသာ၏ ထူးခြားသောအရည်အသွေးတစ်ရပ်မှာ သူကိုယ်တိုင်ရှေ့ဆောင်ရှေ့ရွက်ပြုလုပ်ပြခြင်းအားဖြင့် ၎င်း၏တပ်သားများကို အမြဲတစေစိတ်ဓာတ်တက်ကြွနေစေခြင်းပင် ဖြစ်သည်။ မက်အာသာအုပ်ချုပ်ရသောတပ်များမှတပ်သားများ၏ စိတ်ဓာတ်ရေးအခြေအနေကိုစစ်ဆေးလျှင် အမြဲတစေတက်ကြွလန်းဆန်းနေသည်ကို တွေ့ရမည်ဖြစ်သည်။

"ဖိလစ်ပိုင်ကျသည်ကို ကျွန်ုပ်မြင်ခဲ့ရသည်"ဆိုသော စာအုပ်ကိုရေးသားပြုစုခဲ့သူလည်းဖြစ်သကဲ့သို့ ဗိုလ်ချုပ်ကြီးမက်အာသာ၏ပုဂ္ဂလိကတပ်ရေးလည်းဖြစ်ခဲ့ဖူးသော ဗိုလ်မှူးကြီးကာလို့(စ်)ရိုမူလိုကမူ ဗိုလ်ချုပ်ကြီးမက်အာသာသည် ဘက်တန်၌တိုက်ပွဲများပြင်းပြင်းထန်ထန်ဖြစ်ပွားနေစဉ်

mgyoe.com

mgyoe.com


အတွင်း သံခမောက်ပင်မဆောင်းဘဲရန်သူ့ကျည်ဆန်များမိုးသီးမိုးပေါက်ပမာ ကျဆင်းနေသည့်ရှေ့တန်းစစ်မျက်နှာများ၌ ဥဒဟိုဝင်ထွက်သွားလာနေတတ်သည်ဟု ပြောပြခဲ့ဖူးလေသည်။

သို့သော် မက်အာသာသည်မိမိကိုယ်တိုင်သံခမောက်ဆောင်းရန်ငြင်းဆန်ခဲ့သော်လည်း တပ်သားများကိုမူ"သံခမောက်မဆောင်း မနေရ"ဟူသော အမိန့်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

မက်အာသာသည် ဤနယ်ရန်သူ့အမြောက်ဆန်များကို ကာကွယ်ရန်သံခမောက်မျှပင် မဆောင်းဘဲရှေ့တန်းစစ်မျက်နှာများတွင် ဥဒဟိုဝင်ထွက်သွားလာခဲ့ခြင်းကို အဓိပ္ပာယ်မဲ့စွန့်စားသည်ဟူ၍မှတ်ယူလျှင်မူ အမှားကြီးမှားပေလိမ့်မည်။

စင်စစ်မက်အာသာသည် စစ်သားများ၊ စိတ်ဓာတ်တက်ကြွလာစေရန်အတွက်သာလျှင် မိမိအသက်ကိုပင် ပဓာနမထားဘဲတပ်သားများနမူနာယူလောက်သည့် စွန့်စားနည်းမျိုးဖြင့် စွန့်စားပြခဲ့ခြင်းသာဖြစ်သည်။

မက်အာသာသည် တစ်နေ့တွင်ဘက်တန်ရှေ့တန်းစစ်မျက်နှာရှိ တပ်စခန်းတစ်ခုအား စစ်ဆေးနေခိုက်ရုတ်တရက် ရန်သူ့အမြောက်ဆန်များ ကျလာသဖြင့် မက်အာသာ၏ကိုယ်ရံတော်တစ်ယောက်က ၎င်း၏ဆောင်းထားသည့် သံခမောက်ကိုချွတ်လျက် ဗိုလ်ချုပ်ကြီးမက်အာသာ၏ဦးခေါင်းပေါ်သို့လှမ်း၍ ဆောင်းပေးလိုက်ရာ မက်အာသာကသံခမောက်ဆောင်းပေးရန်လှုပ်ရှားလိုက်သည့် ကိုယ်ရံတော်တပ်သားကလေး၏ လက်ကိုပုတ်ချလိုက်သည်။ ထိုတဒင်္ဂ၌ပင် ရုတ်တရက်ကျလာသောရန်သူ့အမြောက်ကျည် ဆန်တစ်စသည် ထိုကိုယ်ရံတော်တပ်သား၏ သံခမောက်ကိုင်ထားသော လက်အားထိမှန်သွားခဲ့လေသည်။

တစ်နေ့တွင်လည်း ဗိုလ်ချုပ်ကြီးမက်အာသာသည် ပန်းခြံတစ်ခုတွင်ထိုင်နေခိုက်ဂျပန်လေယာဉ်များ မြေပြင်သို့အနီးကပ်ထိုးဆင်းလာသဖြင့် ထိုင်ရာမှထကာခြေတစ်လှမ်းချင်းလှမ်းလျက်အနီးရှိဖုံးကျင်းတစ်ခုဆီသို့ အေးဆေးတည်ငြိမ်စွာလျှောက်သွားခဲ့သည်။ ထိုအခြင်းအရာကိုမြင်လိုက်ရသောမိတ်ဆွေတစ်ယောက်က စိုးရိမ်စိတ်ဖြင့် ခပ်သွက်သွက်လျှောက်ပါရန် မက်အာသာအား တိုက်တွန်းလိုက်သည်။

mgyoe.com

mgyoe.com


ထိုအခါမက်အာသာက မိမိအတွက်သောကမကင်းဖြစ်နေသောမိတ်ဆွေဘက်သို့ လှည့်ကာ"အသက်ရှင်နေတဲ့ဘယ်ဂျပန်တစ်ကောင်မှကျုပ်ကို မြန်မြန်သွားအောင် မလုပ်နိုင်ဘူးဗျ"ဟုဆိုခဲ့လေသည်။

ဗိုလ်မှူးကြီးရိုမူလိုသည် ဘက်တန်တိုက်ပွဲများအတွင်း၌ဖိလစ်ပိုင်စစ်သားများအား မည်သည့်အကြောင်းကြောင့် စစ်တိုက်ကြသည်ကိုလည်းကောင်း၊ မည်သည့်တိုင်းပြည်ကိုကိုယ်စားပြု၍စစ်တိုက်ကြသည်ကိုလည်းကောင်း မေးခဲ့ဖူးပေရာသူတို့ဖြေသောအဖြေမှာ ... သူတို့စစ်တိုက်နေကြခြင်းသည်ဖိလစ်ပိုင်သမ္မတကြီးအတွက်နှင့် ဗိုလ်ချုပ်ကြီးမက်အာသာအတွက်ဖြစ်သည်ဟူ၍ ပြောကြားခဲ့ကြလေသည်။

မှန်သည်။ ဖိလစ်ပိုင်စစ်သားများအနေနှင့် မက်အာသာကိုကျော်လွန်၍အမေရိကန်ပြည်ထောင်စုကြီးကို အထူးမြင်နေကြရန်မလိုပေ။

သူတို့နှင့်လက်တွဲလျက်၊ သူတို့နှင့်ရင်ပေါင်တန်းလျက်၊ ရှေ့တန်းတွင်ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်နေသည့်မက်အာသာကဲ့သို့သော ဗိုလ်ချုပ်တစ်ယောက်ကိုကျော်လွန်လျက် သူတို့အနေဖြင့် အဘယ်သို့လျှင်အမေရိကန်ပြည်ကို ကိုယ်စားပြုတိုက်ပွဲဝင်နေပါသည်ဟု ပြောကြားနိုင်ပါအံ့နည်း။

စစ်အေးကာလအတွင်း၌ ဗိုလ်ချုပ်ကြီးမက်အာသာကို မည်သူမဆိုအချိန်မရွေးတွေ့ခွင့်ရှိသည်။ ဌာနချုပ်သို့လာရောက်၍ဗိုလ်ချုပ်ကြီး မက်အာသာအားတွေ့ဆုံခွင့်တောင်းခဲ့ကြသူများအနက် တပ်မတော်တွင် အမှုထမ်းနေသည့်သားကလေးအတွက် စိတ်မအေးနိုင်သဖြင့် ဗိုလ်ချုပ်ကြီးမက်အာသာထံ အကြံဉာဏ်များတောင်းရန်သော်လည်းကောင်း၊ သို့မဟုတ် ထိုသားကလေးအားဗိုလ်ချုပ်ကြီးထံတွင် အပ်နှံရန်အတွက်လည်းကောင်း ရောက်ရှိလာသောဖိလစ်ပိုင်အမျိုးသား တောင်သူလယ်သမားကျောမွဲကြီးများလည်း ပါဝင်ခဲ့ပေသည်။

ဤသို့မက်အာသာသည် မိမိအားလာရောက်တွေ့ဆုံသောလူ့အောက်ဆုံးလွှာဖိလစ်ပိုင်တောင်သူလယ်သမားကျောမွဲကြီးများ ရုံးခန်းတွင်းသို့ဝင်လာသောအခါထိုင်ရာမှမတ်တတ်ရပ်လျက် ဖော်ရွေချောင်စွာဆီးကြို၍လည်းကောင်း၊ ဧည့်သည်များအပြန်တွင် ဧည့်သည်နှင့်အတူတံခါးပေါက်အထိ လမ်းလျှောက်လိုက်ကာ နှုတ်ဆက်၍လည်းကောင်း ပြုလုပ်လေ့ရှိသည်။ထိုနှယ်

mgyoe.com

mgyoe.com


လူတန်းစားမရွေးဖော်ရွေစွာ ဆက်ဆံတတ်ပြီးတောင်သူလယ်သမားကြီးများပါ မကျန်လက်ခံတွေ့ဆုံလေ့ရှိသောကြောင့် ဗိုလ်ချုပ်ကြီးမက်အာသာအား ဖိလစ်ပိုင်စစ်သားများက လေးစားကြည်ညိုခဲ့ကြခြင်းလည်း ဖြစ်ပေသည်။

မက်အာသာသည်တပ်သားများ၏ နာမည်ကိုအထူးမှတ်မိသူဖြစ်ပြီး တပ်သားများကို ပထမနာမည်ဖြင့်ရင်းရင်းနှီးနှီးဆက်ဆံတတ်သည့်အပြင် တပ်သားများ၏ အလေးပြုခြင်းကိုခံယူသောအခါများ၌လည်းပြန်လည်ပြုံး ပြတတ်သည်ဟူ၍ဗိုလ်မှူးကြီးရှိမူလိုက ပြောခဲ့ဖူးလေသည်။

မက်အာသာသည်တပ်မတော်၏ ဦးစီးချုပ်တာဝန်ကိုထမ်းဆောင်နေစဉ်တပ်မတော်အုပ်ချုပ်ရေးလုပ်ငန်းများကိုနိုင်နင်းကျွမ်းကျင်သူအဖြစ်ထူးချွန်သည့်အုပ်ချုပ်ရေးအရည်အသွေးကိုပြသနိုင်ခဲ့သလို အနာဂတ်စစ်မက်ရေးရာများကိုကြိုတင်တွေးခေါ်မြော်မြင်နိုင်စွမ်းသည့် စစ်ပညာရှင်တစ်ယောက် အဖြစ်လည်းထင်ရှားခဲ့ပေသည်။

မက်အာသာသည် ပထမကမ္ဘာစစ်ကြီးမဖြစ်ပွားမီနှစ်ပေါင်းအတန်ငယ် ကြာကပင် နှစ်အနည်းငယ်အတွင်းဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလိမ့်မည် ဟူ၍လည်းကောင်း၊ ယင်းစစ်ပွဲကြီးသည်ဖြစ်ပွားခဲ့သော စစ်ပွဲများနှင့်လုံးဝခြားနားသောစစ်ပွဲကြီးဖြစ်လျက်၊ ၎င်းစစ်ပွဲကြီးတွင်အသုံးပြုမည့် တိုက်ခိုက်ရေးယာဉ်များသည်လည်း တစ်မိနစ်လျှင်တစ်မိုင်ခန့်ပြေးမည့်တင့်ကားကြီးများနှင့် တစ်နာရီလျှင်မိုင်(၄၀၀)ခန့်ပျံသန်းနိုင်မည့် လေယာဉ်များဖြင့် တိုက်ခိုက်လိမ့်မည် ဟူ၍လည်းကောင်း၊ ကြိုတင်ဟောကိန်းထုတ်နိုင်ခဲ့ရုံမျှမက ဂျပန်နှင့်ဂျာမနီသည် ကမ္ဘာကြီးတစ်ခုလုံးကိုသိမ်းပိုက်ရန်စစ်ပြင်နေကြသည်ဟူ၍လည်း အမေရိကန် ပြည်ထောင်စုကြီးအား အကြိမ်ကြိမ်သတိပေးခဲ့ဖူးလေသည်။

အကယ်၍သာ အမေရိကန်ပြည်ထောင်စုက မက်အာသာ၏သတိပေးစကားများကိုအလေးပေး စဉ်းစားခဲ့ပြီးအမေရိကန်တပ်မတော်ကို ယန္တရားတိုက်ခိုက်ရေးယာဉ်များတပ်ဆင်ရန်တောင်းဆိုခဲ့သည့် မက်အာသာ၏ တောင်းဆိုချက်ကိုခွင့်ပြုခဲ့လျှင်ဂျပန်တို့အနေဖြင့် မည်သည့်နည်းနှင့်မျှပုလဲဆိပ်ကမ်းကိုလေကြောင်းမှအလစ်ဝင်၍ တိုက်ခိုက်နိုင်ခဲ့သည့် အခွင့်အရေးများကိုရရှိခဲ့လိမ့်မည်မဟုတ်ဟူ၍ပင် စစ်ပညာရှင်များကဝေဖန်ပြောဆိုခဲ့ကြလေသတည်း။


mgyoe.com

mgyoe.com

# ဗိုလ်ချုပ်ကြီး မက်အာသာ

(စစ်ရေး)

–တစ်ချိန်တည်း စကားနှစ်မျိုးပြောတတ်သောဗိုလ်ချုပ်လော ...
–အသက်ပေါင်းများစွာကိုအချည်းနှီးသေစေခဲ့သော ဗိုလ်ချုပ်လော

၁၉၄၂–ခုနှစ်၊ နိုဝင်ဘာလအတွင်း၌ အမေရိကန်သတင်းစာများတွင် နေ့စဉ်ရက်ဆက်ဆိုသလို ဗိုလ်ချုပ်ကြီးမက်အာသာအားခေါင်းကြီးပိုင်းတင်၍ ချီးကျူးဂုဏ်ပြုနေသည်ကို တွေ့မြင်ရပေသည်။

ယင်းသို့တစ်ဖက်တွင်ဗိုလ်ချုပ်ကြီးမက်အာသာအား ချီးကျူးဂုဏ်ပြုနေခိုက် ဗိုလ်ချုပ်ကြီးမက်အာသာစေရာသို့ သွားခဲ့ရသဖြင့်နယူးဂီနီနွန်းမြေထဲတွင် ရက်သတ္တ(၆)ပတ်တိုင်ရုန်းနေကြရသည့် အမှတ်(၃၂)တပ်မမှတပ်သားသစ်များက ယင်းဗိုလ်ချုပ်ကြီးအားရင့်ရင့်သီးသီး ကျိန်ဆဲနေကြသည်ကိုမူ အမေရိကန်သတင်းစာများက သိလည်းသိခဲ့ဟန်မတူ၊ ရေးသားဖော်ပြခဲ့ခြင်းလည်းမပြုခဲ့ပေ။

မှန်သည်။ အမှတ်(၃၂)တပ်မမှ တပ်သားများ၏စစ်ဝတ်စုံများမှာ ဖွာရရာကြဲနေပြီး သူတို့၏စစ်ဖိနပ်တို့သည်သားရေစစ်စစ်မှ ရေမြှုပ်အသွင်သို့ကူးပြောင်းသွားခဲ့ကြလေပြီ။ သူတို့၏ ခန္ဓာကိုယ်တွင်လည်း ဒဏ်ရာတို့ဖြင့်ဗရပွဖြစ်နေ၏။ ငှက်ဖျား၊ ဝမ်းဖောဝမ်းယောင်၊ ဝမ်းကိုက်၊ ဝမ်းပျားစသည်ရောဂါဆိုးတို့ဖြင့် စွဲကပ်လျက်လည်းရှိသည်။

mgyoe.com

m gyoe.com

သို့သော် သူတို့တွင်ကပ်ငြိနေသည့်ရောဂါဆိုးတို့ကို ကုစားရန်ဆေးဝါးဟူ၍မပါ။ ရွှံ့နွံကိုရုန်းရင်းတဖိုင်းဖိုင်း လဲနေကြ၏။ လဲရာ၌ပင်သေပွဲဝင်နေကြ၏။

သို့ဖြင့် နယူးဂီနီနုန်းမြေပေါ်တွင်အမှတ်(၃၂)၊ တပ်မမှတပ်သားတို့၏အလောင်းများသည်နေရာအနှံ့ပြန့်ကြဲလျက်ရှိလာရသည်။

သူတို့၏မျက်နှာများတွင်ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေးတို့ဖြင့် မြင်မကောင်းအောင်ရှိပြီးကိုယ်လည်းပန်းရုံမက အာဟာရလည်းချို့တဲ့နေပြီဖြစ်သည်။ သူတို့၏ တစ်နေ့တာရိက္ခာသည် လူတစ်ယောက်စာ ရိက္ခာ၏သုံးပုံတစ်ပုံနှင့်ဆန်ပြုတ်(၂)ဇွန်းဖြစ်သည်။

ခရီးအစတွင်မိုးကြီးသည်းထန်းစွာ ရွာခိုက်ချိခဲ့သည်။ ခရီးအလယ်၌ မိုးကြောင့်ဖြစ်သောရွှံ့နွံတွင် ရုန်းနေကြရလေပြီ။

နယူးဂီနီနုန်းမြေသည် တောကောင်းသလောက်ရေမှုားသည်။ရေများသလောက်ရွှံ့နွံပေါသော တောလည်းဖြစ်သည်။

သို့သော်အမှတ်(၃၂)တပ်မသည်ရင်ညွှန့်ခန့်ရှိသောချုံနွယ်တို့ကို ခုတ်ထွင်ရှင်းလင်းရန်ဓားမပါသည်တွင် ရင်ဖြင့်တိုး၍လည်းကောင်း၊ လက်ဖြင့်တွန်းဖယ်၍လည်းကောင်း ဆက်လက်ချီတက်နေဆဲပင်ဖြစ်သည်။

အပူကဲသော ရာသီဥတုတွင်ထူထဲသော တောတွင်းဝတ်စုံများကိုဝတ်ဆင်ထားသဖြင့် နေလောင်ဖုများပေါ်လာပြန်သည်။ တောတိုးရသဖြင့်တောပုရွက်နှင့်ခါချဉ်များ၏ အကိုက်အခဲကိုခံရပြန်လေရာ အနာမဲ့သောသူဟူ၍မရှိသလောက်ဖြစ်လာရသည်။

ယင်းသို့ရွှံ့ကမ္ဘာကြီးထဲတွင်  ရုန်း၍တစ်နေ့တာကုန်လွန်ပြန်လျှင်လည်းအိပ်စက်ခွင့်ရခဲ့သည်ကားမဟုတ်။ တောခြင်ကြီးများနှင့်တောကြွက်ကြီးများ၏ရန်ကိုခုခံရင်း တစ်မိုးသောက်ရပြန်သည်။ ကာယကံမြောက်ကြုံဆုံနေရသည့်ဒုက္ခဘုံကြီးကိုတဒင်္ဂအာရုံပြောင်းယူနိုင်မည့် စိတ်ဖြေစရာဟူ၍လည်းဆေးလိပ်ပင်ရှူဖွာစရာမရှိ။  တပ်တွင်ပါသမျှစီးကရက်များသည်မိုးကြီးခဲ့စဉ်ကမိုးထဲပါသွားခဲ့ပြီးဖြစ်သည်။

ဤသို့အမှတ်(၃၂)တပ်မအားအရှင်လတ်လတ်ငရဲပြည်ပို့ခဲ့သူမှာဗိုလ်ချုပ်ကြီးမက်အာသာပင်တည်း။

mgyoe.com

mgyoe.com


အမှတ်(၃၂)တပ်မ နယူးဂီနီနန်းမြေကိုဖြတ်ကျော်နေခြင်းသည် ဗိုလ်ချုပ်ကြီးမက်အာသာ၏အမိန့်ဖြင့် ပက်ပေါမြောက်ဘက်ကမ်းရိုးတန်းဖြစ်သည့် ဘူနာမြို့နှင့်ဂိုနာမြို့အကြား ပင်လယ်ကမ်းခြေတွင် တပ်စွဲထားသော ဂျပန်များကို တိုက်ထုတ်ပစ်ရန်ဖြစ်သည်။

သို့သော် အခိုင်အမာတပ်စွဲပြီး ခံစစ်ပြုနေသည့်ဂျပန်များကိုတိုက်ထုတ်ရန်စစ်ချီလာခဲ့သော တပ်မသည်ဒေါ်သအလျောက်ပင် သေနတ်တစ်ချက်ပစ်ဖောက်ခဲ့ဖူးခြင်း မရှိသေးသောအရေးပေါ်တပ်သားသစ်များဖြင့် ဖွဲ့စည်းထားသည့် မြို့ပြကာကွယ်ရေးတပ်အဆင့်သာလျှင်ရှိသည်။ ယင်းတပ်သားသစ်များသည် တောတွင်းတိုက်ပွဲအတွေ့အကြုံမရှိရုံမျှသာမက တောတွင်းဗျူဟာလေ့ကျင့်ရေးသင်တန်းပင် တက်ခဲ့ဖူးသူများမဟုတ်ပေ။

နောက်ဆုံး ဘူနာမြို့ဂျပန်ခံစစ်ကြောင်းအစပ်သို့ ချဉ်းကပ်မိခဲ့သော အခါတပ်မတစ်တပ်လုံးတွင် ရောဂါသည်များ၊ ဒဏ်ရာရနေသူများ၊ အာဟာရချို့တဲ့၍ အားအင်ချည့်နဲ့နေသူများနှင့်အပြည့်ဖြစ်နေလေတော့သည်။

သို့သော်ချက်ချင်းတပ်ဖြုတ်ပြီး တစ်တပ်လုံးလူလဲပစ်ရတော့မတတ်ကျန်းမာရေးချို့တဲ့နေသည့် တပ်သားများအားအရာရှိများက ဘူနာတွင် ဂျပန်အနည်းငယ်မျှသာရှိကြောင်း သေနတ်တစ်ချက်နှစ်ချက်ပစ်ဖောက်ရုံဖြင့်ပင် ဂျပန်များကိုမောင်းထုတ်နိုင်မည်ဖြစ်ကြောင်း အာမခံချက်များပေးကာ ဆက်လက်ချီတက်ရန် အမိန့်ပေးနေဆဲပင်ဖြစ်သည်။

ဤကား အရာရှိများ၏တစ်ဖက်စကားမျှသာဖြစ်သည်။

ဘူနာတွင် သူတို့အလာကိုအသင့်စောင့်နေသော ဂျပန်တပ်တွင် တိုက်ရည်ဝ ဂျပန်စစ်သားကြီး(၃၀၀၀)ခန့်ပါဝင်ပြီး ဆုတ်ရန်လည်းမြေမရှိ၊ တပ်ပြောင်းရန်လည်းမျှော်လင့်ချက်မရှိသဖြင့် တပ်စွဲမိသည့်နေရာ၌ပင် နောက်ဆုံးတစ်ယောက်ကျန်သည်အထိ တိုက်ခိုက်ရန်သန္နိဋ္ဌာန်ချထားသည့် တပ်ဖြစ်သည်။

ဂျပန်တို့သည်၊ ယင်းသို့'တစ်ယောက်မကျန် အလံမလှဲစတမ်း'ခုခံနိုင်ရန်လည်း လပေါင်းများစွာကပင် အချိန်ယူ၍ ကတုတ်ကြီးများနှင့်မြေအောက်လိုဏ်ဂူကြီးကို သံမဏိယက်မကြီးများဖြင့် တန်းထိုး၍ လည်းကောင်း၊ အုန်းပင်ပင်စည်များဖြင့် အထပ်ထပ်ကာရံ၍လည်းကောင်း၊ လိုအပ်သော

mgyoe.com

နေရာများတွင် ကွန်ကရစ် ကိုင်လိုကိုင်၊ လောင်းလိုလောင်း၍သော်လည်းကောင်း၊ အခိုင်အခံ့ဆောက်ထားပြီးဖြစ်သည်။ ဝက်ပါလိုဏ်ဂူများနှင့် လေးဖက်လေးတန်အနက်တူးထားသည့်ဆက်သွယ်ရေး ကတုတ်ကျင်းများကိုလည်း တစ်ဖက်မှ ဝင်လျှင်တစ်ဖက်သို့ထွက်နိုင်ရန်ဆက်သွယ်ထား၏။

ကတုတ်နှင့် သေနတ်စခန်းတိုင်း၌ လူအင်အား၊ လက်နက်အင်အား အလုံအလောက်ဖြည့်ထားကာ ရန်သူမည်သည့်အရပ်မှဝင်ရောက်တိုက်ခိုက်သည်ဖြစ်စေ၊ အမြောက်၊ စိန်ပြောင်းနှင့် စက်သေနတ်များကိုရွှေ့ပြောင်းနေရာချထားရန် မလိုဘဲအရပ်မျက်နှာတိုင်းသို့ ပစ်ခတ်တိုက်ခိုက်ရန်စီစဉ်ထားလေသည်။

ဂျပန်များသည် ရန်သူ့လေကြောင်းရန်နှင့်ရေကြောင်းမှ ဝင်ရောက်လာမည့်ရန်သူ့ရေတပ်ရန်ကိုပါ ကာကွယ်ရန်ပြင်ဆင်ထားပြီး လူသူမဖြတ်သန်းနိုင်သည့် နွံအိုင်ကြီးမှပင် ဝင်ရောက်လာမည့်ရန်သူများအတွက်ကိုပင် ထည့်သွင်းစဉ်းစားပြီးဖြစ်သည်။

ယင်းသို့အခိုင်အမာ ရန်သူ့ခံတပ်စခန်းကြီးအား တိုက်ခိုက်မည့် ဗိုလ်ချုပ်ကြီးမက်အာသာ၏ စစ်ဆင်ရေးအစီအစဉ်ကား အမှတ်(၇) ဩစတေးလျံတပ်မက ဘူနာအနောက်ဘက်မိုင်အတန်ငယ်ဝေးသော ပင်လယ်ဆိပ်ကမ်းမြို့ကလေးတစ်မြို့ဖြစ်သည့် ဂိုနာမှဂျပန်များအားထိုးစစ်ဆင်နေစဉ် အမှတ်(၃၂) တပ်မမှ တပ်မဟာနှစ်တပ်က ဘူနာကိုတိုက်ခိုက်ရမည်ဖြစ်သည်။ သို့သော် ထိုအစီအစဉ်မှာ ဗိုလ်ချုပ်ကြီးမက်အာသာ၏ပထမအစီအစဉ်ဖြစ်သည်။ ဂိုနာသို့ရောက်၍ရန်သူကို တိုက်ရတော့မည်အချိန်သို့ ရောက်သောအခါအမှတ် (၃၂)တပ်မမှူးဗိုလ်ချုပ်ဟာဒင်သည် တပ်မဟာနှစ်တပ်ကိုပင် အပြည့်အဝသုံးခွင့်မရဘဲနောက်ဆုံးရောက်ရှိလာသော ဗိုလ်ချုပ်ကြီးမက်အာသာ၏ အမိန့်ဖြင့် လက်ယာတောင်ပံတွင်ရှိသော ဩစတေးလျံတပ်မသို့ တပ်ရင်း(၂)ရင်း အကူပေးလိုက်ရသည်။

အဆိုးဝါးဆုံးမှာ တပ်တွင် စစ်ဆင်ရေးအတွက်လိုအပ်သည့်လက်နက်ကိရိယာချို့တဲ့ခြင်းပင်ဖြစ်သည်။ တပ်မှအင်ဂျင်နီယာများမှာလက်နက်ကိရိယာမရှိသဖြင့် လက်ချည်း သက်သက် အလုပ်လုပ်နေရ၏။ တပ်တွင် ပါလာသမျှကြိုးမဲ့ကြေးနန်းစက်များလည်း ပျက်နေ၏။ တပ်ထွင် ခေတ်မီသေနတ်နှင့်ဟူ၍

mgyoe.com

mgyoe.com

ကာဘိုင်သေနတ်တစ်လက်ပင်မရှိ။ ရေတောမိုးတောတိုးခဲ့ရသဖြင့် သံချေးကိုက်နေသည့်သေနတ်များကို တိုက်ချွတ်နိုင်ရန်သေနတ်ဆီပင်မရှိဖြစ်နေရာ ပါလာသမျှ စိန်ပြောင်းကြီးငယ်များနှင့်မောင်းပြန်သေနတ်အားလုံးလိုလိုပင် ရုတ်တရက်အသုံးပြု၍မဖြစ်အောင် သံချေးကိုက်နေပြီဖြစ်သည်။

မည်သို့ဖြစ်စေ ဗိုလ်ချုပ်ကြီးမက်အာသာ အလိုရှိနေသည်မှာအောင်ပွဲပင်တည်း။

အမှတ်(၃၂)တပ်မသည် ဘူနာရှိဂျပန်အဝေးကင်းစခန်းများအတွင်းသို့အဝင်ပွဲဦးထွက် တိုက်ပွဲတွင်ပင် အဘက်ဘက်မှပြေးဝင်လာသော ရန်သူ့ကျည်ဆန်မိုးကြောင့် အပြေးဝင်လာသူကို ရင်ဝဆီးအကျောက်ခံလိုက်ရသူပမာရုတ်တရက် ပြန်မထူနိုင်မထနိုင်အောင် အထိနာလိုက်သကဲ့သို့ အံ့အားလည်းသင့်ခဲ့ရသည်။

ဂျပန်မောင်းပြန်သေနတ်စခန်းများ၏ ရုပ်ဖျက်မှုမှာပိပိရိရိရှိလှသောကြောင့်အမေရိကန်တပ်သားများသည် မည်သည့်အရပ်သို့မျက်နှာမူ၍ပြန်လှန်ပစ်ခတ်ရမည်ကိုပင်မဝေခွဲနိုင်အောင် ဖြစ်နေရသည်။

ဂျပန်များက သေနတ်ပြောင်းဝမှမီးပွားကလေးများကိုပင်ပြင်ပသို့မထွက်ရန်စီမံထားကြလေရာ အမေရိကန်တပ်သားများမှာ မျက်စိသူငယ်နှင့်ဖြစ်နေရပြီး ဂျပန်မောင်းပြန်သေနတ်စခန်းများ တည်နေရာသို့မှန်းဆမရအောင်အခက်အခဲတွေ့နေရ၏။

ဤသို့ မျက်စိသူငယ်ဖြစ်နေသော အမှတ်(၃၂)တပ်သားများအားပို၍မျက်စိလည်စေရန် ဂျပန်များကမျက်လှည့်ပြထားပြန်သေး၏။ ဤသည်မှာမောင်းပြန်သေနတ်များကို စခန်းတစ်နေရာမှစခန်းတစ်နေရာသို့ပြောင်းရွှေ့ပစ်ခတ်နေပြီး လေးဖက်လေးတန်မှမောင်းပြန်သေနတ်များဖြင့်ပစ်ခတ်တိုက်ခိုက်နေလေဟန် ပြုထားခြင်းပင်ဖြစ်သည်။

ဂျပန်လက်ဖြောင့်တပ်သားများမှာလည်း နေရာအနှံ့ရှိနေကြကာပစ်မှတ်များကိုစိတ်ကြိုက် ရွေးချယ်ပစ်ခတ်နေကြသည်။

သို့နှင့် အမေရိကန်ဘက်မှ တစ်နာရီထက်တစ်နာရီ အကျအဆုံးများပြားလာလေတော့၏။ ဂျပန်များကတစ်ခါတစ်ရံ လုံးဝမပစ်မခတ်ဘဲငြိမ်သက်နေတတ်ပြီးအမေရိကန်တပ်သားများ အနီးကပ်ပစ်ကွင်းထဲသို့ဝင် ရောက်

mgyoe.com

m g

လာသည့်အထိစိတ်ရှည်လက်ရှည် စောင့်ကြသည်။ တစ်ကြိမ်တွင်မူ အမေရိကန်တပ်သားများက ကတုတ်ကျင်းများပေါ်မှဖြတ်ကျော်သွားသည့်အထိ လွှတ်ပေးခဲ့ပြီးကျွံဝင်သွားသောတပ်များကို နောက်ပိုင်းမှ ပိတ်ဆို့တိုက်ခိုက်လိုက်သည်။

"ဘူနာမှ ဂျပန်များအားသေနတ်တစ်ချက် နှစ်ချက်ပစ်ဖောက်ခြောက်လှန့်ရုံဖြင့်ပင် အနိုင်ရနိုင်ပါသည် ..."ဟူသောအသိဖြင့် ဂျပန်ခံတပ်စခန်းကြီးအားလက်လွှန်ခြေလွန်ဝင်ခဲ့မိပြီးဖြစ်သော အမေရိကန်တပ်သားများသည် မိမိတို့တက်ရောက်တိုက်ခိုက်တိုင်း တပ်လန်ကျနေရပြီးဂျပန်တို့ပစ်သမျှခေါင်းငုံ့ခံနေရသောအခါမတိုက်ခင်က အားတက်သရောဖြစ်မိခဲ့သမျှ နောင်တ ,အရကြီးရနေကြကာစိတ်ဓာတ်ကျစ ပြုလာလေတော့သည်။

အမေရိကန်တပ်သားများ စိတ်ဓာတ်ကျမည်ဆိုလည်းကျစရာပင်။ လေးဖက်လေးတန်မှ အပြေးဝင်လာနေကြသည့်ရန်သူ့ကျည်ဆန်များ၏ရန်ကိုလွတ်လိုလွတ်ငြား မြေကျင်းများတူးမည်ပြုသောအခါ မြေကျင်းများတူး၍ကိုယ်တစ်ဝပ်စာမလွတ်ခင်မှာပင် ရေထွက်လာသဖြင့် ကိုယ်တစ်ဝပ်လွတ်သည်အထိ ဆက်မတူးဝံ့တော့ဘဲတူးမိသမျှပင် ကျင်းထဲဝင်၍ဝပ်လိုက်ကြရသည်။

ဤသို့ရေထွက်နေသည့် မြေကျင်းများတွင်ဝပ်မိပြန်သဖြင့် ကျည်ဆန်များရေစို၍ ပစ်မရအောင်ပျက်စီးရပြန်လေတော့သည်။

မည်သို့ပင်ဖြစ်စေ အမေရိကန်တပ်သားများ ကံကောင်းသည်ဟူ၍ပင်ဆိုရပေသည်။ အဘယ်ကြောင့်ဆိုသော် အမေရိကန်တပ်သားများခေါင်းမဖော်နိုင်အောင်ဖြစ်နေရခိုက် ဂျပန်တပ်များက ကတုတ်ကျင်းများမှထွက်၍အလုံးအရင်းနှင့် ထိုးစစ်မဆင်ခဲ့ခြင်းပင်ဖြစ်သည်။

သို့လျှင် ရက်သတ္တ(၂)ပတ်တိုင်တိုင် တိုက်ပွဲပြင်းပြင်းထန်ထန်ဖြစ်ပွားပြီးအမေရိကန်များဘက်မှ အကျအဆုံးများစွာနှင့်အလူးအလဲခံနေကြရသည်။ အမေရိကန်တို့သည် နေ့အခါတွင်ခေါင်းမပြူဝံ့အောင် ရှိပြီးညအခါ၌သာလျှင်ကျင်းများမှ ထွက်ဝံ့ကြသည်။

ထိုစဉ်အတွင်းအမေရိကန်တပ်များအတွက် ခဲယမ်းမီးကျောက်များကိုလေကြောင်းမှလေထီးဖြင့်ချပေးလျက်ရှိသည်။ နောက်ဆုံး ဗိုလ်ချုပ်ဟာဒင်၏မရမက ခေါ်ယူမှုကြောင့် လေကြောင်းအကူအညီရလာလေတော့သည်။

ပီ(၄၀)အမျိုးအစား မဟာမိတ်တိုက်လေယာဉ်များက ဂျပန်ကတုတ်

mgyoe.com

mgyoe.com

များကို စက်သေနတ်ဖြင့် ပစ်ပေးပြီးမကြာမီပင် အေ(၂၀)နှင့် ဘီ(၂၅)ဗုံးကြဲလေယာဉ်များက ပတ်လည်ဝိုင်းနေသည့် ဂျပန်ကတုတ်များ အလယ်သို့အစုလိုက်အပြုံလိုက် ဗုံးများသွန်ချ၍ တိုက်ခိုက်သည်။

သို့သော်ဂျပန်များသည် အခိုင်အမာဆောက်ထားသည့် မြေအောက်လိုဏ်ခေါင်းများတွင် ပုန်းခိုနေကြသဖြင့် လေကြောင်းတိုက်ခိုက်မှုမှာ ထင်သလောက်ခရီးမရောက်ဘဲ ရှိနေရုံမကဂျပန်တို့၏ ကတုတ်ကြီးများပင်လျှင် မဟာမိတ်လေယာဉ်များ၏ ဗုံးဒဏ်ကိုမဖြို၊ မတုန်မလှုပ် ကြံ့ကြံ့ခံနေကြသည်။

ဤသို့လေကြောင်းအကူအညီပေးပြီး မကြာမီပင် အမှတ်(၃၂)တပ်မအားပစ်၍မမှန်၊ ထိုး၍မပေါက်ဖြစ်နေသော ဂျပန်သံမဏိခံတပ်များကို တစ်ကြိမ်ထပ်၍ ထိုးစစ်ဆင်ရန်အမိန့်ပေးခံရပြန်လေသည်။ အမိန့်ကိုမလွန်ဆန်ဝံ့သောအမှတ်(၃၂)တပ်မသည် ယဲ့ယဲ့မျှသာရှိတော့သည့်ကိုယ်ခန္ဓာများကို ဒယီးဒယိုင်သယ်၍သေမင်းတမန် ကျည်ဆန်များပလူပျံနေသော ဂျပန်ခံတပ်များရှိရာသို့ တက်ကြရပြန်လေသည်။

ဂျပန်၏ကတုတ်များမှ အကာအကွယ်မရှိ ခြေတရွတ်ဆွဲ၍တက်လာနေသည့် အမေရိကန်များကို စိမ်ပြေနပြေပစ်ခတ်နေစဉ် မမျှော်လင့်ဘဲရောက်လာသော ဂျပန်တိုက်လေယာဉ်အုပ်စုတစ်စုက စက်သေနတ်များဖြင့်ဝေ့ဝိုက်၍ စိတ်တိုင်းကျပစ်ခတ်နေကြလေတော့သည်။

ယင်းသို့အမေရိကန်တပ်များ အတုံးအရုံးကျဆုံးနေခိုက် ဘီ(၂၅)မဟာမိတ် လေယာဉ်တစ်စင်းမှကြဲချလိုက်သော ဗုံးတစ်တွဲမှာ ရည်ညွှန်းရာပစ်မှတ်ပေါ်သို့မကျဘဲ တပ်ခွဲ(ခ)နှင့်တပ်ခွဲ(ဂ) အလယ်တည့်တည့်သို့ကျရောက်လာပြန်သဖြင့်(၆)ယောက်ကျဆုံးပြီး(၁၂)ယောက် ဒဏ်ရာရကာလူ(၇၀)ခန့် အရှင်လတ်လတ်မြေမြှုပ်သင်္ဂြိုဟ်ခံရမတတ်ဖြစ်ခဲ့ရသည်။

ထိုသို့သောအခြေအနေတွင် အမှတ်(၃၂)တပ်မ၏ တပ်တွင်းစိတ်ဓာတ်ရေးအခြေအနေမည်သို့ရှိမည်ကို ခန့်မှန်းရန်ပင်မလိုတော့ပြီ။

စိတ်ဓာတ် သုညအောက်သို့ရောက်ရှိနေပြီဖြစ်သော အမေရိကန်တပ်သားများသည် တာဝန်ကျနေရာကင်းစခန်းများမှ မိမိတို့သဘောအလျောက်ဆုတ်ခွာသူက ဆုတ်ခွာကြ၍လည်းကောင်း၊ စက်ကြီးများကို ကိုင်တွယ်ကြရသည့်တပ်သားများကလည်း လက်နက်များကို စွန့်ပစ်ထားခဲ့ပြီး နောက်ပိုင်း

mgyoe.com

သို့ပြန်ဆုတ်သူက ဆုတ်ကြ၍လည်းကောင်း ကစဥ့်ကလျားဖြစ်ကုန်ကြလေတော့သည်။ သို့သော်စိတ်ဓာတ်ကြံ့ခိုင်သော ရဲဘော်များကမူ ရန်သူကိုတိုက်ခိုက်ဆဲ၊ ထိုးဖောက်ဆဲပင် ...။

ဤသို့ အင်အားမမျှသော ရန်သူကို(၂၂)ရက်တိုင်တိုင် နေ့ညဥ့်မပြတ်တိုက်ခိုက်ခဲ့ရပြီးမှပင် အမှတ်(၃၂)တပ်မ၏ တပ်မဟာ(၂)တပ်အနက် အမှတ်(၁၂၆)တပ်မဟာကို တပ်ပြောင်းလဲခွင့်အမိန့် ကျလာလေတော့သည်။

သို့နှင့်အမှတ်(၁၂၆)တပ်မဟာသည် နောက်ပိုင်းသို့ပြန်ရန်အမိန့်ရောက်လာသောအခါတွင်မူ ၎င်းတပ်မှ တပ်သားများမှာမတ်တတ်ရပ်နေနိုင်သူပင်မရှိသလောက် ဖြစ်ခဲ့ရလေသည်။

ဤကဲ့သို့ သောအခြေအနေတွင်အမှတ်(၃၂)တပ်မမှ တပ်သားများကရဲဝံ့ပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့ကြခြင်းကြောင့်ပင် အမှတ်(၃၂)တပ်မမှတပ်သားများအား ၎င်းတို့၏ပြောင်မြောက်လှသော သူရသတ္တိအတွက် သူရဲကောင်းဆုများ၊ ဘွဲ့တံဆိပ်များဖြင့်ပေးအပ်ချီးမြှင့်ခြင်းခံရလေသည်။ ဆုရသူများမှာများသောအားဖြင့် တိုက်ပွဲတွင်ကျဆုံးခဲ့ရသူများပင်ဖြစ်သည်။

မည်သို့ပင်စွမ်းစွမ်းတမံ စွန့်စားခဲ့ကြသည်ဆိုစေ အမှတ်(၃၂)တပ်မသည် ဗိုလ်ချုပ်ကြီးမက်အာသာ ပေးအပ်လိုက်သောတာဝန်ကိုမူ မကျေပွန်ဟူ၍ပင်ဆိုရမည်သာဖြစ်ပါ၏။

* * *

ဗိုလ်ချုပ်ကြီးမက်အာသာသည် မော်ရက်စဘီပင်လယ်ဆိပ်ကမ်းမြို့၌ရှိသော၎င်း၏အိမ်ဖြူတော်တွင် ဒေါသူပုန်ထလျက်ရှိသည်။ ဤသို့ဗိုလ်ချုပ်ကြီးမက်အာသာ အမျက်ချောင်းချောင်းထွက်နေသည်မှာ မဟာမိတ်ကြည်းတပ်များ၏ စစ်သေနာပတိဖြစ်သူ ဩစတေးလျံ ဗိုလ်ချုပ်ကြီးဆာသောမတ်(စ်)ဘလေမီက ဘူနာတွင်ရောက်ရှိနေသည့်အမှတ်(၃၂)တပ်မမှတပ်သားများသည် အတိုက်အခိုက်အလွန်ညံ့ဖျင်းကြသည်ဟု ပြောဆိုဝေဖန်လိုက်ခြင်းကြောင့်ဖြစ်သည်။

ထို့ကြောင့်ပင် ဗိုလ်ချုပ်ကြီးမက်အာသာ၏ ဆင့်ခေါ်ချက်အရဩစတေးလျပြည်မှ ရောက်ရှိလာသော ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးသည်အိမ်ဖြူ

mgyoe.com

mgyoe.com

တော်ဝင်းအတွင်းသို့ ဝင်လိုက်မိသည်နှင့်ဗိုလ်ချုပ်ကြီးမက်အာသာအား အိမ်ဖြူတော်ဝရန်တာတွင် မကျေချမ်းသည့်အမူအရာဖြင့် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေသည်ကို တွေ့လိုက်ရခြင်းဖြစ်သည်။

ဗိုလ်ချုပ်ကြီးအစ်ချဲ(လ်)ဘာဂါးရောက်၍ အပန်းဖြေခွင့်မရမီပင် ဗိုလ်ချုပ်ကြီးမက်အာသာက ဘူနာတွင် တိုက်ပွဲဝင်နေသည့် ဗိုလ်ချုပ်ဟာဒင်အကြောင်းကိုစတင်ပြောဆိုလိုက်သည်။ ဗိုလ်ချုပ်ဟာဒင်သည် ၎င်းအားပေးအပ်လိုက်သည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်သူမဟုတ်ကြောင်း၊ ထို့ကြောင့်ဗိုလ်ချုပ်ဟာဒင်ကို လူလဲပစ်ရမည်ဖြစ်ကြောင်း၊ စင်စစ်ဘူနာစစ်ဆင်ရေးသည် ခက်ခဲသည့်ကိစ္စမဟုတ်ကြောင်း၊ ရှုပ်ရှုပ်ချွံချွံခေါင်းဆောင်နိုင်မည့်ခေါင်းဆောင်ကောင်းတစ်ယောက်သာလိုကြောင်း ခက်ထန်သောလေသံဖြင့် ဆိုပြီးဆက်လက်၍ ဘူနာတွင်တိုက်ခိုက်နေသော အမှတ်(၃၂)တပ်မမှ တပ်သားများသည် တောတွင်းတိုက်ပွဲအတွေ့အကြုံမရှိသည်ကိုလည်းကောင်း၊ ကျန်းမာရေးချို့တဲ့နေပြီးဖြစ်သည်ကိုလည်းကောင်း၊ အပူလွန်ကဲသော ရာသီဥတုကြောင့်တပ်သားများ၏ ကျန်းမာရေးအခြေအနေပို၍ဆိုးရသည်ကိုလည်းကောင်း မိမိသိကြောင်း၊ သို့သော်ခေါင်းဆောင်ကောင်း တစ်ယောက်မှန်လျှင် ယင်းတပ်သားများနှင့်ပင် ဘူနာကိုသိမ်းပိုက်နိုင်ရမည်ဖြစ်ကြောင်းပြောဆိုပြန်၏။

ဤသို့ပြောဆို၍ အပြီးတွင်ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးအား ဗိုလ်ချုပ်ဟာဒင်နှင့်၎င်း၏ စစ်ဦးစီးအဖွဲ့၏တာဝန်ကို ဘူနာသို့သွားရောက် လွှဲပြောင်းယူရန်အမိန့်ပေးလိုက်လေသည်။

ဤသို့ ဘူနာသို့မသွားရန်ငြင်းဆန်လျှင်မိမိကိုယ်တိုင် ဗိုလ်ချုပ်ဟာဒင်နှင့်တာဝန်လွှဲပြောင်းယူရလိမ့်မည်ဟူ၍ သတိပေးစကားပြောကြားကာ ဘူနာမှ ဂျပန်တပ်ရှိရာသို့အချိန်မရွေးတပ်ကူများ ရောက်လာနိုင်ကြောင်း၊ ထိုကြောင့် အမြန်ဆုံးသိမ်းပိုက်နိုင်မှဖြစ်မည်ဖြစ်ကြောင်း၊ ထိုကြောင့် အချိန် သည်အရေးကြီးလှကြောင်းဟူ၍ အချိန်၏အရေးကြီးပုံကိုလည်း အလေးအနက်ပြု၍ပြောဆိုလိုက်သည်။

ဗိုလ်ချုပ်မက်အာသာ၏ ကြိမ်းဝါးသံများကားထိုမျှနှင့် ဆိတ်ငြိမ်သွားလေသည်မဟုတ်။ ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါး အိမ်ဖြူတော်မှ ထွက်ခါနီးတွင်

mgyoe.com

mgyoe.com


"ဘူနာကို ရအောင်တိုက်နိုင်ရင်တိုက်ခဲ့ပါ၊ ဘူနာမကျရင် ခင်ဗျား လည်း အသက်နဲ့ကိုယ် မြဲရက်ပြန်မလာလေနဲ့"ဟု ခက်ထန်သောလေသံဖြင့် နောက်ဆုံးသတိပေးစကား ပြောကြားလိုက်သေး၏။

သို့သော်နောက်တစ်နေ့တွင် ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးသည် ဗိုလ်ချုပ်ကြီးမက်အာသာ၏ အမူအရာနှင့်လေသံမှာ ယမန်နေ့ညကအသုံးပြု ခဲ့သောစစ်အာဏာရှင်တစ်ယောက်၏လေသံမျိုး မဟုတ်တော့ဘဲ ရင်းရင်း နှီးနှီးမိတ်ဆွေတစ်ယောက်၏ လေသံမျိုးဖြင့်ဆီးကြိုနှုတ်ဆက်လိုက်သည်ကို သတိပြုမိလိုက်သည်။

အဘယ်ကြောင့်ဆိုသော် ဗိုလ်ချုပ်ကြီးမက်အာသာက စတင်၍ပြော ဆိုသောစကားမှာ တိုက်ပွဲတွင် သတိဝီရိယရှိရန်နှင့်အရာရာတွင် သတိနှင့် နေထိုင်ရန်ဟူ၍ခရီးထွက်အံ့သော မိတ်ဆွေတစ်ယောက်ကိုပူပင်စိတ်ဖြင့် သတိပေးနေသကဲ့သို့ သတိပေးစကားပြောဆိုလိုက်ခြင်းကြောင့်တည်း။

နံနက်စာစားအပြီးတွင် ဗိုလ်ချုပ်ကြီးမက်အာသာက ဗိုလ်ချုပ်အစ်ချဲ(လ်) ဘာဂါးအား ထောင့်တစ်ထောင့်သို့ခေါ်သွားပြန်ကာ ဘူနာကိုကျအောင်တိုက် နိုင်လျှင် သူ့ရဲကောင်းဘွဲ့နှင့်ဆုများ မျှော်လင့်နိုင်ကြောင်းနှစ်သိမ့်ခဲ့ပြန်လေသည်။

သို့ရာတွင် ဗိုလ်ချုပ်ကြီးမက်အာသာက ဤသို့လေပြေဖြင့်နှစ်သိမ့် စကားပြောကြားသော်လည်း ယမန်နေ့ကသူပြောခဲ့သောစကားကိုလည်း မမေ့စေရန်နှင့် ဘူနာကိုတိုက်ခိုက်ရာတွင် မိမိတို့တပ်မှအကျအဆုံးကို ထည့် သွင်းစဉ်းစားရန်မလိုကြောင်း၊ မည်မျှကျဆုံးစေကာမူ ဘူနာသိမ်းပိုက်နိုင်ဖို့ သာလျှင် အရေးကြီးကြောင်းသတိပေးပြီး ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါး အား နှုတ်ဆက်လိုက်သည်။

ထို့ကြောင့်ပင် ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးသည်ဘူနာကိုသိမ်းပိုက် ရာတွင် တပ်သားပေါင်းမည်မျှ စတေးရသည်ဖြစ်စေ ဘူနာအမြန်ဆုံးကျဖို့ သာလျှင်အရေးကြီးသည်ဆိုသည့် ဗိုလ်ချုပ်ကြီးမက်အာသာ၏စကားကို မည်မျှအသည်းစွဲသွားခဲ့မည်ကိုမူ အပိုဆင်ခြင်ကြည့်ရန်ပင်လိုမည်မထင်ပြီ။

ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးတာဝန်လွှဲပြောင်းယူရန် ရောက်လာသော အခါတပ်မှူးအသစ်ဖြစ်သည့် ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးထံမှ ကြားသိသမျှ ဗိုလ်ချုပ်ဟာဒင်က ၎င်း၏မှတ်တမ်းတွင်ရေးမှတ်ခဲ့ရာ ယင်းမှတ်တမ်းတွင်

mgyoe.com

mgyoe.com

အောက်ပါစာကြောင်းလေးကိုလည်း တွေ့ရမည်ဖြစ်သည်။

"မက်အာသာက အစ်ချဲ(လ်)ဘာဂါးအား ဘူနာကျအောင်တိုက်နိုင်လျှင်တိုက်၊ မတိုက်နိုင်လျှင် ဘူနာတွင်ပင်အသေခံခဲ့ရန်အမိန့်ပေးခဲ့သည်။

ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးသည် အမှတ်(၃၂)တပ်မှူးအား ဗိုလ်ချုပ်ဟာဒင်ထံမှ တာဝန်ယူလွှဲပြောင်းယူမည့် ပဏာမအစည်းအဝေးတွင် တပ်မမှူးဟောင်းအား တပ်တွင်မည်သည့်တပ်မှူးများအားအပြောင်းအရွှေ့ လုပ်သင့်ကြောင်းထင်မြင်ချက်တောင်းလိုက်ရာ ဗိုလ်ချုပ်ဟာဒင်က ဣန္ဒြေမဆည်နိုင်လောက်အောင်ပင် ဒေါသထွက်လွန်း၍"ကျုပ်တပ်မှူးတွေဟာ ပြောင်းပစ်ရမယ့်တပ်မှူးတွေ မဟုတ်ဘူးဗျ၊ သူရဲကောင်းဘွဲ့အထပ်ထပ်ရ,ရမယ့်လူတွေဖြစ်တယ်ဆိုတာခင်ဗျား နားလည်ထားသင့်တယ်"ဟူ၍ဖြေခဲ့လေသည်။

အစည်းအဝေးအပြီးတွင်တပ်မှူးသစ်ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးသည် ဘူနာရွာနှင့်ကိုက်(၃၀၀)ခန့်တွင် ရှိသောရှေ့တန်းစစ် မျက်နှာသို့သွားရောက်စစ်ဆေးရန်ထွက်ခဲ့ပြန်သည်။ ရှေ့တန်းသို့ရောက်လျှင်နောက်ဆုံးရောက်ရှိလာသည့်(၂၅)ပေါင်ဒါ အမြောက်အချို့နှင့်(၆၀) မီလီမီတာနှင့်(၈၁) မီလီမီတာ စိန်ပြောင်းကြီးများ၏ အကူအညီဖြင့်အသက်ပေါင်းများစွာစတေးရင်းတိုက်ပွဲဝင်နေသည့်အမှတ်(၃၂)တပ်မမှ တပ်သားများကိုတွေ့လိုက်ရသည်။ ရှေ့တန်းစစ်မျက်နှာ၏ စစ်ဆင်ရေးမှူးမှာဗိုလ်ချုပ်ဟာဒင်၏ ဦးစီးချုပ်ဗိုလ်မှူးကြီးမော့ဖြစ်၏။

အမှတ်(၃၂)တပ်သားများက နောက်ဆုံးအကြွင်းအကျန်သက်စောင့်အင်အားကလေးများကိုဖျစ်ညှစ်ထုတ်ကာဒယီးဒယိုင်ရှေ့သို့တိုးဝင်နေကြ၏။ ဤသို့တိုးဝင်နေသော အမေရိကန်တပ်သားများအား လေးဖက်လေးတန်မှ 'ကြက်ခြေခတ်'ပစ်နေသည့် ရန်သူ့ကျည်ဆန်များက အတုံးအရုံးဖြစ်စေမြဲပင်ဖြစ်သည်။

ဤကားရှေ့တန်းစစ်မျက်နှာ၏ ယေဘုယျမြင်ကွင်းတည်း။

ဗိုလ်မှူးကြီးမော့သည် တပ်ခွဲ(အီး) (၅)ကြိမ်မြောက် တက်ရောက်တိုက်ခိုက်ပြီးသောအခါ အမှတ်(၁၂၆)ခြေလျင်တပ်မဟာ၏ တပ်ရင်း(၂) မှတ်တမ်းတွင် ရှေ့တန်းစစ်မျက်နှာ၏ ယေဘုယျအခြေအနေကို ဤသို့မှတ်

mgyoe.com

mgyoe.com


တမ်းရေးထိုးလိုက်သည်။

"ရှေးတန်းစစ်မျက်နှာမှာ ကျုပ်တို့ထားရစ်ခဲ့တဲ့တပ်သားတွေဟာ မလှုပ်မယှက်နိုင်အောင် ဖြစ်နေကြပြီး၊ တပ်ကူဖြည့်မပေးရင်ဆက်လက် တိုက်ပွဲဝင်နိုင်တော့မယ် မဟုတ်ဘူး"

ရှေ့တန်းစစ်မျက်နှာများသို့တပ်သားများ၏ ကျန်းမာရေးအခြေအနေ ကိုလှည့်လည်စစ်ဆေးရသည့် ဆေးမှူး၊ ဗိုလ်မှူးရော်ဂျာအိ(ချ်)ဘတ်က လည်း ..."ဘူနာရောက်ရှေ့တန်းမှ တပ်သားများ၏ ရုပ်ရည်သည်လက်ဝါး ကပ်တိုင်ပေါ်မှ ဖြုတ်ချခါစ ယေရှုခရစ်တော်နှင့်တူလှပေသည်"ဟုဗိုလ်ချုပ် အစ်ချဲ(လ်)ဘာဂါးထံ တင်သွင်းသည့် အစီရင်ခံစာတွင် ဖော်ပြခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ၊ ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါး၏နားတွင်စွဲမြဲနေ သည့်အသံများမှာမူ"တပ်သား မည်မျှစတေးရသည်ဖြစ်စေ၊ ဘူနာအမြန်ဆုံး ကျရေးသာလျှင်အရေးကြီးသည်"ဟုဆိုသည့်ဗိုလ်ချုပ်ကြီး မက်အာသာ၏ အမိန့်သံပင်ဖြစ်သည်။

သို့ဖြစ်ရာ ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးသည် ရှေးဦးသူနာပြုစခန်း၌ ဒဏ်ရာမရှိသည့်တပ်သားများ တက်ရောက်ကုသနေသည်ကိုတွေ့ရသော အခါမည်သည့်အကြောင်းကြောင့် ရှေ့တန်းတွင် တိုက်ပွဲဝင်မနေဘဲဆေး စခန်းသို့ရောက်နေကြောင်း တစ်ယောက်ချင်းခေါ်၍မေးခွန်းထုတ်ခဲ့ခြင်း လည်းဖြစ်သည်။

သို့သော် ယင်းတပ်သားများတွင် ကျည်သင့်သည့်ဒဏ်ရာများမရှိ သည်မှာ မှန်သော်လည်း ဖျားနာ၍လည်းကောင်း၊ ချည့်နဲ့၍လည်းကောင်း၊ တိုက်ပွဲပန်း၍လည်းကောင်း ရှေးဦးသူနာပြုစခန်းသို့ ရောက်ရှိနေရခြင်းဖြစ် သည်ကိုမူ ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးဆင်ခြင်မိခဲ့ခြင်း မရှိပါချေ။

တစ်ဖန်ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးသည် ရှေးဦးသူနာပြုစခန်းမှ ရှေ့တန်းစစ်မျက်နှာ စစ်သေနတ်စခန်းများသို့ သွားရောက်စစ်ဆေးပြန်သည်။

ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးသည် ရှေ့တန်းအစွန်သို့ရောက်သောအခါ ရန်သူများဘက်မှ အပစ်အခတ်ခေတ္တရပ်စဲထားခိုက်နှင့်ကြုံနေ၏။

သို့နှင့် စက်ကြီးကိုင်အဖွဲ့က ဗိုလ်ချုပ်ကြီးအစ်ချဲ(လ်)ဘာဂါးအား ရှေ့တူရှုကိုက်အနည်းငယ်ခန့်တွင်ရန်သူစက်သေနတ်စခန်းတစ်ခုရှိကြောင်း၊

mgyoe.com

mgyoe.com


ထိုသေနတ်စခန်းမှ လွန်ခဲ့သော(၂)နာရီခန့်ကပင် ရှေ့သို့တိုးတက်ခဲ့သော တပ်သားများကို ပစ်ခတ်တိုက်ခိုက်ခဲ့သေးကြောင်း၊ သို့သော်ယခု ထိုသေနတ်စခန်းမှာ ငြိမ်သက်လျက်ရှိကြောင်းသတင်းပို့လိုက်သည်။

ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးသည် စက်သေနတ်သမားများ ညွှန်ပြရာသို့တစ်ချက်ကြည့်လိုက်ပြီးနောက် တပ်သားများဘက်သို့ပြန်လှည့်၍ငင်းတို့ညွှန်ပြသောနေရာတွင် ရန်သူစက်သေနတ်ရှိမရှိ၊ သို့မဟုတ် ပြောင်းရွှေ့သွားပြီဆိုသည်ကို အတိအကျသိရှိနိုင်အောင် ရှေ့ကိုက်(၅၀)ခန့်တက်၍ ကင်းထောက်နိုင်လျှင် ဆု၊ ဘွဲ့ချီးမြှင့်မည်ဟုကြေညာလိုက်သည်။

သို့သော် ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးက ဤသို့တပ်သားများစိတ်ဓာတ်တက်ကြွစေရန် ကမ်းလှမ်းလိုက်သော်လည်း စက်သေနတ်သမားများထဲမှလည်းကောင်း၊ အခြားတပ်သားများထဲမှလည်းကောင်း စွန့်စွန့်စားစားသွားရောက် ကင်းထောက်မည့်သူတစ်ဦးတစ်ယောက်မှမပေါ်ခဲ့ပေ။

ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးသည် ရိက္ခာမလုံလောက်မှုကြောင့် အာဟာရချို့တဲ့နေသည့် ရှေ့တန်းတပ်သားများ အား ဂျပန်များလက်မှ ဖမ်းဆီးရမိသည့်ဆန်များကို တပ်မှူးများ၏တားမြစ်ချက်ကြောင့် ချက်ပြုတ်မစားဘဲနေရကြောင်းသိရသောအခါတွင်လည်းတပ်မှူးများကို ဒေါသဖြစ်ပြန်လေသည်။

ဤသို့ တပ်မှူးများက တပ်သားများအား ချက်ပြုတ်ခွင့်မပေးဘဲတားမြစ်ထားသည်မှာ ချက်ပြုတ်ခွင့်ပြုလျှင် တလူလူထွက်မည့် မီးခိုးသည် အမေရိကန်စခန်းများ၏ တည်နေရာကိုဂျပန်များအား မုချညွှန်ပြမည်ဆိုသည်ကိုသိသောကြောင့် ဖြစ်သည်။

သို့သော်တပ်မှူးသစ် ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးသည် စိုစွတ်သောသစ်တောများတွင် မီးခိုးသည်ကောင်းကင်သို့ လွင့်တက်ခြင်းမရှိဘဲသိပ်သည်းစွာ ဝပ်နေတတ်သည်ကိုမူ သိခဲ့သည်မဟုတ်ပေ။

ဤသို့ရှေ့တန်းစစ်မျက်နှာမှ အတွေ့အကြုံများကို မကျေမချမ်းဖြစ်ကာပြန်လာသည့်ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးသည် စစ်ဆင်ရေးယာယီ ဌာနချုပ်တွင်စစ်ဆေးရေး ဗိုလ်မှူးမော့နှင့်စကားကတောက်ကဆတ် ဖြစ်ရပြန်လေသည်။

တပ်မှူးဟောင်း ဗိုလ်ချုပ်ဟာဒင်သည်လည်း ဌာနချုပ်၌ရှိနေခိုက်

mgyoe.com

mgyoe.com


ဖြစ်သည်။ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးက ရှေ့တန်း၌တွေ့သမျှ ချို့ယွင်းချက်များနှင့် ပတ်သက်၍ဗိုလ်မှူးမော့ကို ပြင်းပြင်းထန်ထန်အပြစ်တင်လိုက်ပြီး ရှေ့တန်း၌မြင်တွေ့ခဲ့ရသော ချို့ယွင်းချက်များကိုထောက်ပြ၍ စင်စစ်အမှတ်(၃၂)တပ်သားများသည် တိုက်ပွဲဝင်နေကြခြင်းမဟုတ်၊ ညာဝါးနေကြခြင်းသာဖြစ်သည်ဟု ပြောဆိုလိုက်ရာ ဗိုလ်မှူးမော့သည် ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါး၏ စွပ်စွဲချက်များကို သည်းခံနိုင်ခြင်းမရှိတော့သဖြင့် ပြင်းပြင်းထန်ထန်ပြန်လှန်ငြင်းဆိုရင်း သူ၏ တပ်သားများဘက်မှ ရပ်တည်လိုက်သည်။

သို့သော်ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးသည် တပ်သားများအားအကာအကွယ်ပေးနေသည့် ဗိုလ်မှူးကြီးမော့အား ...

"မင်း ...ဘာမှရှင်းပြမနေနဲ့တော့၊ အမှတ်(၃၂)ဟာ ပေးအပ်တဲ့ တာဝန်ကိုကျေပွန်အောင် မဆောင်ရွက်နိုင်ဘူးဆိုတာကို မင်းမငြင်းနိုင်သလို အဲဒီလိုဖြစ်ရတာလည်း မင်းတို့တပ်သားတွေထဲမှာ သူရဲဘောကြောင်သူတွေ များနေလို့ပဲဆိုတာကိုလည်း မင်းငြင်းနိုင်မှာမဟုတ်ဘူး"

ဟုဆိုလိုက်သည်။

ယင်းအဖြစ်အပျက်နှင့် ပတ်သက်၍ ဗိုလ်ချုပ်ဟာဒင်ကရင်း၏မှတ်တမ်းတွင် ဤသို့ရေးထိုးခဲ့လေသည်။

"ကျုပ်တို့ တပ်သားတွေဟာ အဆိုးဝါးဆုံးအခြေအနေနဲ့အဆိုးဝါးဆုံးတိုက်ပွဲကို ကြောက်ခမန်းလိလိ အကျအဆုံးတွေကြားက အစွန့်စားဆုံးတိုက်ပွဲဝင်ခဲ့တယ်ဆိုတာကို အစ်ချဲ(လ်)ဘာဂါးကအသိအမှတ်မပြုဘူး၊ ဗိုလ်မှူးမော့က အစ်ချဲ(လ်)ဘာဂါးကို နှုတ်တုံ့ပြန်ခဲ့တဲ့စကားတိုင်းကို ကျုပ်သဘောတူတယ်"

ဒီဇင်ဘာလ(၂)ရက်နေ့တွင် ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးသည် ဗိုလ်ချုပ်ဟာဒင်နှင့်၎င်း၏ စစ်ဦးစီးအဖွဲ့ဝင်များထံမှ ဘူနာရှေ့တန်းစစ်မျက်နှာကိုတာဝန်လုံးဝ လွှဲပြောင်းယူလိုက်ပြီး ဗိုလ်ချုပ်မက်အာသာ၏ဆန္ဒကိုဖြည့်စွမ်းနိုင်ရန် "သေမြေကြီး ရှင်ရွှေထီး စစ်ဆေးရေး"ကို စတင်တော့လေသည်။

တပ်မှူးအစ်ချဲ(လ်)ဘာဂါး၏ စစ်ဦးစီးအဖွဲ့ဝင် ဗိုလ်မှူးမာတင်သည် ရှေ့တန်းစစ်မျက်နှာစစ်ဆေးရေးမှူး ဗိုလ်မှူးမော့ထံမှ တာဝန်လွှဲပြောင်းယူလိုက်သည့်နေ့၌ပင် ရှေ့တန်းစစ်မျက်နှာမှ တပ်သားများတွင်အလုပ်လုပ်၍

mgyoe.com

mgyoe.com

မဖြစ်နိုင်လောက်အောင် အရာရာချို့တဲ့နေသည်ကိုလည်းကောင်း၊ ကျန်းမာရေးအခြေအနေမှန်ကိုလည်းကောင်း မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသည်။

သို့သော် ဗိုလ်မှူးကြီးမာတင်သည် မိမိလက်အောက်တပ်မှူးများအား တပ်သားများကို သနားညှာတာစိတ်မထားရန်နှင့် မိမိကိုယ်ကိုယ်ညှာတာလိုသည့်စိတ်များကိုလည်း ဖျောက်ဖျက်ပစ်ရန်ဟူသည့် အမိန့်တစ်ရပ်ကိုတာဝန်လွှဲပြောင်းယူသည့်ပထမနေ့၌ပင် ပထမဦးဆုံးအမိန့်အဖြစ်ထုတ်ပြန်လိုက်သည်။ ယင်းအမိန့်မှာ အရာရှိများအတွက် ထုတ်ပြန်လိုက်သည့်အမိန့်ဖြစ်၏။ တပ်သားများအတွက် ထုတ်ပြန်လိုက်သည့်အမိန့်မှာ ဘူနာမကျမချင်း လူလဲခွင့်၊ အနားယူခွင့်၊ ဆေးခွင့်များ ရမည်မဟုတ်ဟူသောအမိန့်ပင်ဖြစ်သည်။

ဗိုလ်မှူးကြီးမာတင်သည် သူ၏ထူးခြားသောအမိန့်နှင့် ပတ်သက်၍ ဗိုလ်ချုပ်ကြီးဂါဒ်ထံတင်သွင်းသည့် တပ်မတော်မှတ်တမ်းတွင် ဤသို့ဖြေရှင်းချက်ပေးခဲ့လေသည်။

"ကျွန်တော်ထုတ်ပြန်လိုက်တဲ့အမိန့်ဟာ ပထမပိုင်းမှာတော့တပ်သားတွေနဲ့အရာရှိတွေ တုန်လှုပ်ချောက်ချားသွားမှာအမှန်ပဲ၊ ဒါပေမဲ့အဲဒီလိုအုံ့အားသင့်သွားတဲ့အချိန်လွန်သွားရင် နောက်ပိုင်းကလူစားဘယ်တော့ ဝင်လာမလဲဆိုတဲ့ မျှော်လင့်ချက်နဲ့ပခုံးပေါ်ကျော်ကျော်ကြည့်နေတဲ့ အလုပ်မျိုးတွေရပ်သွားကြလိမ့်မယ်၊ ရှေ့တက်စရာတစ်လမ်းတည်း ရှိတယ်ဆိုတဲ့အသိကြောင့်လည်း တက်တက်ကြွကြွတိုက်လာကြလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ခဲ့တယ်"

ဤသို့ တပ်မှူးသစ်၏အမိန့်ကို ရှေ့တန်းမှတပ်သားများအံ့အားသင့်ခဲ့ရသကဲ့သို့ ဗိုလ်ချုပ်ကြီးအစ်ချဲ(လ်)ဘာဂါး၏ တပ်မှူးတစ်ယောက်ဖြစ်သည့် ဗိုလ်မှူးကြီးဂရိ(စ)ကိုယ်တိုင် အံ့အားသင့်ခဲ့ရသော အကြောင်းတစ်ရပ်ပင်ပေါ်ပေါက်လာခဲ့ရလေ၏။ ဤသည်မှာ ၎င်း၏အုပ်ချုပ်မှုအောက်တွင်ရှိသည့်တပ်ခွဲတစ်တပ်ကို စေလွှတ်၍ ဂျပန်ခံစစ်စခန်းအား ရှေ့မျက်နှာစာမှ ထိုးစစ်ဆင်ရန်ဟူ၍ ဗိုလ်ချုပ်ကြီးအစ်ချဲ(လ်)ဘာဂါးက အမိန့်ပေးလိုက်ခြင်းကြောင့်ဖြစ်သည်။

ဗိုလ်မှူးကြီးဂရိ(စ)၏ လက်အောက်တွင်ရှိသည့် တပ်ခွဲ(အီး)နှင့် တပ်ခွဲ(ဂျီ)မှာလွန်ခဲ့သော နာရီပိုင်းအတွင်းကမှ တိုက်ပွဲဝင်ခဲ့ပြီးဂျပန်များ၏ ပြန်လှန်ပစ်ခတ်မှုကြောင့် အကျအဆုံးများစွာနှင့် ပြန်လှန်ကျခဲ့ရပြီးဖြစ်သည်။

mgyoe.com

mgyoe.com


သူ့တွင် တိုက်ပွဲမဝင်ရသေးဘဲ ကျန်ရှိနေသေးသည့်တပ်ခွဲ(အက်ဖ်) မှာနောက်ဆုံး အရံတပ်အဖြစ် ထားရှိသောတပ်ဖြစ်သည်။

ထို့ကြောင့် ဂရိ(စ)သည် တပ်မမှူး ဗိုလ်ချုပ်ကြီးအစ်ချဲ(လ်)ဘာဂါး ထံတပ်ခွဲများ၏ အခြေအနေကိုသတင်းပို့ရင်း ဤသို့အလောတကြီးတိုက် ခိုက်ခြင်းဖြင့် မည်သို့မျှအကြောင်းထူးနိုင်မည် မဟုတ်ကြောင်း၊ မျက်နှာစာ တိုက်ခိုက်မှုမှာလည်း လေးငါးရက်ခန့်အချိန်ကြာမည်ဖြစ်ကြောင်း ရှင်းပြ ကာဗိုလ်ချုပ်ကြီးအစ်ချဲ(လ်)ဘာဂါး၏ အမိန့်ကိုကန့်ကွက်ပြောဆိုလိုက် သည်။

သို့သော်ဗိုလ်ချုပ်ကြီးမက်အာသာ၏ အမိန့်ကိုအရိုးစွဲနေပြီဖြစ်သည့် အစ်ချဲ(လ်)ဘာဂါးက ထိုနေ့တွင်ပင် ဘူနာအပြီးအပိုင်ကျစေလိုသည်ဖြစ်ရာ ဗိုလ်မှူးကြီးဂရိ(စ)၏ ကန့်ကွက်ချက်ကို ပယ်ချလိုက်သည်။

သို့နှင့် ဗိုလ်ချုပ်ကြီးအစ်ချဲ(လ်)ဘာဂါး၏ အမိန့်ဖြင့်တက်ရောက် တိုက်ခိုက်ခဲ့သည်တပ်ခွဲ(အက်ဖ်)သည် မိနစ်ပိုင်းအတွင်းမှာပင် တပ်ခွဲမှတပ် သား (၈၀)အနက်(၈)ယောက် ကျဆုံးခဲ့ပြီး(၃၆)ယောက် ဒဏ်ရာရကာကစဉ့် ကလျား ဆုတ်ခွာခဲ့ကြလေသည်။ ကြာသော် ဗိုလ်ချုပ်ကြီးအစ်ချဲ(လ်)ဘာ ဂါး၏ အလားတူ အမိန့်များကိုတပ်သားများအဖို့ မဆန်းသလောက်ဖြစ် လာသကဲ့သို့ မဖြစ်နိုင်သည့်အမိန့်ကို ထုတ်ပြန်တတ်သည့် အစ်ချဲ(လ်)ဘာ ဂါးအားလည်း ယင်းတပ်သားများက"ဘူနာ သားသတ်သမား"ဟူ၍ တိတ် တဆိတ် ကင်ပွန်းတပ်လိုက်ကြသည်။

သို့ရာတွင် အံ့သြဖွယ်ကောင်းသည်မှာ ဘူနာစစ်ဆင်ရေးတွင် အမြင့် ဆုံးသူရဲကောင်းဘွဲ့ရရှိသူမှာ အစ်ချဲ(လ်)ဘာဂါး၏ တပ်မှူးများမဟုတ်ဘဲ အစ်ချဲ(လ်)ဘာဂါး အထင်သေးလှသည့်အမှတ် (၃၂)တပ်မမှ ဗိုလ်ကြီးဘော့ ချာ(စ်)ဖြစ်သောကြောင့်တည်း။

ဗိုလ်ကြီးဘော့ချာ(စ်)သည် အသက်(၃၇)နှစ်မျှသာ ရှိသေးပြီး နိုင်ငံ ပေါင်းစုံ တပ်ပေါင်းတွင် အမှုထမ်းခဲ့ဖူးကာစပိန်စစ်ပွဲကြီးတွင် ပါဝင်ခဲ့ဖူးသူ ဖြစ်သည်။

ဗိုလ်ချုပ်အဆင့်သို့ရောက်အောင် သာမန်တပ်သားကလေးဘဝမှ တက်ခဲ့ရသူဖြစ်သည်။

mgyoe.com

mgyoe.com

ဘူနာတွင် ဗိုလ်ကြီးဘော့ချာ(စ်) ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်ခဲ့သည်မှာ ဗိုလ်ချုပ်ကြီးမက်အာသာအတွက် မဟုတ်မူဘဲ ဝင်ရိုးတန်းတပ်မှန်သမျှ အသည်းခိုက်အောင် မုန်းတီးနေသူဖြစ်၍ သူ၏ပုဂ္ဂလိကစစ်ပွဲကြီးကိုသာ လျှင်ဆင်နွှဲနေခြင်းဖြစ်သည်။

ဒီဇင်ဘာလ(၅)ရက်နေ့ဖြစ်သည်။ ဘော့ချာ(စ်)သည်သူ၏တပ်ဖွဲ့ ဖြင့်ရန်သူ့ကတုတ်များကို ရှေ့မျက်နှာစာမှ အဓိပ္ပာယ်မဲ့ ဝင်ရောက်တိုက်ခိုက် ခဲ့ရပြီးနောက်အကျအဆုံးများစွာနှင့် တပ်လန်ကျလာရသဖြင့် ဒဏ်ရာရနေသူ များကိုရေတိုက်ရန်ရေပုံးကိုဆွဲလျက် ကမ်းစပ်သို့ဆင်းလာခိုက်မြက်ခင်းပေါ် တွင်စိတ်အေးလက်အေးထိုင်ကာ မြေပုံကြည့်နေကြသည့် အရာရှိတစ်စုကို တွေ့လိုက်ရလေရာ ဘော့ချာ(စ်)က ... "ခင်ဗျားတို့ အဲ့ဒီလိုထိုင်နေမယ့် အစားနည်းနည်းပါးပါးထတိုက်ရင် အလုပ်ဖြစ်နိုင်စရာ အကြောင်းရှိတယ်" ဟုစကားနာထိုးလိုက်သည်။

ထို့နောက်တွင်မူ ဘော့ချာ(စ်)သည် တပ်ဖွဲ့တစ်ဖွဲ့ကိုဦးဆောင်၍ ကမ်းခြေဘက်မှ ဂျပန်ခံစစ်စခန်းထဲသို့ ထိုးဖောက်ဝင်ရောက်ရန် စစ်ဆင်ရေး မှူးထံအမိန့်ခံလိုက်ပြီး အသေခံတပ်သားများအဖြစ် လိုက်ပါလိုသူမည်သူ မဆိုလိုက်နိုင်သည်ဟု တပ်ထဲတွင် ကြေညာလိုက်ကာလက်ရွေးစင်ဘော် လန်တီယာ တပ်သား(၁၂)ယောက်ကိုရွေးချယ်လိုက်သည်။

သို့နှင့်ဘော့ချာ(စ်)သည် ရွေးချယ်ခေါ်ယူလိုက်သည့် ဘော်လန်တီ ယာတပ်သား(၁၂)ယောက်အား ခေါင်းဆောင်၍အဘက်ဘက်မှ ပစ်ခတ်နေ သည့်ရန်သူ့ကျည်ဆန်များအကြားမှ နှန်းတောနှင့် ရွှံ့နွံအိုင်ကိုဖြတ်ချီခဲ့ သည်။

လမ်းတစ်လျှောက်တွင် အုန်းပင်ထိပ်ဖျားများမှ ဂျပန်လက်ဖြောင့် တပ်သားများကို ပစ်ခတ်တိုက်ခိုက်၍လည်းကောင်း၊ ဂျပန်စက်ကြီးစခန်း များအားလက်ပစ်ဗုံးများဖြင့် ပစ်ခတ်၍လည်းကောင်းတိုက်ခိုက်ရင်းချီတက် ရာကမ်းခြေသို့ ရောက်သောအခါမြေဝပ်ကျင်းများတူး၍ နေရာယူလိုက် သည်။

အရဏ်တက်သည်နှင့်ဂျပန်များက မြေကျင်းထဲတွင်ဝပ်နေကြသည့် ဘော့ချာ(စ်)၏ အသေခံတပ်ဖွဲ့ကလေးအား ဝဲ-ယာ တစ်ဖက်တစ်ချက်မှ ပစ်ခတ်တိုက်ခိုက်ကြသည်။

mgyoe.com

ဘော့ချာ(စ်)သည်မိမိတို့၏ မြေဝပ်ကျင်းကလေးများထဲသို့တိုးဝင်လာကြသော ဂျပန်များအားရိုင်ဖယ်ကိုင်ရဲဘော်များကို အဘက်ဘက်သို့ ပစ်ထားစေကာ စက်ကြီးကို ကိုယ်တိုင်ကိုင်၍ပြန်လည်ခုခံနေရာ မကြာမီမှာ ပင်ကမ်းခြေတွင် ဂျပန်အလောင်းများဖြင့် ကြည့်မကောင်းအောင်ဖြစ်နေလေတော့သည်။

ယင်းသို့ရှိခိုက် ဂျပန်စက်သေနတ်စခန်းတစ်ခုကဘော့ချာ(စ်)၏ 'ထောင့်ကလေး'အား ကမ်းခြေမှပျောက်ကွယ်သွားအောင်သဲသဲမဲမဲ ပစ်ခတ်နေရာဘော့ချာ(စ်)သည် မိမိပစ်ခတ်နေသော စက်ကြီးကိုအနီးဆုံး ရဲဘော်တစ်ယောက်၏လက်သို့ လွှဲပြောင်းပေးလိုက်ပြီး လက်ပစ်ဗုံးလေး(၅)လုံးကိုယူခဲ့ကာ မြေဝပ်ကျင်းထဲမှတွား၍ ထွက်ခဲ့သည်။

ဤသို့မိကျောင်းတွားသွား၍ ဂျပန်အလောင်းများအကြားမှတိုးဝင်ခဲ့ပြီးဂျပန်စက်ကြီးစခန်းအနီးသို့ အရောက်တွင်လက်ထဲတွင်ပါသမျှ လက်ပစ်ဗုံးများကို စက်ကြီးစခန်းထဲသို့တစ်လုံးပြီးတစ်လုံး ရှေ့ဆင့်နောက်ဆင့်ပစ်သွင်းလိုက်သည့်စက္ကန့်ပိုင်းအတွင်းမှာပင် ရှေ့ဆင့်နောက်ဆင့်ထွက်လာသည့်ပေါက်ကွဲသံများနှင့်အတူ ဂျပန်စက်ကြီးစခန်းသည်လည်း သောင်ခုံပေါ်မှပျောက်ကွယ်သွားလေတော့သည်။

ဤသို့လျှင်ဘော့ချာ(စ်)၏ အသေခံတပ်ဖွဲ့ကလေးသည် ရက်အတန်ကြာအဘက်ဘက်မှပြေး၍ပြေး၍ ဝင်လာကြသည့်ဂျပန်များကိုပြန်လှန်ခုခံရင်း ဂျပန်များစွန့်ပစ်ခဲ့သည့် သေနတ်စခန်းများမှ စက်သေနတ်များနှင့် ခဲယမ်းမီးကျောက်များကို သက်စွန့်ဆံဖျား သွားရောက်ယူငင်ပြီးအားဖြည့်နေရသည်။

ထိုအချိန်တွင်မူအသေခံတပ်ဖွဲ့ခေါင်းဆောင်ဖြစ်သူ ဘော့ချာ(စ်)သည် ရန်သူ့ကျည် နှစ်ကြိမ်အသင့်ခံရပြီးဖြစ်သော်လည်း ဒဏ်ရာများနှင့်ဆက်လက်တိုက်ပွဲဝင်နေဆဲဖြစ်သည်။

ယင်းသို့ဘော့ချာ(စ်)၏တပ်ဖွဲ့ကလေးရဲဝံ့ပြောင်မြောက်စွာ တိုက်ပွဲဝင်နေသည့်နေရာသို့ ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးကိုယ်တိုင် ရန်သူ့ကျည်ဆန်များအကြားမှ မိကျောင်းတွားသွားနည်းဖြင့် သွားဝင်ခဲ့ပြီးတပ်ကြပ်ကြီးဘော့ချာ(စ်)အားတပ်ကြပ်ကြီးအဆင့်မှ ဗိုလ်ကြီးအဆင့်သို့တိုးမြှင့်ပေးလိုက်သည်။

ဤသို့ဘော့ချာ(စ်)၏ တပ်ဖွဲ့ကလေးသည် ရန်သူ့နယ်မြေပေါ်သို့

mgyoe.com

mgyoe.com

တက်ရောက်တပ်စွဲကာ ဂျပန်ခံစစ်စခန်းကြီးအား ဘက်ပြိုင်အန်တုနေသည့် ရက်သတ္တတစ်ပတ်အတွင်းဂျပန်(၁၂၀)ခန့်ကို သတ်ဖြတ်နိုင်ခဲ့သည်။ ဘော့ချာ(စ်)၏ တပ်ဖွဲ့ကလေးဤသို့ရက်သတ္တတစ်ပတ် ရန်သူ့ကမ်းခြေပေါ်တွင် တက်ရောက်နေရာယူနိုင်ခဲ့ခြင်းကြောင့်ပင် အမေရိကန်တပ်သားများ ကမ်းခြေမှရန်သူ့ခံစစ်စခန်းထဲသို့ မြားဦးထိုး၍ဝင်နိုင်ခဲ့ခြင်းဖြစ်သည်။

သို့သော် ဤသို့စွမ်းစွမ်းတမံ တိုက်ခိုက်လာခဲ့သည့် အသေခံတပ်ဖွဲ့ကလေး၏ခေါင်းဆောင်ဗိုလ်ကြီးဘော့ချာ(စ်)မှာမူ ကမ်းခြေမှတပ်နောက်ပိုင်းသို့ပြန်ရောက်လာပြီး မကြာမီပင်ဂျပန်တို့၏ ခံစစ်စခန်းကြီးအားမျက်နှာစာမှဝင်ရောက်ထိုးစစ်ဆင်ရင်း တိုက်ပွဲတွင် ကျဆုံးသွားခဲ့ရလေသည်။

တစ်ဖက်တွင်ဂျပန်ခံစစ် စခန်းအတွင်းသို့ကမ်းခြေမှတက်ရောက်လာသည့် ဂျပန်တပ်ကူများတဖွဲဖွဲဝင်ရောက်နေကြသကဲ့သို့ အမေရိကန်ဘက်တွင်လည်း စစ်လက်နက်ပစ္စည်းများဝင်လာမစဲ ဖြစ်နေပေရာဘူနာတိုက်ပွဲ၏မီးတောက်မီးလျှံများမှာတစ်နေ့ထက်တစ်နေ့ အရှိန်အဟုန်ပြင်းစွာ ဆပွား၍လောင်ကျွမ်းနေလေတော့သည်။

ယင်းအကူအညီများသည် ဗိုလ်ချုပ်ဟာဒင်၏လက်ထက်တွင်ကတိသာရခဲ့ပြီး လက်တွေ့အကောင်အထည်မပေါ်ခဲ့သော အကူအညီများဖြစ်သည်။

ဤသို့စစ်လက်နက်ပစ္စည်းများဝင်လာမစဲဖြစ်နေရုံမက လေတပ်အကူအညီများပင် ရရှိနေလေပြီ။

မဟာမိတ်လေယာဉ်များက တစ်ကြိမ်လာရောက်တိုက်ခိုက်လျှင်(၈)နာရီခန့်မျှ အချိန်ယူ၍ဖုံးကြဲတိုက်ခိုက်တတ်ပေရာ ဂျပန်တို့၏ ခံစစ်စခန်းများသည်တစ်နေ့လျှင် အနည်းဆုံး(၈)နာရီမျှ ငရဲခံနေကြရ၏။

သို့သော် ဤမျှအထိလေကြောင်းအကူအညီရရှိနေသော်လည်း ဂျပန်များကဆက်လက်၍ ကြံ့ကြံ့ခံနေဆဲပင်ဖြစ်သည်။ ဤသို့ကြံ့ကြံ့ခံနေနိုင်သည်မှာလည်း လေကြောင်းတိုက်ခိုက်မှုကိုငှင်းတို့၏ မြေအောက်လိုဏ်ဂူကြီးများက တောင့်ခံနေနိုင်ခြင်းကြောင့်ဖြစ်သည်။

ဂျပန်များသည် မဟာမိတ်လေယာဉ်များလေကြောင်းမှ တိုက်ခိုက်နေစဉ်အတွင်းသံမဏိယက်မကြီးများ အောက်မှဝပ်လျက်အသင့်စောင့်ရင်းပြေးဝင်လာသမျှ အမေရိကန်တပ်သားများကို ပြန်လှန်ပစ်ခတ်တိုက်ခိုက်တတ်

mgyoe.com

လေရာကတုတ်ကျင်းကြီးတစ်ခု၊ သို့မဟုတ် မြေတိုက်ခန်းကြီးတစ်ခုကိုသိမ်းပိုက်နိုင်ရန်အတွက် အမေရိကန်များဘက်မှ အသက်ပေါင်းများစွာဖြင့်စတေး၍သိမ်းပိုက်နေကြရသည်။

ဤသို့တစ်ယောက်ကျန် အလံမလဲစတမ်း တိုက်ခိုက်နေသည့်ဂျပန်များသည် ၎င်းတို့၏ကတုတ်တစ်ခုတစ်ခုကို အမေရိကန်များကလုံးဝစီးမိသွားသည့်တိုင် ခဲယမ်းမီးကျောက်ကုန်လျှင် ကျောက်ခဲဖြင့်ပစ်ပေါက်၍လည်းကောင်း၊ လှံစွပ်ဖြင့် ထိုး၍လည်းကောင်း တိုက်ခိုက်တတ်လေသည်။

နောက်ဆုံး လေကြောင်းအကူအညီနှင့်စစ်လက်နက်ပစ္စည်းများပြည့်ပြည့်စုံစုံရရှိပြီဖြစ်သော်လည်း အမေရိကန်တပ်သားများ၏ ဒုက္ခအဝဝမှာဆုံးခန်းတိုင်ခဲ့သေးသည်မဟုတ်ပေ။ ဗိုလ်မှူးကြီးဟာဒင်(ယခု ဗိုလ်ချုပ်ကြီးဟာဒင်)ကဘူနာစစ်ဆင်ရေးတွင် တွေ့ကြုံခဲ့ရသော သူ၏ကိုယ်တွေ့ဖြစ်ရပ်များကိုဤသို့ပြန်လည်ပြောပြခဲ့ဖူးလေသည်။

"ချစ်ချစ်တောက်အောင် ပူနေတဲ့နေပူထဲမှာ ကျုပ်တို့ယူထားတဲ့နေရာတွေက မြက်ပင်ရှည်ကြီးတွေ ကြားထဲမှာဆိုတော့ လေမရတာနဲ့ ငရဲပြည်ရောက်နေသလိုပါပဲဗျာ"

"ကျုပ်တို့ ရှေ့တန်းကိုရန်သူကင်းစခန်းတွေက အမြဲစောင့်ကြည့်နေတဲ့အတွက် နေ့ဘက်မှာ မြက်ပင်ရှည်ကြီးတွေ ကြားထဲကဝပ်ပြီးတက်နေရတယ်"

"အဲဒီလို နေပူထဲမှာအနေကြာလာတော့ တပ်သားတွေအပူရှပ်ကုန်တဲ့အတွက်တချို့တပ်မှူးတွေကရှေ့တန်းက သူတို့ရဲ့တပ်တွေကို နေ့အချိန်မှာကိုက်(၃၀၀)လောက်အရိပ်ရှိတဲ့ တစ်နေရာရာကို ပြန်ဆုတ်ခွင့်ပြုပြီး ညအခါရောက်မှ ရှေ့တန်းက မူလနေရာကို ပြန်တက်ခွင့်ပြုပါလို့အမိန့်ခံလာကြတယ်"

သို့သော် တပ်မှူးများ၏ ခွင့်ပန်ချက်ကိုဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးကခွင့်ပြုခဲ့သည် မဟုတ်ပေ။ ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါး၏အကြောင်းပြချက်မှာ ဤသို့တပ်ဆုတ်ခွင့်ပြုလိုက်လျှင် တပ်သားများရှေ့တန်းသို့ပြန်တက်သောအခါမူလကရှိခဲ့သော တိုက်စိတ်ခိုက်စိတ်များကို အသစ်ပြန်လည်မွေးမြူနေရမည်ဖြစ်သောကြောင့် ခွင့်မပြုနိုင်ခြင်းဖြစ်သည်ဟူ၏။

mgyoe.com

mgyoe.com

အပူရှိန်ကြောင့်ပန်းနေသည့် အမေရိကန်တပ်သားများအား ဂျပန်များက ပရိယာယ်မျိုးစုံသုံးကာ အခြေအနေရှုပ်ထွေးစေရန် ပြုလုပ်နေကြပြီးမဟာမိတ် တင့်ကားများက ဂျပန်ရှေ့တန်းကတုတ်များကို တက်ရောက်သိမ်းပိုက်လိုက် သောအခါ ဂျပန်များကဒုတိယတန်း ကတုတ်များရှိရာသို့ဆုတ်ပေးလိုက်ပြီး မဟာမိတ်တင့်ကားများက ဒုတိယတန်းကတုတ်များရှိရာ ဆက်လက်တက် လာသောအခါတွင်မူ ဂျပန်များကစွန့်ခွာခဲ့သည့်ရှေ့တန်းမှ ကတုတ်များရှိရာသို့ မြေအောက်လိုဏ်ဂူထဲမှ ကူးဖြတ်သွားကြကာ မဟာမိတ်တင့်ကားများကို နောက် ပိုင်းမှပိတ်ဆို့၍ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လိုက်ကြသည်။

ဂျပန်များသည်ပုပ်ပွနေသည့် ၎င်းတို့၏အမျိုးတူလူသေအလောင်းအ ကြားမှတိရစ္ဆာန်များကဲ့သို့ တိုက်ခိုက်နေကြလေသည်။လေသင့်နေသဖြင့် တဝကြီးရှူရှိုက်နေကြရသည့်ရှေ့တန်းမှ အမေရိကန်တပ်သားများမှာလည်း ရှေ့ဆက်တက်ခိုင်း၍ မရအောင်ပင်စိတ်ဓာတ်ကျဆင်းနေကြတော့သည်။ ကြာသော် အပုပ်နံ့များကိုနှာခေါင်းယဉ်နေကြပြီဖြစ်သည့် ဂျပန်များပင်လျှင် ဓာတ်ငွေ့ကာမျက်နှာဖုံးများကို တပ်ဆင်လာကြသည်ကိုတွေ့လာရသည်။

ထိုမျှဆိုးသွမ်းလှသော အခြေအနေများကိုရင်ဆိုင်ကျော်လွှားခဲ့ရသည့် အမှတ်(၃၂)တပ်မမှ တပ်သားများအားအကြောက်လွန်သည်၊ သူရဲဘော ကြောင်သည်ဟူ၍ပင်မဆင်မခြင်အပြစ်တင်ခဲ့ကြသည်။

သို့သော် ဩစတေးလျတပ်မှူးတစ်ယောက်ကမူ "(၃၂)တပ်မကလူ ငယ်ကလေးတွေဟာ ပြောင်ပြောင်မြောက်မြောက် တိုက်ပွဲဝင်သွားခဲ့ကြပါ ကယ်၊ သူတို့ကလေးတွေဟာ အတွေ့အကြုံမရှိသေးတဲ့ လူငယ်တွေဖြစ်ပြီး နယူးဂီနီတိုက်ပွဲဟာ သူတို့ရဲ့ပထမဦးဆုံးတိုက်ပွဲပါပဲ၊ အင်မတန်အတွေ့အ ကြုံများပါတယ်ဆိုတဲ့ တိုက်ပွဲကျော်ကြီးတွေတောင် လူငယ်တွေတွေ့ခဲ့ရတဲ့ အတွေ့အကြုံမျိုးကို တွေ့ဖူးဖို့မပြောနဲ့ အဲဒီလောက်ဆိုးဝါးတဲ့တိုက်ပွဲမျိုးကို စဉ်းစားမိမှာတောင်မဟုတ်ဘူးလို့ ထင်ပါတယ်၊ လူငယ်တွေတော်တာက မှတ်ဉာဏ်ကောင်းကောင်းနဲ့ မသိတာကိုသိအောင် ချက်ချင်းကြိုးစားသင် ကြားနိုင်ခဲ့ကြတာပါပဲ၊ မသိတာရှိရင်လည်း ကိုယ့်ထက်သိတဲ့လူကို မေးဖို့ဝန် မလေးခဲ့ကြဘူး"

ယင်း ဩစတေးလျတပ်မှူးကဆက်လက်ဆိုရာတွင် ...

mgyoe.com

"သူတို့က ဘူနာကိုလွယ်လွယ်နဲ့စီးနိုင်ကြမယ်လို့ ထင်ခဲ့ကြတယ်၊ ဒါပေမဲ့ကျုပ်ကတော့သူတို့ထက် ပိုပြီးသတိရှိခဲ့တယ်လို့ဆိုရမှာပေါ့ဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ဘူနာကိုလွယ်လွယ်နဲ့တိုက်လို့ရမှာမဟုတ်ဘူးလို့ မတိုက်ခင်က ကျုပ်တွက်ခဲ့မိတယ်၊ ဒါပေမဲ့တကယ်တိုက်တဲ့အခါကျတော့ ကျုပ်မျှော်လင့်ထားတာထက်တောင် ပိုပြီးခက်ခဲနေတာ တွေ့ခဲ့ရပါတယ်၊ အဲဒီလူငယ်ကလေးတွေဟာသူတို့ကို စစ်ဆေးခဲ့တဲ့အရည်အချင်းစစ် စာမေးပွဲကြီးအောင်အောင်မြင်မြင် ဖြေနိုင်ခဲ့ကြပါတယ်၊ အဲဒီတိုက်ပွဲအပြီးမှာ ဒီလူငယ်တွေဟာ တောတွင်းတိုက်ပွဲတွေအတွက် အထူးလေ့ကျင့်ထားတဲ့ တပ်သားကျော်ကြီးတွေဖြစ်သွားမှာ အမှန်ပါပဲ" ဟုအမှတ်(၃၂)တပ်မမှ တပ်သားများ၏ အဖြစ်မှန်ကိုသိခဲ့ကြသူများကလည်း ဤသို့ချီးမွမ်းပြောဆိုခဲ့ကြလေသည်။

ဒီဇင်ဘာလ(၁၀)ရက်နေ့တွင် ဂိုနာသို့ဩစတေးလျများကသိမ်းပိုက်လိုက်ပြီဟူသည့်သတင်း ဘူနာရှေ့တန်းစစ်မျက်နှာသို့ ရောက်ရှိလာသော အခါအမေရိကန်တပ်သားများ အားတက်သွားကြကာဘူနာချောင်းငယ်တစ်ခုမှဝင်၍ ဂျပန်စခန်းကြီး၏ အရှေ့စွန်ကတုတ်ငါးခုကို လုံ့စွပ်ဖျားဖြင့်ပင် သိမ်းပိုက်လိုက်သည်။

ဤသည်မှာ အမေရိကန်တပ်သားတို့၏ အကြီးကျယ်ဆုံးအောင်ပွဲဟူ၍ဆိုရမည်ဖြစ်သော်လည်း စင်စစ်အမေရိကန်ရှေ့တန်းကို ရှေ့သို့ကိုက်(၅၀)ခန့်မြားဦးစွန်းထွက်သွားစေခဲ့ခြင်းမျှသာဖြစ်သည်။

သို့နှင့်ဒီဇင်ဘာလလယ်လောက်သို့ ရောက်သောအခါမင်းလ်နီပင်လယ်အော်တောင်ဘက်ကမ်းရိုးတန်းမှ တက်လာသည့်ဩစတေးလျတပ်ပေါင်းတစ်တပ် ဘူနာသို့ရောက်လာကာအပေါ့စားတင့်ကားများ၏အကူအညီဖြင့် ဂျပန်ခံစစ်စခန်းကြီးအား စတင်ထိုးစစ်ဆင်လိုက်လေသည်။

ဒီဇင်ဘာ(၂၈)ရက်နေ့တွင် ဗိုလ်မှူးကြီးဂရို(စ်)သည် အနားပေးသင့်သည်မှာကြာပြီဖြစ်သော အမှတ်(၃)တပ်ရင်းအား ရှေ့တန်းစစ်မျက်နှာမှ နောက်ပိုင်းသို့ ခေါ်ယူလိုက်သည်။ သို့သော် ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးက ဗိုလ်မှူးကြီးဂရို(စ်)ကို ခေါ်ယူတိုင်ပင်ခြင်းမပြုဘဲ အမှတ်(၃)တပ်ရင်းကို ရှေ့တန်းသို့ပြန်တက်ရန် အမိန့်ပေးလိုက်ပြန်လေရာ ဗိုလ်မှူးကြီးဂရို(စ်)

mgyoe.com

သည်လည်းစစ်ဆင်ရေးအစီအစဉ်များကိုပင် ရေးဆွဲခြင်းမပြုနိုင်ဘဲချက်ချင်း တိုက်ပွဲပြန်ဝင်ခဲ့ရလေသည်။

ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးသည် မည်မျှပင် ဗိုလ်ချုပ်ကြီးမက်အာသာ၏အမိန့်ကို အရိုးစွဲအောင် စွဲမှတ်နေသည်ဟု ဆိုစေကာမူအမှတ်(၃၂) တပ်မမှတပ်သားများအပေါ်သူမည်မျှ မတရားခိုင်းစေထားပြီဆိုသည်ကို မသိမမြင်သည်တော့ မဟုတ်ပေ။

ထို့ကြောင့်လည်း ဘူနာတိုက်ပွဲမပြီးဆုံးခင်မှာပင် တပ်သားများအား ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးက စစ်မျက်နှာကိုတာဝန်လွှဲပြောင်းယူစဉ်က မည်သို့သော ရန်သူမျိုးနှင့် ရင်ဆိုင်ရမည်ကို မသိခဲ့ကြောင်းဟူ၍ဝန်ခံပြောဆိုခဲ့ပြီး ဂျပန်ခံစစ်စခန်းကြီးအား သိမ်းပိုက်လိုက်ပြီးနောက်သွားရောက်စစ်ဆေးသောအခါတွင်လည်း "ဒါကြောင့်လည်း ငပုတွေဒီလောက်အချိန်ကြာကြာတောင့်ခံနေနိုင်ခဲ့တာကိုး ..."ဟူ၍ တပ်သားများ၏ရှေ့တွင်ဂျပန်ခံစစ်စခန်းကြီး တောင့်ခိုင်ပုံကို ထုတ်ဖော်ဝန်ခံခဲ့ခြင်းဖြစ်လေသည်။

အမေရိကန်တပ်များက လက်တစ်ကမ်းတိုက်ပွဲများ ဆင်နွှဲရင်းဂျပန်မြေအောက်လိုဏ်ဂူများကို တစ်ခုပြီးတစ်ခုသိမ်းပိုက်လျက်ရှိသည်။ ဖွဲ့ကောင်းလှသည့် ဂျပန်များကလည်းကတုတ်တစ်ခုကို မည်သည့်အခါမှလွယ်လင့်တကူနှင့် လက်လွှတ်လိုက်သည်မဟုတ်ဘဲ နောက်ဆုံးတစ်ယောက်ကျန်သည်အထိ ခုခံမြဲဖြစ်သည်။

နောက်ဆုံးတွင်မူ ဂျပန်များကပုပ်ပွနေသည့် လူသေအလောင်းများပေါ်မှလည်းကောင်း၊ လူသေများအကြားမှ ဝပ်လျက်လည်းကောင်း၊ လူသေအလောင်းများအပေါ်တွင် သေနတ်မေးတင်၍လည်းကောင်း နောက်ဆုံးအချိန်အထိ အလံမလှဲဘဲနေဆဲမှာပင်အမှတ်(၃၂)တပ်မမှ တပ်သားများကအသက်ပေါင်းမြောက်မြားစွာဖြင့် စတေး၍ဒီဇင်ဘာလ(၂၈)ရက်နေ့တွင်ဘူနာဂျပန်ခံစစ်စခန်းကြီးအားသိမ်းပိုက်လိုက်လေတော့သည်။

ဤသို့လျှင် နယူးဂီနီနုန်းမြေပေါ်သို့အမှတ်(၃၂)တပ်မမှ တပ်သားများ၏အသွေးအသားတို့ဖြင့် မြေဆီသြဇာဖြစ်ထွန်းစေခဲ့ပြီး ဖြစ်သော်လည်း မက်အာသာသည် အသက်မသေကျန်ရှိနေသေးသည့် တပ်သားများအား အနားပေးခဲ့သေးသည်မဟုတ်ပေ။ ဘူနာရွာနှင့် ဂိုနာဆိပ်ကမ်းမြို့အကြားမှ

mgyoe.com

ဆာနာနန်ဒါ ပင်လယ်ဆိပ်ကမ်းမြို့ကို သိမ်းပိုက်ရန်စေလွှတ်ခဲ့ပြန်လေသည်။

ဆာနာနန်ဒါပွဲဦးထွက်တိုက်ပွဲတွင် အမှတ်(၁၈)တပ်မေါင်းမှ တပ်သား (၃၄)ကျဆုံးပြီး(၆၆)ဒဏ်ရာရကာ(၄၂)ယောက်ပျောက်ဆုံးခဲ့သော်လည်း ဆာနာနန်ဒါကို မသိမ်းပိုက်နိုင်သေးသဖြင့် ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးသည် ဗိုလ်ချုပ်ကြီးမက်အာသာထံသို့ ဆာနာနန်ဒါကိုလွယ်လွယ်နှင့်တိုက်၍ မရကြောင်း၊ ဂျပန်များ၏အင်အားမှာကောင်းမွန်လှကြောင်း အစီရင်ခံစာတစ်စောင်တင်သွင်းလိုက်သည်။

ဤသို့ရှိခိုက် ဗိုလ်ချုပ်များနှင့်တပ်မှူးများက ဗိုလ်ချုပ်အစ်ချဲ(လ်) ဘာဂါးထံ ဂျပန်စခန်း၏ ရှေ့မျက်နှာစာမှ အသက်ပေါင်းများစွာ စတေး၍ အချည်းအနှီး ဝင်တိုက်နေမည့်အစား ဂျပန်ရိက္ခာလမ်းကြောင်းများကို ဖြတ်တောက်ပစ်ပြီး ဝိုင်းထားရန်နှင့်ယင်းသို့ဝိုင်းထားစဉ်အတွင်း အဘက်ဘက်မှ အမြောက်များ၊ စိန်ပြောင်းများဖြင့် ပစ်ခတ်ထားရန်ဟူသော အဆိုတစ်ရပ်ကိုတင်သွင်းလာကြသည်။

ယခုအချိန်တွင်မှ ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးကိုယ်တိုင် အမှားကို သိမြင်စပြုလာသည်ဖြစ်သည်။ သို့ကြောင့်လည်း တပ်မှူးများ တင်သွင်းသည့်အဆိုကိုလက်ခံလိုက်ပြီးဗိုလ်ချုပ်ဟာဒင်အား ...

"ကျုပ်အမြင်တော့ဝိုင်းထားရတဲ့အလုပ်ဟာ အင်မတန်ကြာတယ်၊ ဒါပေမဲ့ဒီနည်းမှမသုံးရင်လည်းအသက်ပေါင်းများစွာ အချည်းနှီးဆုံးရှုံးနေမှာပဲ" ဟူ၍ ဝန်ခံပြောဆိုခဲ့လေသည်။

ယင်းသို့အမှတ်(၃၂)တပ်မမှူးဟောင်း ဗိုလ်ချုပ်ဟာဒင်တိုက်ပွဲမစခင် ကပင်သိခဲ့သောအသိကို တပ်မမှူးသစ်အစ်ချဲ(လ်)ဘာဂါးက အသက်ပေါင်းများစွာစတေးပြီးအချိန်ပေါင်းများစွာကြာမြင့်မှသိခဲ့ပြီး ဗိုလ်ချုပ်ကြီး မက်အာသာကမူ ယင်းအသိကိုသိလည်းမသိခဲ့၊ သိအောင်လည်း ကြိုးစားခဲ့သူမဟုတ်ပါပေ။

ဤသို့နှင့်အမှတ်(၃၂)တပ်သားများသည် 'ထိုးစစ်'အသွင်မှ'ဝိုင်းဝန်းစစ်ဆင်မှု'အသွင်သို့ ကူးပြောင်းသွားပြန်ကာ ဂျပန်များကိုအမြောက်စိန်ပြောင်းများဖြင့် ပစ်ခတ်နေကြပြန်လေသည်။

ဆာနာနန်ဒါဂျပန်ခံစစ်စခန်း၏ တည်နေရာမှာအနောက်အရပ်မှ

mgyoe.com

mgyoe.com

ရွှံ့နွံအိုင်ကြီးဘက်သို့ ကျောပေးထားပြီး အရှေ့ကုန်းချောက်ဘက်သို့မျက်နှာမူထားသည်ဖြစ်ရာ ဂျပန်များကငင်းတို့၏ နောက်ပိုင်းတွင်ရွှံ့နွံအိုင်ကြီးများရှိနေခြင်းကြောင့် တပ်နောက်ပိုင်းအတွင်း စိတ်ချနေကြကာ တပ်မျက်နှာစာဖြစ်သည့် အရှေ့ကုန်းချောက်ပိုင်းသို့သာလျှင် အာရုံစိုက်နေကြသည်။

ထို့ကြောင့် ဗိုလ်ချုပ်ကြီးမက်အာသာသည် တိုက်ရည်ဝသြစတေးလျတပ်များအား ဆာနာနန်ဒါ ဂျပန်ခံစစ်စခန်းကျောရိုးဖြစ်သည့် ရွှံ့နွံအိုင်ထဲမှဖြတ်၍ဝင်စေပြီး ဗိုလ်ချုပ်ကြီးအစ်ချဲ(လ်)ဘာဂါး၏ တပ်များကိုလည်း ဂျပန်ခံစစ်စခန်း ရှေ့မျက်နှာစာမှ ဝင်တိုက်ရန်အမိန့်ပေးလိုက်သည်။ သို့ဖြင့်သြစတေးလျတပ်ပေါင်းသည် လူမဖြတ်နိုင်ဟူ၍ဂျပန်များအကြွင်းမဲ့ယုံကြည်ထားသည့် ရွှံ့နွံအိုင်ကြီးထဲမှဖြတ်ဝင်ခဲ့ပြီး ဂျပန်များအား အငိုက်ဖမ်းလိုက်သည်။

ဤနည်းဖြင့် ဆာနာနန်ဒါဂျပန်စစ်စခန်းကြီးသည် ဇန်နဝါရီလ(၂၃)ရက်နေ့တွင် မဟာမိတ်များလက်တွင်းသို့ ကျရောက်သွားလေတော့သည်။

သို့လျှင် ဘူနာစစ်ပွဲလည်း ဤတွင်ပြီးဆုံးသွားကာ ရက်သတ္တ(၉)ပတ်မျှ ရှည်ကြာခဲ့သည့် ဘူနာစစ်ဆင်ရေးအတွင်း၌ နောက်ဆုံးရောက်ရှိလာသည်။ ဂျပန်တပ်ကူများ အပါအဝင်ဂျပန်(၁၆၀၀၀)ခန့်အား မဟာမိတ်တပ်များက သုတ်သင်ခဲ့ပြီး သြစတေးလျတပ်ပေါင်းစုမှလည်း တပ်သား(၅၇၀၀)ခန့် ဒဏ်ရာရ၊ ပျောက်ဆုံး၊ ကျဆုံးခဲ့လေသည်။

ဘူနာတိုက်ပွဲ၏ အဓိကဇာတ်ဆောင်များဖြစ်သည့်အမှတ်(၃၂)တပ်မ၏အကျအဆုံးစာရင်းမှာမူ အောက်ပါအတိုင်းဖြစ်သည်။

တိုက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သည့်တပ်သားဦးရေ(၁၁၀၀၀)ယောက်၊ တိုက်ပွဲတွင် ကျဆုံးခဲ့သော တပ်သားဦးရေ(၆၈၇)ယောက်၊ တိုက်ပွဲတွင် ဒဏ်ရာရခဲ့သော တပ်သားဦးရေ(၁၉၁၁)ယောက်၊ ဘူနာစစ်ဆင်ရေးအတွင်း ရောဂါအမျိုးမျိုး ကပ်ငြိခဲ့သောတပ်သားဦးရေ(၅၃၅၈)ဖြစ်၏။

"ရဲဘော်တစ်ယောက်တိုက်ပွဲမှာ ကျသွားလို့ပဲဖြစ်ဖြစ်၊ ဒဏ်ရာရလို့ပဲဖြစ်ဖြစ် လူစားထိုးဖို့ကျန်းမာသန်စွမ်းတဲ့လူ မကျန်သလောက်ပဲဖြစ်ခဲ့တယ်၊ အဲဒီလို လူစားမထိုးနိုင်လာတော့ တပ်ရင်းတွေရဲ့ အင်အားဟာတစ်နေ့ထက်တစ်နေ့မှန်မှန်ကြီးဆုတ်ယုတ်လာလိုက်တာ သုံးလေးခါလောက် တပ်ရင်း

mgyoe.com

mgyoe.com


တွေမှာရှိသမျှ တပ်သားတွေအားလုံး မတ်တတ်ကနေဗုန်းဗုန်းလဲတော့မတတ်ဖြစ်ခဲ့ရပါတယ်"

ဤကားအမှတ်(၃၂)တပ်မမှ တိုက်ပွဲဝင်တပ်သားများ၏ စစ်ဆင်ရေးအတွင်းအခြေအနေကို စစ်သမိုင်းဌာနတာဝန်ခံ ဆင်မြူရယ်မေးလ်နားက တပ်မတော်သမိုင်းဌာနတွင် မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။

တစ်နှစ်ခန့်ကြာသောအခါတွင်လည်း အမှတ်(၃၂)တပ်မမှ ဘူနာတိုက်ပွဲပြန် တပ်သား(၂၀၀၀)ခန့်အားစစ်မှုထမ်းရန်မသင့်တော်တော့ သဖြင့် တပ်မမှ အငြိမ်းစားပေးလိုက်ရလေသည်။

ဘူနာတိုက်ပွဲတွင် အမြတ်ရလိုက်သူမှာမူ ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးပင်ဖြစ်သည်ဟူ၍ဆိုရပေမည်။ အဘယ်ကြောင့်ဟူမူ ဗိုလ်ချုပ်ကြီးမက်အာသာကတိပြုခဲ့သည့်အတိုင်း ဆု၊ ဘွဲ့များဖြင့်ဂုဏ်ပြုလိုက်သောကြောင့် ပင်ဖြစ်သည်။

ဤသို့ဘူနာတိုက်ပွဲအတွက် ဂုဏ်ပြုချီးမြှောက်ခြင်းခံရသော ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါးက သူ၏မှတ်တမ်းတွင်အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့လေသည်။

"ကျွန်ုပ်တို့ မဟာခရုဆိတ်စစ်ပွဲကြီးကို အောင်မြင်လိုက်ခြင်းသည် ဘုရားသခင်က စောင်မတော်မူခဲ့ခြင်းကြောင့်သာ ဖြစ်သည်။"

ဘူနာကျပြီး သုံးပတ်ခန့်အကြာတွင်မူ ဗိုလ်ချုပ်ကြီးမက်အာသာက ဘူနာစစ်ဆင်ရေးနှင့်ပတ်သက်၍သတင်းပြန်တမ်းတစ်စောင်ကို ထုတ်ပြန်လိုက်သည်။

ယင်းသတင်းပြန်တမ်းတွင် အမေရိကန်တပ်များဘက်မှ အကျအဆုံးမှာနည်းလှကြောင်း၊ ဤသို့အကျအဆုံးနည်းစွာဖြင့် အောင်ပွဲခံနိုင်လိုက်ခြင်းမှာလည်း ဘူနာတိုက်ပွဲကို အလောတကြီးမတိုက်ခဲ့ခြင်းကြောင့်သာလျှင်ဖြစ်ကြောင်း၊ စင်စစ်ဘူနာတိုက်ပွဲတွင် အချိန်သည်သာမညအခန်းကသာပါဝင်ခဲ့ကြောင်းဖြင့် ဖော်ပြထားလေသည်။

သို့သော်ဗိုလ်ချုပ်ကြီးမက်အာသာ၏ သတင်းပြန်တမ်းကိုဆန့်ကျင်၍လူသိရှင်ကြား ဝေဖန်ပြောဆိုသူတစ်ဦး ပေါ်ပေါက်ခဲ့သည်။

အံ့သြဖွယ်ကောင်းသည်ကား ယင်းပုဂ္ဂိုလ်မှာအခြားသူမဟုတ်ဘဲ

mgyoe.com

mgyoe.com


ဘူနာစစ်ဆင်ရေးကိုဦးဆောင်ရန် ဗိုလ်ချုပ်ကြီးမက်အာသာကိုယ်တိုင် ရွေးချယ်၍တာဝန်ပေးအပ်ခြင်းခံခဲ့ရသော ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါး ဖြစ်သောကြောင့်တည်း။

ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါး၏ ချေပချက်ကား ...

"အလောတကြီး မတိုက်ခဲ့တဲ့အတွက် အကျအဆုံးနည်းခြင်းဖြစ်ပါတယ်ဆိုတဲ့ ဗိုလ်ချုပ်ကြီးမက်အာသာရဲ့ အဆိုကိုကြားလိုက်ရတဲ့အတွက် ကျုပ်အလွန်အမင်း အံ့အားသင့်ခဲ့ရပါတယ်၊ အများသိတဲ့အတိုင်းပဲကျုပ်တို့ မဟာမိတ်တပ်တွေဘက်က အကျအဆုံးများခဲ့ပါတယ်၊ ကျုပ်ကိုလည်း ဘူနာအမြန်ဆုံးကျဖို့ အရေးကြီးလှပါတယ်၊ ဘူနာကို အဆောတလျင်တိုက်ဖို့လိုပါတယ်နဲ့စစ်ဆင်ရေးအတွင်းမှာ မကြာခဏသတိပေးခံခဲ့ရပါတယ်"

အသက်ပေါင်းများစွာဖြင့် တန်ဖိုးများစွာအလျော်ပေး၍အနိုင်ယူခဲ့ရသော ဘူနာတိုက်ပွဲကြီးပြီးဆုံးသွားပြီးနောက် ဂျပန်သုံ့ပန်းများအား စစ်ဆေးသောအခါတွင်လည်း ဗိုလ်ချုပ်အစ်ချဲ(လ်)ဘာဂါး၏ ချေပချက်ထက် ပို၍ပင်ရင်ဆို့ဖွယ်ကောင်းလှသကဲ့သို့ နာကြည်းဖွယ်လည်းကောင်းလှသည့် သတင်းများကို ပြည်သူလူထု နားမဆံ့အောင်ကြားလိုက်ရပြန်လေတော့သည်။

မှန်သည်။

အကယ်၍ ဗိုလ်ချုက်မက်အာသာသည် ပညာရှိပီပီ သတိနှင့်ယှဉ်သော တွေးခေါ်မှုမျိုးဖြင့်ဆင်ခြင်နိုင်ခဲ့ပါမူ ဘူနာစခန်းတွင်ရှိသော ဂျပန်တို့တွင်လက်နက်အသေးစားများမရှိသည်ကိုလည်းကောင်း၊ ဆေးဝါးနှင့်ရိက္ခာပြတ်နေသည်ကိုလည်းကောင်း၊ ရောဂါဘယထူပြောနေသည်ကိုလည်းကောင်း၊ အင်အားချည့်နဲ့နေသည်ကိုလည်းကောင်း ဆင်ခြင်မိမည်ဖြစ် သည်။ သို့မဟုတ် သိရှိအောင်ကြိုးစားမိသည်အမှန်ပင်ဖြစ်သည်။

ဂျပန်စခန်း၏အခြေအနေကိုဖမ်းဆီးရမိသည့် သုံ့ပန်းတစ်ယောက်က...

"ကျုပ်တို့ဆေးရုံမှာရှိတဲ့ လူနာတွေဟာ အသက်ရှင်နေတဲ့ကမ္ဗဋ္ဌာန်းရုပ်တွေပါပဲ၊ သူတို့ကို ပေးစရာရိက္ခာမရှိတော့တဲ့အတွက် သူတို့ဟာ သူတို့ရဲ့တစ္ဆေတွေလိုကြောက်စရာကောင်းလောက်အောင် ကြုံလှီနေကြပါတယ်" ဟုထုတ်ဖော်ပြောဆိုခဲ့လေသည်။

ဂျပန်များသည် တစ်နေ့လျှင်ထမင်းလက်တစ်ဆုပ်စာမျှသာ ရကြကာ

mgyoe.com

mgyoe.com


အချို့မှာ သစ်မြစ်၊ မြက်၊ ကဏန်း၊ မြွေစသည်များကို အလျဉ်းသင့်သလို ရှာဖွေစားသောက်ခဲ့ကြရပြီး ဝမ်းပြည့်မည့်အစာမှန်သမျှ သူတို့၏ရိက္ခာဖြစ်ခဲ့ရသည်။ ဂျပန်သုံ့ပန်းတစ်ယောက်ကမူ အောက်ပါနှလုံးပျက်စရာကောင်းသောအဖြစ်အပျက်တစ်ရပ်ကို ဖွင့်ဟပြောဆိုခဲ့ပေသေးသည်။

"ကျုပ်တို့မှာ ငှက်ဖျားရောဂါအတွက် ဆေးလည်းမရှိဘူး၊ တပ်ခွဲအတွက် တစ်ပတ်စာရိက္ခာ မရခဲ့ဘူး၊ ဒါနဲ့နောက်ဆုံးရန်သူ့အလောင်းတွေကို ရှာဖွေ စားသောက်ရတဲ့အထိဖြစ်ခဲ့ရပါတယ်၊ ကျုပ်လည်းပထမဦးဆုံးအကြိမ် လူသားကို မုန်းသွားတာပါပဲ၊ ဒါပေမဲ့ လူသားဟာ အရသာတော့ရှိပါတယ်"

အမှန်ဆိုသော် ဂျပန်များညှိမှုအထိ ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်ခဲ့ခြင်းသည်သူတို့၏ ပြင်းပြလှသော ဇာတိသွေးဇာတိမာန်ကြောင့်မဟုတ်ပေ။

ချောင်ပိတ်မိနေသော သားကောင်ငယ်ပမာ ရန်သူကိုပြန်လှန်ခုခံရုံမှတစ်ပါး အခြားရွေးချယ်ရန် နည်းလမ်းမရှိ၍သာလျှင် အသက်ပေါင်းများစွာစတေး၍ တိုက်ပွဲဝင်ခဲ့ကြခြင်းဖြစ်သည်။

သို့သော် မက်အာသာတွင်မူအခြားရွေးချယ်ရန် နည်းလမ်းပေါင်းမြောက်မြားစွာရှိ၏။ ထိုများစွာသောနည်းလမ်းများအနက်မှ အနည်းဆုံးသူသည်ဂျပန်စခန်းကို ဦးတည်ဝင်မတိုက်ဘဲကွင်းရှောင်သွားလိုက်ရုံဖြင့်ပင် ဂျပန်များ ရိက္ခာပြတ်ပြီး အလိုအလျောက်ဇာတ်သိမ်းသွားမည်ဖြစ်သည်။

ယင်းနည်းပရိယာယ်ကို ဗိုလ်ချုပ်ကြီးမက်အာသာမသိ၍မဟုတ်၊ သိပြီးဖြစ်သည်။ သိရုံမျှမက ယင်းနည်းပရိယာယ်သည် ဗိုလ်ချုပ်ကြီးမက်အာသာ၏လက်သုံးတော် နည်းပရိယာယ်ဟူ၍ပင် ဆိုနိုင်ပေသေးသည်။ အဘယ်ကြောင့်ဆိုသော် ဗိုလ်ချုပ်ကြီးမက်အာသာသည် ၎င်းနည်းပရိယာယ်ဖြင့်ပင် ပစ္စဖိတ်စစ်မျက်နှာတွင် တစ်ဖက်ရန်သူကိုအကြိမ်ကြိမ် အနိုင်ယူခဲ့ဖူးခြင်းကြောင့်ဖြစ်သည်။

အစစ်အဆေးခံရသော ဂျပန်သုံ့ပန်းများအနက် ဂျပန်ဗိုလ်မှူးတစ်ယောက်ဖြစ်သူ မစ်ဆူအိုခွိုင်ဝေးဆိုသူကမူ အောက်ပါဝါကျကလေးတစ်ခုတည်းဖြင့်ပင် ဘူနာအောင်ပွဲကြီး၏ သရုပ်သကန်အမှန်ကိုကွင်းကွင်းကွက်ကွက်ပေါ်လွင်အောင် ထုတ်ဖော်နိုင်ခဲ့ပေသည်။

"ကျုပ်တို့အင်တော်ဘေးဆိုက်အောင် အမေရိကန်တွေကတိုက်ရိုက်

mgyoe.com

mgyoe.com


ဝင်မတိုက်ဘဲနဲ့ ကွင်းရှောင်များသွားမလားလို့ အတော်ပူခဲ့ရပါတယ်"

တပ်မတော်သမိုင်းဌာန တာဝန်ခံဆင်မြူရယ်မေးလ်နားကလည်း ဤသို့ပင်ပြတ်သားစွာဝေဖန်ပြောဆိုခဲ့လေသည်။

"ဘူနာကဂျပန်တွေရဲ့ အင်အားအခြေအနေကိုယုတ်လျော့စေခဲ့တာကတော့ ဆေးဝါးမရှိမှုနဲ့ရိက္ခာချို့တဲ့မှုပဲ၊ အဲဒီလို ရိက္ခာပြတ်ပြီးနေတဲ့ဂျပန်တွေကိုမဟာမိတ်တပ်တွေက ဆန္ဒစောပြီးမတိုက်ခဲ့ရင်လည်း ဘူနာဟာရိက္ခာပြတ်ပြီးအလိုအလျောက် ဇာတ်သိမ်းသွားမှာပါပဲ"

မက်အာသာသည် အစ်ချဲ(လ်)ဘာဂါးအား အမိန့်ပေးခဲ့စဉ်က "ဂျပန်တပ်ကူများ မရောက်ခင်ဘူနာအမြန်ဆုံးသိမ်းရန်လိုကြောင်း၊ ထို့ကြောင့် ဘူနာကျရေးတွင် မိမိတို့ဘက်မှ အကျအဆုံးကိုထည့်သွင်း စဉ်းစားရန်မလို" ဟုဆိုခဲ့ပြီး ဘူနာစစ်ဆင်ရေးပြီးဆုံးသွားသောအခါ "မိမိတို့ဘက်မှ အကျအဆုံးနည်းလှကြောင်း၊ ဤသို့အကျအဆုံးနည်းရသည်မှာလည်း အလောတကြီးမတိုက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ စင်စစ် ဘူနာစစ်ဆင်ရေးတွင် အချိန်သည်သာမည့အခန်းကသာပါဝင်ခဲ့ကြောင်း" ဖြင့်သတင်းပြန်တမ်းတစ်စောင် ပြောင်ပြောင်တင်းတင်း ထုတ်ပြန်ခဲ့သည်ကို စာရှုသူသတိမူမိပြီးဖြစ်မည်။

ထို့ကြောင့်ပင် ဆိုပါစို့ ... အဆောတလျင်တိုက်ရန်မလို။ တစ်နည်း အချိန်သည်သာမည့အခန်းကသာ ပါဝင်ခဲ့သည်ဟူသောအဆိုကို ကျွန်ုပ်တို့ အမှတ်ယူရပါမူ ဘူနာရွာကလေးအားစစ်တလင်းအဖြစ် အသွင်ပြောင်းခဲ့သောဗိုလ်ချုပ်ကြီးမက်အာသာသည် ခွင့်မလွှတ်နိုင်သော မဟာအမှားတော်ကြီးတစ်ခုကို ဧကန်မုချပြုလုပ်ခဲ့မိပြီဟုပင် ဆိုရန်ရှိပြီးဘူနာတွင် ကျဆုံးခဲ့ရသောအမေရိကန်တပ်သားများနှင့် ဩစတေးလျတပ်သားများသည်လည်း မိမိအယူအဆသာလျှင် အကြွင်းမဲ့မှန်သည်ဟု ယုံကြည်သူ၊ (တစ်နည်း) အတ္တစွဲကြီးလှသော ဗိုလ်ချုပ်ကြီးတစ်ယောက်၏ ရာဇပလ္လင်ထက်တွင်အချည်းနှီးသေပွဲဝင်ခဲ့ရသည်ဟူ၍သာ ကောက်ချက်ချရန်ရှိပါတော့သတည်း။

*Ref:* Why the 32nd Division Won't Forgive Macarthur by Jules Archer.

❑

mgyoe.com



စစ်သူကြီး ရွှမ်းမဲလ်

mgyoe.com

mgyoe.com

# မနုဿတစ်ပိုင်း၊ ယန္တရားတစ်ပိုင်း

(စစ်သူကြီး ရွှမ်းမဲလ်)

– ရန်သူများကပင် တမင်အထင်ကြီးရ၍လော ...
– သူ၏စစ်အတတ်များကြောင့်လော ...

မနုဿတစ်ပိုင်း၊ ယန္တရားတစ်ပိုင်း သတ္တဝါကြီးသည် အာခံတွင်းမှ မီးတောက်မီးလျှံများ အလျဉ်မပြတ်မှုတ်ထုတ်ရင်း ဖုံလုံးကြီးများ တထောင်းထောင်းထနေသော လစ်ဗျားသဲကန္တာရပေါ်တွင် ဒေါမာန်တကြီးပြေးလွှားနေလေသည်။

ထိုသတ္တဝါကြီး၏ ခန္ဓာကိုယ်အထက်ပိုင်းမှာကား စစ်အရာရှိကက်ဦးထုပ်ဆောင်းလျက်လည်တိုင်တွင် အကွက်ဖောက်မာဖလာရစ်သိုင်းကာ သားရေဂျာကင် အဝတ်ဆင်ထားသော ဂျာမန်စစ်ဗိုလ်ချုပ်ရွှမ်းမဲလ်ဖြစ်ပြီး သတ္တဝါကြီး၏ ခန္ဓာကိုယ်အောက်ပိုင်းမှာမူ ဗိုလ်ချုပ်ရွှမ်းမဲလ် ဦးစီးသည့်ပန်ဇာ (၄)တင့်ကားကြီးပင် ဖြစ်သည်။

စင်စစ် ဗိုလ်ချုပ်ရွှမ်းမဲလ်သည် ပန်ဇာ(၄)တင့်ကားထက်တွင် ကိုယ်တစ်ပိုင်းပြူ၍မတ်တတ်ရပ်လိုက်ပါလာရင်း အပြေးအလွှားဆုတ်ခွာ ထွက်ပြေးနေသော ဗြိတိသျှဗိုလ်ချုပ်ဝေဗဲလ်၏ အဋ္ဌမတပ်မတော်အားထက်ကြပ်မကွာ လိုက်၍တိုက်ခိုက်ချေမှုန်းနေခြင်းပင် ဖြစ်သည်။

ဗိုလ်ချုပ်ရွှမ်းမဲလ်၏ တင့်ကားကြီးနောက်တွင်မူ တောခြောက်သံ၊

mgyoe.com

mgyoe.com


တောလဲသံအလား မိုးထစ်ချုန်းမှု ဘဝဂ်လျှံအောင် ပစ်ခတ်ရင်းအသစ်ဖွဲ့စည်းလိုက်သော အာဖရိကကိုး၏အမှတ်(၅)ပန်ဇာ တပ်မဟာက တင့်ကား (၁၂၀)ဖြင့် အပြင်းချီတက်လိုက်ပါလာသည်။

သူတို့တင့်ကားများသည် လစ်ဗျားသဲကန္တာရ၏ သဲထုကို လမ်းထွင်လျက်ကသုတ်ကရက် ဆုတ်ခွာနေသော ဗြိတိသျှတပ်များအား မှီသူကမှီ၊ ကျော်သူကကျော်၊ ပစ်သူကပစ်၊ နောက်မှလိုက်သူက လိုက်နှင့်ရန်သူတပ်များကိုဖဝါးထက်ကြပ်မကွာ လိုက်လံချေမှုန်းနေကြခြင်းဖြစ်သည်။

ဗိုလ်ချုပ်ရွမ်းမဲလ် ဦးစီးသည့်တင့်ကား၏ဝဲယာတစ်ဝိုက်တွင် ဗြိတိသျှတပ်များ အဆက်မပြတ်ဆုတ်ပစ် ပစ်ခတ်နေသော အမြောက်ကျည်များမတိုးသာအောင် မိုးသီးမိုးပေါက်ပမာ ကျဆင်းနေကြသော်လည်း ဗိုလ်ချုပ်ရွမ်းမဲလ်သည် တင့်ကားမျှော်စင်ပေါ်တွင် ကိုယ်တစ်ပိုင်းပြူ၍ အရပ်မပျက်စိုးစဉ်းမျှမတုန်လှုပ်မှုဘဲ တည်ငြိမ်သော အသွင်ဖြင့်ရန်သူပစ်ခတ်နေသော ကျည်များကို ဥပေက္ခာပြုလျက်အပြင်းချီတက်နေလေသည်။

ဗိုလ်ချုပ်ရွမ်းမဲလ်သည် လျှပ်တစ်ပြက်စစ်ဆင်နည်းများဖြင့် တပ်သစ်တွင်မကြာမတင်မီကလေးကပင် အောင်ပွဲခံခဲ့သူဖြစ်သည်။

ထိုစဉ်ကပင် သူ၏ဂုဏ်သတင်းသည် လူတိုင်း၏ပါးစပ်များတွင် ရေပန်းစား၍ ကျော်ကြားနေခဲ့သည်။

သူ၏အနိုင်မခံအရှုံးမပေးသော သူရသတ္တိကိုရန်သူရော၊ မိတ်ဆွေပါ အသိအမှတ်မပြုဘဲ မနေနိုင်သကဲ့သို့ထိုး၍မပေါက်၊ ပစ်၍မမှန်၊ သတ်၍မသေသူဟူ၍နတ်စစ်သည်အလား ယိုးစွပ်သူများကလည်းမရှားပါပေ။

မည်သို့ပင်လူတိုင်း၏ နှုတ်ဖျားတွင် ရေပန်းစားချင်တိုင်းရေပန်းစားပြီးသူ့အား နတ်စစ်သည်အလားယိုးစွပ်ကြသည်ဖြစ်စေ၊ သူ့အကြောင်းသူ့လောက်ယုံကြည်သူရှိအံ့မထင်ပါပေ။

တစ်ခါက ရှေ့တန်းစစ်မျက်နှာတစ်နေရာတွင် ဗိုလ်ချုပ်ဗွန်လန်း(ဂ်)နှင့်သူ့အား ရန်သူများကအမြောက်ဖြင့်အဆက်မပြတ် ပစ်ခတ်ခြင်းကိုခံနေရစဉ်...

"ကျုပ်အနားကို ကပ်ကြ၊ ကျုပ်ကျည်ပြီးတယ်။ ကျုပ်ဘယ်တော့မှ ဘေးမသီနိုင်ဘူး"ဟု သူကဆိုခဲ့ဖူးလေသည်။

ယင်းသို့မိမိကိုယ်မိမိ အကြွင်းမဲ့ယုံကြည်သော စိတ်ဓာတ်ထူးကြောင့်

mgyoe.com

mgyoe.com


လည်းယန္တရားတပ်ချင်းစစ်ထိုးသော တိုက်ပွဲတိုင်း၌သူသည်တင့်ကားမျှော်စင်ပေါ်တွင် ကိုယ်တစ်ပိုင်းပြူရပ်၍ ဦးမရှု့နောက်မတွန့်ဘဲ ရဲရဲဝံ့ဝံ့နှင့် ဦးဆောင်ပြီးတိုက်ပွဲဝင်ခဲ့ခြင်းပင်ဖြစ်သည်။

ယခုလည်းသူသည် ဗြိတိသျှတပ်များအား အာဖရိကမြောက်ပိုင်းမှမောင်းနှင်ထုတ်ပြီး စူးအက်တူးမြောင်းကိုသိမ်း၍ မြေထဲပင်လယ်ကိုဝင်ရိုးတန်းပိုင်ရေကန်ငယ်အဖြစ်ပြောင်းပစ်မည်ဟူသည့် သံမဏိဆုံးဖြတ်ချက်ဖြင့်မီးကျိုးတမျှချစ်ချစ်တောက်ပူပြင်းနေသော လစ်ဗျားသဲကန္တာရပေါ်တွင် အပြင်းဆုတ်ခွာနေသော ဗြိတိသျှတပ်များနောက်သို့မိုးသီးမိုးပေါက်များ ပမာကျဆင်းနေသည့်ကျည်များကြားမှရဲရဲတောက် ချီတက်တိုက်ခိုက်နေခြင်းပင်ဖြစ်သည်။

စင်စစ်ယခုသူထမ်းဆောင်နေရသော တာဝန်သည် မူဆိုလိုနီ၏တာဝန်ဖြစ်သည်။

မူဆိုလိုနီ၏ လှည်းကျိုးကို သူကဝင်ပိုးနေရခြင်းပင်ဖြစ်သည်။

ဂျာမန်လေတပ်မတော်သည် လေကြောင်းမှဖုံးကွဲပြီး အင်္ဂလန်ကိုအမှည့်ခြွေ ခြွေနေရင်းဂျာမန်တပ်များက ချက်ကိုစလိုဗက်ကီးယား၊ ပိုလန်နှင့် ပြင်သစ်စစ်မျက်နှာများတွင် အားသွန်ခွန်စိုက် လုံးပန်းနေစဉ်အတွင်း ဝင်ရိုးတန်းအစွန်းတစ်ဖက်ဖြစ်သော အီတလီသည်ဗြိတိသျှတပ်များကို မြောက်အာဖရိကမှမောင်းနှင်ထုတ်၍စူးအက်တူးမြောင်းအထိချီမည်ဟူသော ဟစ်တလာ၏တာဝန်ခွဲဝေပေးထားချက်ကို မူဆိုလိုနီကမကျေပွန်ရုံမျှမက ရှေ့သို့မချီဘဲနောက်သို့ပင်ပြန်လှည့်ခဲ့ရသည်အထိ အရေးနိမ့်ခဲ့ပြီးအချိန်ဇယားကို ပြောင်းတိပြောင်းပြန်ဖြစ်အောင် ပြုလုပ်ခဲ့လေသည်။

ဗြိတိသျှတပ်များသည် အီတာလျံဗိုလ်ချုပ်ဂရာဇီယာနီ၏ တပ်များကိုအီဂျစ်မှ မောင်းနှင်ထုတ်လိုက်ပြီး လစ်ဗျားတစ်ဝက်နရိုးသည်အထိ တိုက်ထားလေသည်။ အီတာလျံတပ်သား(၁၃၀၀၀၀)သည်လည်း လက်ရဖမ်းဆီးခြင်းခံလိုက်ရလေသည်။

ဗြိတိသျှ ဗိုလ်ချုပ်ဝေဗဲလ်၏တပ်များ ထရီပိုလီကို ဆက်လက်ခြိမ်းခြောက်လာသောအခါတွင် မူဆိုလိုနီသည် မျက်ပြူးဆန်ပျာအသံကုန်ဟစ်၍ဟစ်တလာအား အကူအညီတောင်းရလေတော့သည်။

၁၉၄၂–ခု၊ ဖေဖော်ဝါရီ(၁၂)ရက်နေ့တွင် ဗိုလ်ချုပ်ရှမ်းမဲလ် ထရီပိုလီ

mgyoe.com

mgyoe.com


သို့ရောက်လာသောအခါတွင် ဗြိတိသျှဗိုလ်ချုပ်ဝေဗဲလ်သည် ဘင်ဂါဇီကို သိမ်းပိုက်ပြီးစ အီတာလျံတို့၏ နောက်ဆုံးသံချပ်ကာကား တပ်မကိုဖျက်ဆီး ပြီး ထရီပိုလစ်တင်းနီးယားသို့ ဦးတည်ချီတက်နေပြီဖြစ်သည်။

စိတ်ဓာတ်အလွန်အမင်းကျဆင်းနေသော ဗိုလ်ချုပ်ဂရာဇီယာနီ၏တပ် များသည် ယန္တရားစစ်ဆင်ရေးပါရဂူတစ်ဆူဖြစ်သော ဗိုလ်ချုပ်ရွမ်းမဲလ် ရောက်လာပြီဆိုသည့် သတင်းကြောင့်နတ်ရေစင်ဖြင့် ပက်ဖျန်းလိုက်သည့် နှယ်ရုတ်ခြည်း လန်းဆန်းတက်ကြွလာကြလေသည်။

ရွမ်းမဲလ်သည် ရောက်လျှင်ရောက်ချင်းပြောစမှတ်ပြုလောက်အောင် ပင်အပြင်းချီတက်နေသော ဗြိတိသျှတပ်များကိုရပ်တန့်သွားအောင် ဟန့်တား နိုင်လိုက်သည်။

ရွမ်းမဲလ်သည် ဂျာမန်တပ်များရောက်လာမည့်အချိန်ကို စောင့်ရင်း အီတာလျံအလုပ်ရုံများအား တင့်ကားအတုများထုတ်လုပ်စေပြီး ၎င်းတင့်ကား အတုများကို ဘောက်(စ်)ဝက်ဂွန်ကားများပေါ်တွင် တပ်ဆင်စေသည်။

ယင်းသို့ စီမံပြီးသည်နှင့်ရွမ်းမဲလ်၏ အာဖရိကကိုး ရောက်လာပြီးဖြစ်၍ စစ်ဆင်ရန် အသင့်ဖြစ်နေသယောင်ရန်သူ့ကင်းထောက်လေယာဉ်များကို မျက် လှည့်ပြလိုက်ခြင်းဖြင့် ထိုရန်သူ့တပ်များကိုတုံ့ခနဲတန့်ရပ်စေလိုက်ခြင်းပင်ဖြစ်သည်။

ရွမ်းမဲလ်သည် ယင်းသို့ပရိယာယ်ဝေဝုစ်ဖြင့်ရန်သူများကို ကြောင်ပြကြွက် သေနေစေစဉ်အပေါ်စား မော်တော်ယာဉ်သုံးတပ်မရောက်လာတော့သည်။

ထိုတပ်မှာ အားကိုးလောက်သည်မဟုတ်သော်လည်း ရွမ်းမဲလ်သည် ချက်ချင်းပင်တိုက်ပွဲဆင်စေပြီး အကြီးစားဂျာမန်ထိုး စစ်ကြီးတစ်ရပ်ဆင်နွှဲတော့ မယောင်ဗြိတိသျှတပ်များကို လှန့်လိုက်ပြန်လေသည်။

သို့ဖြင့်ရိက္ခာထောက်ပံ့ရေးလမ်းကြောင်းနှင့်စိုးရိမ်ပြီးအလှမ်းကွာ တပ်ကျွံနေသော ဗြိတိသျှတပ်များသည် ရွမ်းမဲလ်၏အာဖရိကကိုးထိုးစစ် အရှိန်ကိုသွေးလန့်ပြီးကသုတ်ကရက် ဆုတ်ခွာကြတော့သည်။

မေလအတွင်းတွင် ရောက်ရှိလာတော့မည့် တပ်မနှစ်တပ်နှင့်အမှတ်(၁၅) ပန်ဇာတပ်များ မရောက်ရှိသေးမီ တိုက်စစ်ဆင်ခြင်းမပြုရန် ဟစ်တလာကအမိန့် ပေးထားသော်လည်း ဂျာမန်တပ်မတော်၏ ခေါင်းဆောင်သူရဲကောင်းကြီးဖြစ် သောရွမ်းမဲလ်သည်မိမိကိုယ်တိုင် တောင်းဆိုထားသည့်ထိုတပ်မများကိုပင်

mgyoe.com

mgyoe.com

စောင့်ဆိုင်းခြင်းပြုနိုင်တော့ဘဲ မတ်(၃၁)ရက်နေ့ တွင်အသင့်ပြင်ဆင်ပြီးသော တပ်မနှစ်တပ်တည်းနှင့်ပင် တိုက်စစ်ဆင်လေသည်။

သူ့အပြုအမူသည်ဗြိတိသျှ အဋ္ဌမတပ်မတော်ကိုသာ အငိုက်မိစေသည် မဟုတ်၊ သူ့အထက်အရာရှိများကိုပင် အံ့အားသင့်စေခဲ့လေသည်။

"ဗြိတိသျှတပ်တွေဟာ သူတို့ကိုပြန်တိုက်မယ့်တစ်ဖက်ရန်သူကိုမတွေ့ ရင်ဆက်ပြီး ချီတက်ကောင်းချီတက်နေဦးမယ်၊ တစ်ဖက်ရန်သူကို တွေ့လို့ နောက်ထပ်စစ်ပွဲတစ်ပွဲဆင်နွှဲရဦးမှာပါလားဆိုတဲ့ အသိသူတို့ခေါင်းထဲဝင်သွား တာနဲ့တစ်ပြိုင်နက်လွယ်လင့်တကူ တိုက်တော့မှာမဟုတ်ဘူး၊ မတိုက်ခင်သူတို့ ရိက္ခာဖြည့်ကြလိမ့်မယ်၊ ဒီလိုသူတို့ရိက္ခာဖြည့်တင်းနေလို့ရတဲ့အချိန်အတွင်း မှာကျုပ်တို့စစ်အင်အားဖြည့်နိုင်မယ်ဆိုတဲ့ တွက်ကိန်းပဲ"

ဤသို့တွက်ချက်၍ အသင့်မဖြစ်မီစစ်ဆင်ရပါသည်ဟု ဗိုလ်ချုပ်ရွမ်းမဲလ် ကသူ၏စစ်အဘိဓမ္မာကို နောင်တွင်ရှင်းလင်းလေသည်။

ရွမ်းမဲလ်သည် ဟစ်တလာ၏အမိန့်ကိုပင် ရဲရဲတင်းတင်းဆန့်ကျင်လျက် သူ့တွက်ကိန်းနှင့်သူ တိုက်စစ်ဆင်လိုက်သည်ကပင် သူမျှော်လင့်သည်ထက် အောင်မြင်နေပေသည်။

ခြေမကိုင်မိ လက်မကိုင်မိမျက်ပြူးဆန်ပျာ ဖြစ်နေသော ဗြိတိသျှတပ်များ သည်မာဆာအဲလ်ဘရီးဂါး အဂေးဒါးဘီးယားနှင့်ဘင်ဂါဇီမြို့များကို စွန့်လွှတ် ၍ရွမ်းမဲလ်၏ထိုးစစ်ဒဏ်ကိုမခံနိုင်ဘဲ တစ်ဆုတ်ထဲဆုတ်နေရလေသည်။

သွေးနံ့ရနေပြီဖြစ်သည့် ရွမ်းမဲလ်သည် တစ်ချက်တည်းနှင့် စွန့်၍အလဲ ထိုးရန်သူ့၏တင့်ကားများအား ဆုတ်ခွာထွက်ပြေးနေသောရန်သူများ နောက်သို့ထက်ကြပ်မကွာ လိုက်လံတိုက်ခိုက်စေပြီး 'စိုင်ရင်နိကား' တစ်ပိုင်းလုံး ကိုသိမ်းပိုက်ရန်နှင့် ဂျစ်ရှင်းနယ်စပ်ရောက်သည်အထိ ဆက်လက်ချီတက်ရန် အမိန့်ပေးလိုက်လေသည်။

အာဖရိကကိုးသည် ရွမ်းမဲလ်၏ အမိန့်ကိုဦးထိပ်ရွက်လျက် အပြင်းချီ တက်သည်။

နောင်ကြိုးမဲ့ကမ္ဘာတစ်ခုလုံးတွင် ရွမ်းမဲလ်၏ အောင်ပွဲသတင်းများကို ပါးစပ်အဟောင်းသား နားစွင့်နေကြသကဲ့သို့ ၁၉၄၀–ခုနှစ်၊ ဖေဖော်ဝါရီလ ပြင်သစ်စစ်ပွဲတွင်၃လမျှသာ တင့်ကားများနှင့်ရင်းနှီးခွင့်ရခဲ့ပြီး ယန္တရားတပ်

mgyoe.com

ကိုဦးစီးရာတွင်လည်း ဝါနုသေးသည့်ရွှမ်းမဲလ်အနေဖြင့် ယခုအခါတွင် အံ့သြဖွယ်ကောင်းလောက်အောင် ယန္တရားတပ်များကို စီမံကွပ်ကဲနိုင်သဖြင့် နာဇီနှင့် မဟာမိတ်စစ်ရေးပါရဂူကြီးများကပါ မယုံကြည်နိုင်အောင် ဖြစ်နေကြလေသည်။

"ကျုပ်နည်းကတော့ လွယ်လွယ်ကလေးပါဗျာ၊ လုံလုံလောက်လောက် ပစ်ခတ်နိုင်ဖို့အရေးကြီးတာပါပဲ၊ လေးဖက်လေးတန်ကို အမြောက်နဲ့ပစ်၊ စက်သေနတ်တွေနဲ့ပစ်၊ အဲဒီလိုမိုးမွှန်အောင် ကာပစ်ပေးနေတုန်း ရှေ့ကိုအပြင်းချီတက်ထိုးဖောက်တဲ့နည်းပါပဲ"

"ကိုယ့်ဘက်က တင့်ကားတော်တော်များများကို ရန်သူ့ကျည်မှန်အောင်မစောင့်ဘဲ ရန်သူ့တပ်စွဲထားမယ် ထင်တဲ့နေရာကိုကိုယ်က ဦးအောင်ပစ်တဲ့နည်းဟာ များသောအားဖြင့်စစ်ပွဲတစ်ပွဲရဲ့ အရှုံးအနိုင်ကိုအဆုံးအဖြတ်ပေးတာပဲ"

ဤကားသူသည်ပြင်သစ် မက်ဂျီနို ခံတပ်ကြောင်းကိုထိုးဖောက်စဉ်ကအသုံးပြုခဲ့သော နည်းဖြစ်သည်။

မည်သည့်အတားအဆီး၊ မည်သည့်ဘေးအန္တရာယ်ကိုမဆို နောက်မတွန့်ဦးမရွံ့ရင်ဆိုင်ခြင်းသည်ပင်သူ၏ ထူးကဲသောအရည်အချင်းတစ်ရပ်ဖြစ်လေသည်။

သူ့နည်းအတိုင်းပင်သူ့အရာရှိအရာခံများအားလည်း လိုက်နာလုပ်ကိုင်စေသည်။

သူသည်ကိုယ့်ကိုယ်ကိုယ် အစစအရာရာအလိုလိုက်သူမဟုတ်ပေ၊ အတတ်နိုင်ဆုံး ခြိုးခြံတတ်သူဖြစ်သည်။

သူရဲဘော မကြောင်ခြင်းနှင့်ဒုက္ခဆင်းရဲအမျိုးမျိုးဒဏ် ခံနိုင်ရည်ရှိသည့်ခွဲ၊ သတ္တိများဖြင့်ပြည့်စုံသည့်သူလည်းဖြစ်သည်။

အောင်ပွဲသာရမည်ဆိုလျှင် မည်သည့်အန္တရာယ်အတားအဆီးကိုဖြစ်စေသူရဲရဲတင်းတင်း စွန့်စွန့်စားစား ကျော်လွှားတတ်သူဖြစ်သည်။

သူမလုပ်နိုင်၊ လုပ်ချင်သည့်ဆန္ဒမရှိသော အလုပ်ဟူသမျှကိုလည်း သူ့အကြပ်တပ်သားများကိုလည်းကောင်း၊ သူ၏အရာရှိအရာခံများကိုလည်းကောင်း တစ်ခါဖူးမျှ ခိုင်းစေခြင်းပြုသူလည်းမဟုတ်ပေ။

သူမတူသော သူရသတ္တိနှင့်ဖြောင့်မတ်တည်ကြည်ပြီး စွမ်းစွမ်းတမံ

mgyoe.com

mgyoe.com

လုပ်ဆောင်မှုများဖြင့် အခြေတည်ထားသည့်ဦးဆောင်မှုအောက်မှ အာဖရိက ကိုးတပ်မကြီးသည် ထာဝရ စိတ်ဓာတ်နိုးကြားတက်ကြွနေလေသည်။

ရှမ်းမဲလ်သည်သဲကန္တာရအတွင်း တိုက်ရင်းခိုက်ရင်း ချီတက်လာသည့် သူ့တပ်မ၏အင်အားအစစ်အမှန်ကို မရိပ်မိစေရန် သဲမှုန့်များကိုတထောင်းထောင်းထကြွအောင် ပြုလုပ်ပြီးနောက်အတုကို အကာအကွယ်ယူလျက်အင်အားကြီးသော တပ်မကြီးများစစ်ဆင်ရန်ရွေ့လျားနေသယောင်ဟန်ရေးပြတိုက်စစ်ဆင်သဖြင့် ဗိုလ်ချုပ်ဝေဗဲလ်သည်သူ့တပ်များကို ကသုတ်ကရက် ဆုတ်ခွာစေပြီးအဲလ်မိချိလီဒါးနား၊ အဲလ်ဒေဒယ်၊ ဆိုဒီယား၊ ကပ်ပတ်ဇ္ဇာစသည့်မြို့များကို ဂျာမန်များ၏လက်သို့ဝကွက်အပ်ခဲ့ရလေသည်။

ရှမ်းမဲလ်သည် တစ်ခါမျှအိပ်လေ့အိပ်ထမရှိဟူ၍ ပြောစမှတ်ပြုခြင်းခံရသည်အထိ သတိဝီရိယကောင်းသူဖြစ်၏။

တစ်နေ့တာပတ်လုံး ပြင်းထန်သောစစ်ပွဲကို ဆင်နွှဲရသည့်တိုင်နံနက်လင်းစ ခြောက်နာရီထိုးသည်နှင့်နိုးနေပြီဖြစ်၏။

ထို့နောက်တွင်

ရှမ်းမဲလ်သည်နေ့စဉ် စစ်ရိုးစစ်ဆင်အတိုင်း မိမိတပ်စခန်းများနှင့်ရန်သူ့တပ်စခန်းများကို စေ့စေ့ငုငု စစ်ဆေးလေတော့သည်။

တစ်ခါတစ်ရံအီတာလျံလေယာဉ်ငယ်ကိုကိုယ်တိုင်မောင်းနှင်၍ လေကြောင်းမှ ကင်းထောက်တတ်သေးသည်။

တစ်ခါတစ်ရံတွင်လည်း ဗြိတိသျှများထံမှ သိမ်းဆည်းရမိထားသော 'မာမွတ်'ခေါ် သံချပ်ကာ ထရပ်ကားကိုကင်းထောက်ရာတွင် အသုံးပြုတတ်ပေသည်။

သူသည်မိမိတပ်များ၏ မည်သည့်ချွတ်ယွင်းချက်ပင်ဖြစ်စေ မျက်စိလျှမ်းသွားလေ့မရှိ။ နိုက်နိုက်ချွတ်ချွတ် မြင်တတ်သူလည်းဖြစ်လေသည်။

စက်သေနတ်နေရာယူပုံ မမှန်ကန်ခြင်း၊ ရန်သူများမမြင်စေရန်မြေမြှုပ်ဗုံးများသိုသိုသိပ်သိပ် စေ့စေ့စပ်စပ် မမြှုပ်နှံခြင်း၊ သယ်ယူပို့ဆောင်ရေးကိရိယာများနှင့် ကင်းမျှော်စင်များကို ရန်သူမမြင်အောင်ရုပ်ဖျက်ဖုံးကွယ်ထားရာတွင် မသေသပ်ခြင်း စသည့်အပြစ်အနာဆာ ချို့ယွင်းချက်များကို တွေ့ရှိသောအခါတွင်သူ့လက်အောက်ရှိ အရာရှိအရာခံများ မသက်သာတော့ပြီပွက်ပွက်ညံအောင်

mgyoe.com

ပင် ဆူပူကြိမ်းမောင်းတတ်လေသည်။

တစ်ခါတစ်ရံတွင်မူ လေယာဉ်ဖြင့်ပျံသန်း၍လည်းကောင်း၊ သံချပ်ကာကားကို ကိုယ်တိုင်မောင်းနှင်၍လည်းကောင်း၊ မိမိတပ်များနေရာချထားပုံကိုဗြိတိသျှဘက်မှ မည်သို့မည်ပုံမြင်ထားကြောင်း သိနိုင်ရန်ရန်သူ့တပ်များနေရာယူ တပ်စွဲထားသည့်ဘက်သို့သွားရောက်၍မိမိတပ်များ၏ ချို့ယွင်းချက်များကို တစ်ခုမကျန်အောင်ပြန်လည်ကြည့်တတ်လေသည်။

ထိုတွင်မက သူ့ကိုယ်သူသေနတ်အပစ်အခတ်ခံရအောင်လည်း ကြံဖန်ပြုမူတတ်သေးသည်။ သူသည်ရန်သူ၏အပစ်အခတ်ကို အလေးမမူဥပေက္ခာပြုထားရသည်ကိုပင် နှစ်သက်သဘောကျတတ်သည်။

တိုက်ပွဲဆင်ရင်း ဘေးချင်းယှဉ်ခုံတွင် ထိုင်နေသည့်မိမိလက်အောက်အရာရှိများ တစ်ယောက်ပြီးတစ်ယောက်ရန်သူ့ကျည်သင့်နေသည်ကိုပင် စိုးစဉ်းမျှမတုန်လှုပ်။ ဤမျှ စိတ်ဓာတ်သည်တည်ငြိမ်ကြံ့ခိုင်သူဖြစ်သည်။

သို့သော်သူအစွဲမှန်းဆုံးတစ်ခုမှာမူ သူ့အရာရှိများအရဏ်ကျင်းသည့်တိုင်အအိပ်ကျူးအပျင်းထူနေခြင်းပင်ဖြစ်လေသည်။

တစ်ခါတွင်ကံဆိုးသောဗိုလ်မှူးကြီးတစ်ယောက်သည် ညဉ့်ဝတ်အင်္ကျီဝတ်လျက်အိပ်မှုန်စုံမွှားဖြင့် သူ့အားထွက်၍ နှုတ်ဆက်မိရာသူက ...

"သောက်ပျင်းသိပ်ထူတဲ့ လူဆိုး၊ ဘာလဲ ...မင်းကိုငါ မနက်စာလာပို့မယ်ထင်ပြီးစောင့်နေတာလား" ဟုဟစ်အော်ကြိမ်းမောင်းဖူးလေသည်။

သူသည် ပထဝီကျွမ်းကျင်သူပီပီ နေရာမလပ်မြေပုံထားသည့် ရန်သူ၏မြေမြေပုံဖုံးခင်းများကို ထိကပါး ရိကပါး တိမ်းကာငဲ့ကာ ပွတ်ကာသီကာ ကွေ့ပတ်မောင်းနှင်ရင်း တိုက်ပွဲပြင်းထန်နေသည့် စစ်ဦးနေရာသို့စွန့်စွန့်စားစားထိုးဖောက်ဝင်ရောက်မြဲဖြစ်သည်။

သူ၏ ဗိုလ်ချုပ်များနှင့်အရာရှိကြီးငယ်များက သူ့အားဤမျှ အရဲစွန့်ခြင်းမပြုရန် သတိပေးစကားပြောကြားသည်တွင်လည်း "ဘယ်ရေကြောင်းဗိုလ်ချုပ်မှ ရေကြောင်းတိုက်ပွဲကိုကမ်းခြေစခန်းက တိုက်လို့နိုင်မှာမဟုတ်ဘူး" ဟူသည့်သူ၏ ကမ္ဘာကျော်စစ်အဘိဓမ္မာဖြင့် ပြန်လည်ကိုင်ပေါက်တတ်သည်ချည်းပင်ဖြစ်သည်။

သူသည်အလွန်အမင်းဇဝနဉာဏ်ရှင်သူဖြစ်သည့်အလျောက်မည်

mgyoe.com

mgyoe.com

သည့်ပြဿနာမည်သည့်စစ်ရေးစစ်ရာကိုပင်ဖြစ်စေ တဒင်္ဂအတွင်းအဆုံးအဖြတ်ပေးနိုင်သူဖြစ်သကဲ့သို့ ရုတ်ခြည်းပေါ်ပေါက်လာသောအခွင့်အလမ်းကောင်းများကိုလည်းလက်မလွတ်တမ်းမိမိရရကိုင်တွယ် အသုံးချတတ်သူဖြစ်လေသည်။

အောင်ပွဲများကိုဆက်ခါဆက်ခါ အံ့ဖွယ်သူရဲဆွတ်လှမ်းနိုင်ခဲ့သည့်အကြောင်းရင်းမှာ သူသည်ဗြိတိသျှဗိုလ်ချုပ်များကဲ့သို့ မိမိထံရောက်ရှိရန်အဆင့်ဆင့်တက်လာသည့် စစ်ရေးအခြေအနေသတင်းများကို အချိန်နှောင်းခံ၍စောင့်ဆိုင်းခြင်းမပြုသောကြောင့်ပင်ဖြစ်သည်။

သူသည်ရန်သူတပ်စွဲထားရာသို့ကိုယ်တိုင်သွားရောက် ကင်းထောက်သဖြင့်ထောင်ချောက်များကို တစ်မုဟုတ်ချင်းရှောင်ကွင်းနိုင်သကဲ့သို့ ပေါ်လာသည့် အခွင့်အရေးကောင်းဟူသမျှကိုလည်းလက်တုံ့မနှေးဘဲ လျင်လျင်မြန်မြန် လက်မလွတ်တမ်းအသုံးချနိုင်ခြင်းကြောင့်ဖြစ်လေသည်။

တိုက်ပွဲပြင်းထန်နေသောအခါတွင် သူသည်စာရွက်စာတမ်းများရှေ့ချပြီးတကူးတကန့်အချိန်ဆွဲမနေဘဲ လျင်လျင်မြန်မြန် နှုတ်ဖြင့်ပင်အမိန့်ပေးလေ့ရှိသည်။

ရန်သူများတိုက်ပွဲတွင် မဲနေသဖြင့်နားထောင်ရန်အချိန်မရနိုင်ဟုထင်လျှင်သူသည် စကားဝှက်ပင်မသုံးတော့ဘဲ နှုတ်ဖြင့်ပင် အမိန့်ပေးပြီးတစ်ဖန်တပ်မှူးအသီးသီးထံသို့ ကြိုးမဲ့ကြေးနန်းဖြင့် တစ်ဆင့်လွှင့်ပို့တတ်သည်။

သူသည် သုံး၍မကုန်နိုင်လောက်အောင် စစ်ပရိယာယ်ကြွယ်ဝသူဖြစ်သည်။

သူသည်အနည်းငယ်မျှသော ရှေ့ပြေးပဏာမတပ်ဦးဖြင့် ဗြိတိသျှတပ်များကို အရောင်ပြလိုက်ပြီးဘယ်ခြောက်ကာ ညာလှမ်းသည့်နှယ် ဗြိတိသျှတင့်ကားများကစဥ့်ကရဲကွဲသွားစေရန် တစ်နေရာပြီးတစ်နေရာ အလှည့်ကျပစ်ခတ်ဖြိုခွဲတတ်သည်။

ဗြိတိသျှတင့်ကားများအစိတ်စိတ်အမြွာမြွာကစဥ့်ကလျား ကွဲသွားသည်နှင့်တစ်စီးပြီးတစ်စီး စိတ်ကြိုက်ဖျက်ဆီးလေ့ရှိသည်။

တစ်ခါတစ်ရံမိမိထက် အင်အားကြီးမားသောရန်သူ့တပ်များနှင့်ဆုံတွေ့လျှင်လည်း၊မိမိတပ်များကို လျှပ်တစ်ပြက်တပ်ဖျောက်ရွှေ့သွားနိုင်သူဖြစ်သည်။

သူကြိုက်သည့်နေရာနှင့်ကြိုက်သည့်အချိန်မဟုတ်လျှင်လည်း မည်

mgyoe.com

mgyoe.com


သည့်အခါမျှဆန္ဒစော၍တိုက်ပွဲဆင်သူမဟုတ်ပေ။

သူ့စိတ်ကြိုက်အခြေအနေပေးသဖြင့် တိုက်သောအခါတွင်လည်း တင့်ကားပစ်အမြောက်များကိုပန်ဇာတင့်ကားများရှေ့မှကာပစ်ပေးပြီး သူ၏ပန်ဇာတပ်များအား ထက်ကြပ်မကွာချီတက်စေသောနည်းကို အသုံးပြုလေသည်။

ကာပစ်ပေးနေသောအမြောက်များက ရန်သူ့တင့်ကားများကိုချည့်နဲ့သွားအောင်ပစ်ခွင်းပေးပြီးသည်နှင့် ဒဏ်ရာအနာတရရနေသော သားကောင်ကိုအဆုံးစီရင်ရန် ပန်ဇာတင့်ကားများက အပြင်းချီ၍ချေမှုန်းတိုက်ခိုက်လေတော့သည်။

ပန်ဇာတပ်များ ရန်သူ့ကျည်ထိမှန် ပျက်ယွင်းသောအခါတွင်လည်း ကာပစ်ပေးနေသော အမြောက်များနောက်ကွယ်သို့ဆုတ်စေပြီး ပြင်သူပြင်၊ ဆီထည့်သူထည့် ပြုလုပ်ကြရသည်။

စိုင်ရင်နီးကားတစ်ခွင်တွင်ရွှမ်းမဲလ်၏လျှပ်တစ်ပြက် ထိုးစစ်ဒဏ်ကို ကြံ့ကြံ့ခံထားနိုင်သည့်နေရာမှာ တိုဘရပ်ဆိပ်ကမ်းမြို့တစ်မြို့သာလျှင်ဖြစ်လေသည်။

ထိုးစစ်ဘုရင်ရွှမ်းမဲလ်ကိုအန်တု၍ ရင်မြေကတုတ်လုပ်ကာ ကြံ့ကြံ့ခံနေသော တိုဘရပ်မြို့စောင့်တပ်မှာစစ်ရည်ဝသည့် ဩစတေးလျ အမှတ်(၉) တပ်မဟာပင်ဖြစ်သည်။

ထိုတပ်မသည်တပ်ပြောင်းတာဝန်လွှဲခြင်းမပြုနိုင်မီ ရက်ပေါင်း(၂၂၀) တိတိထိုးစစ်အမျိုးမျိုးနှင့်လေကြောင်းတိုက်ခိုက်မှုအမျိုးမျိုးကို ခေါင်းမဖော်နိုင်အောင်ခံနေရသော်လည်း နောက်မတွန့်ကြောက်ရွံ့ခြင်း အလျဉ်းမရှိဘဲ ကြံ့ကြံ့ခံမြဲခံနေခဲ့သည်။ နာဇီဝါဒဖြန့်ချိရေးမှူး'လော့(ဒ)ဟောဟောကပင် ကြိတ်မနိုင်ခဲမရ စိတ်ဆိုးမာန်ဆိုးဖြင့်'တိုဘရပ်ကြွက်များ'ဟူ၍ရင့်ရင့်သီးသီး ကင်ပွန်းတပ်ခြင်းခံရသူများဖြစ်သည်။

ယင်းသို့အမည်ပေးခြင်းခံရသောတိုဘရပ်မြို့စောင့်ဩစတေးလျများကလည်း ၎င်းအမည်ကိုပင် ခံ့ခံ့မင်မင်ခံယူကာ ဂုဏ်ယူနေကြပေသည်။

ထိုသို့ဩစတေးလျတပ်သားများ တိုဘရပ်မြို့ကို ကြံ့ကြံ့ခံအသက်ပေးကာကွယ်နေစဉ် တစ်ချိန်လုံးဂျာမန်'လု(ဖ်)ဝ(ဖ်)'ဗုံးကြဲလေယာဉ်များသည်မြို့

mgyoe.com

mgyoe.com

လုံးညက်မျှ လေကြောင်းမှတိုက်ခိုက်ဖျက်ဆီးတတ်ကြသည်။

ရက်ပေါင်း(၁၅၀)အတွင်းဂျာမန်နှင့် အီတာလျံတပ်များသည် (၁၄၃၁) ကြိမ်မျှတိုဘရပ်ကိုလုပ်ကြသည်။

တစ်ကြိမ်တွင်မူ တင့်ကားအင်အား(၆၀)ဖြင့်ပင် တရကြမ်းဝင်ရောက်တိုက်ခိုက်လေသည်။

မည်သို့ပင် အပြင်းအထန်ထိုးစစ်ဆင်၍ မြို့စီးရန်အကြံပြုငြားလည်း ရှမ်းမဲလ်၏ရန်ကို ထုထားပေသားရနေပြီဖြစ်သော ဩစတေးလျတပ်သားများကမူ ကြံ့ကြံ့ခံမြဲနေရုံသာမက တိုက်ပွဲပြီးဆုံးချိန်တိုင်း အီတာလျံလက်နက်မျိုးစုံကိုပင် သိမ်းပိုက်လိုက်နိုင်သည်ချည်းဖြစ်သည်။

ထို့ကြောင့်ပင် ...

ရှမ်းမဲလ်ကိုယ်တိုင်"ကျုပ်တို့ရန်သူတွေအားလုံးဩစတေးလျတွေ မဟုတ်တာပဲ ဘုရားသခင်ကိုကျေးဇူးတင်ရမယ်"ဟုဆိုခဲ့ဖူးလေသည်။

ရှမ်းမဲလ်သည်စစ်ကို စစ်သဘောအရသာ တိုက်သူဖြစ်ရာ သူတစ်ထူးအသက်ကိုအကြောင်းမဲ့သတ်ဖြတ်ရန် တတ်နိုင်သမျှရှောင်ရှားတတ်သူဖြစ်သည်။

တင့်ကားချင်းတိုက်သည့် တိုက်ပွဲများကဲ့သို့ ရန်သူ့ပစ္စည်းကို အဓိကထား၍ဖျက်ဆီးရသောစစ်ပွဲမျိုး မဟုတ်မူဘဲလူကို ပစ်မှတ်ထား၍တိုက်နေရသော တိုဘရပ်တိုက်ပွဲကိုမရှောင်မလွှဲသာဆင်နွှဲနေရသော်လည်း အလွန်ဝန်လေးလှကြောင်းညည်းညူဖူးလေသည်။

ရှမ်းမဲလ်စိတ်အဝင်စားဆုံးနှင့် ဝါသနာအထုံဆုံးမှာသူ၏ တင့်ကားများကိုဦးစီးကွပ်ကဲပြီး ရန်သူယန္တရားတပ်များချီရာ စစ်ကြောင်းကို ပွတ်ကာသီကာလှည့်ပတ်ဖြတ်တောက်၍ပရိယာယ်ကြွယ်ကြွယ်ဖြင့် စစ်ရေးဝင်ရသောစစ်ထိုးနည်းသာလျှင်ဖြစ်သည်။

၁၉၄၁-ခု၊ မေလ(၂၇)ရက်နေ့တွင် ရှမ်းမဲလ်သည်အီဂျစ်ရှင်းနယ်စပ်ဟဲလ်ဖာယာတောင်ကြားကို သိမ်းပိုက်လိုက်သည်။ သူသည်ချက်ချင်းပင်ထိုနေရာတွင်(၈၈)မီလီမီတာ အမြောက်များကိုအခိုင်အမာနေရာချထားလိုက်ပြီး မလွဲမသွေတန်ပြန်ထိုးစစ်ဆင်လာမည့် ဆေဗဲလ်၏ရန်ကိုကာကွယ်ရန်အတွက် အသင့်ပြင်ဆင်လေတော့သည်။

mgyoe.com

mgyoe.com


သူသည်မြောက်အာဖရိကမြေပေါ်သို့ခြေချသည့်နေ့မှစ၍ တိုက်ပွဲဆင်သည့်နှစ်လအတွင်း အာဖရိကမြောက်ပိုင်းကို မိုင်တစ်ထောင်ပေါ်ဆီသည်အထိတိုက်ခိုက်သိမ်းပိုက်ထားနိုင်ပြီးဖြစ်သဖြင့် စိတ်ကြိုက်အချိန်ယူတိုက်နိုင်သော အခြေအနေသို့ရောက်ရှိခဲ့ပေပြီ။

သူ၏နောက်တွင်လည်းတိုဘရပ်မှလွဲ၍ဗြိတိသျှတပ်များ အကုန်အစင်သုတ်သင်ရှင်းလင်းပြီးဖြစ်သည်။

အောင်ပွဲရစစ်သူကြီးကျော်ပင် ဖြစ်လင့်ကစားသူ့တွင် ခေါင်းခဲရသည့်ပြဿနာများနှင့်ကင်းရှင်းရသည်တော့ မဟုတ်ပါပေ။

သူအရေးတကြီးရင်ဆိုင်နေရသော ပြဿနာမှာရိက္ခာထောက်ပံ့ရေးလမ်းပန်းကိစ္စပင်ဖြစ်သည်။

ဝေးလံလှသော ထရီပိုလီမှသည်ရှေ့တန်းစစ်မျက်နှာအရောက် ရိက္ခာပို့ဆောင်ရသည့်အလုပ်မှာ လွယ်ကူလှသည်မဟုတ်။

တိုဘရပ်ကိုကွင်း၍နေစဉ်လိုအပ်သောရိက္ခာ တန်ချိန်(၁၅)တန်ကိုသယ်ဆောင်လာရသည့်ကုန်တင်ကားများသည် ရန်သူများ၏ ဖြတ်တောက်ချုံခိုတိုက်ခိုက်ခြင်းကို မကြာခဏခံနေကြရသည်။

ရှေ့တန်းစစ်မျက်နှာသို့ ရိက္ခာထောက်ပံ့ရေးမလွယ်ကူသည့်နောက်ဆုံးတွင်ဖမ်းဆီးရမိသော ရန်သူ့ရိက္ခာများပေါ်၌ အမှီသဟဲပြုရသည့်အခြေသို့ဆိုက်ရောက်လာခဲ့လေတော့သည်။

အခြားပြဿနာတစ်ရပ်မှာအာရပ်အမျိုးသမီးများကို စော်ကားသည့်အတွက်အာရပ်များက အီတာလျံတပ်သားများအား မကြာခဏသတ်ဖြတ်လက်စားချေနေသည့်အမှုအခင်းများပင်ဖြစ်သည်။

၎င်းကိစ္စနှင့်ပတ်သက်၍ မူဆိုလိုနီသည်တာဝန်ရှိသူအာရပ်သားသာမကအာရပ်အမျိုးသားလုံးကိုပါ သတ်၍အပြစ်ပေးရန် ရောမမှနေ၍စာတစ်တန်ပေတစ်တန် ညွှန်ကြားချက်များပေးနေလေသည်။

ရွှမ်းမဲလ်သည် မူဆိုလိုနီ၏စာကို စက်ဆုပ်ရွံရှာသော အမူအရာနှင့်ဖတ်ပြီးနောက်ဆုတ်ဖြဲပစ်လိုက်သည်။

ချက်ချင်းပင်သူ၏ရှေ့တန်းစစ်မျက်နှာ အနီး၌မလိုလားအပ်သောလက်နက်စွဲကိုင်ပုန်ကန်ထကြွမှုများမဖြစ်ပွားစေရန်အာရပ်အမျိုးသားများနှင့်

mgyoe.com

mgyoe.com

ပြေပြေပြစ်ပြစ်ဆက်ဆံရန် လိုအပ်ကြောင်းအီတာလျံစစ်အာဏာပိုင်များထံသို့ပြင်းပြင်းထန်ထန်တောင်းဆိုလိုက်သည်။

ရှမ်းမဲလ်ကအီဂျစ်ရှင်းနယ်စပ် ဆော်လမ်၊ ဘာဒီယာ၊ ဟဲလ်ဖာယာစစ်မျက်နှာတွင် တပ်များကိုစု၍အခိုင်အမာတပ်စွဲနေစဉ်သူကြိုတင်တွက်ချက်ထားသည့်အတိုင်းဝေဗဲလ်က ပြင်းပြင်းထန်ထန်တန်ပြန်ထိုးစစ်ဆင်လာသည်။

ဇွန်လ(၁၅)ရက်နေ့တွင်ဖြစ်သည်။

ထိုနေ့တွင် ဝေဗဲလ်သည်တင့်ကားအင်အား(၂၅၀)နှင့် ကတုတ်ရင်တားများကို ထိုးဖောက်ဖြတ်ကျော်၍ရှမ်းမဲလ်၏ တင့်ကား(၁၅၀)ကိုချေမှုန်းရန်အပြင်းအထန် တန်ပြန်ထိုးစစ်ဆင်လေတော့သည်။

ရက်သတ္တပတ်မျှ တိုက်ပွဲအပြင်းအထန်ဖြစ်ပွားသည်၏ အဆုံးတွင် ဝေဗဲလ်သည် မှန်းခြေမကိုက်ဘဲမရှုမလှအရေးနိမ့်သွားရလေသည်။

တိုက်ပွဲအတွင်းရှမ်းမဲလ်သည် အဆုတ်၊ အတက်၊ အကွေ့အပတ်အထပ်ထပ်သော စစ်ပရိယာယ်ဖြင့် ဗြိတိသျှတင့်ကားသုံးပုံနှစ်ပုံကို ဖျက်ဆီးလိုက်နိုင်လေသည်။

ထိုအောင်ပွဲအတွက်သူရင်းလိုက်ရသော အရင်းအနှီးမှာတင့်ကား(၂၅)စီးမျှသာဖြစ်သည်။

နောင်တွင် ဝေဗဲလ်သည်အာဖရိကကိုး၏ ဗိုလ်ချုပ်ဖြစ်သောရှမ်းမဲလ်အားလက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်စုံသော စစ်ရေးကျွမ်းကျင်သည့်ပြိုင်ဘက်တစ်ဦးဖြစ်ကြောင်းထုတ်ဖော်ဂုဏ်ပြုခဲ့လေသည်။

ဝေဗဲလ်ကိုယ်တိုင်အရည်အသွေးလျှမ်းလျှမ်းတောက်သော စစ်သူကြီးတစ်ဦးဖြစ်လင့်ကစားရှမ်းမဲလ်၏ ပရိယာယ်ကျော့ကွင်းကို ရှောင်ကွင်းခြင်းငှာ မစွမ်းနိုင်ဘဲမယှဉ်သာ၊ မနိုင်းသာ၊ မပြိုင်သာဖြစ်ခဲ့ရရှာသည်။

ယခုမူ ရှမ်းမဲလ်အား'သဲကန္တာရမြေခွေး'ဟူ၍ပင် လူအများကခေါ်ဝေါ်တင်စားနေကြပြီဖြစ်သည်။

ဝေဗဲလ်သည်ရှမ်းမဲလ်၏ ပရိယာယ်ကျော့ကွင်းအတွင်းသို့ဝင်မိတိုင်းမရှုမလှ အရေးနိမ့်ရသည်ချည်းသာဖြစ်သည်။

ခြောက်ရုံဖြင့်ကြောက်၊ လှန့်ရုံဖြင့်လန့်၊ ပဏာမတပ်ဦးပြရုံဖြင့် တပ်မ

mgyoe.com

mgyoe.com


ကြီးထင်လိုထင်၊ တိုက်သင့်သည့်အချိန်ဖြစ်လျက် မတိုက်မိ၊ တက်သင့်သည့်အချိန်မဟုတ်ပါဘဲလျက် တက်မိသည့်ဝေဗဲလ်၏အဖြစ်များမှာရွှမ်းမဲလ်၏ပရိယာယ်များကြောင့်သာလျှင်ဖြစ်သည်။

ရွှမ်းမဲလ်သည် ချို့တဲ့သောမိမိတပ်အင်အားကိုရန်သူမရိပ်စားမိအောင်ဖုံးကွယ်ရာတွင် သူမတူအောင်တော်သူဖြစ်သည်။

ဘုရင့်လေတပ်မတော်မှ ကင်းထောက်လေယာဉ်များကသူ၏တပ်ရွေ့လျားနေပုံကို မပြတ်ဓာတ်ပုံရိုက်သတင်းယူနေသည်ကို သိထားသူပီပီ တစ်ခါတွင် အင်အားနည်းသောတပ်စခန်းတစ်နေရာကို ဖုံးကွယ်ရန်အတွက် သူ၏ကားမျိုးစုံကို သဲပေါ်တွင်ဘီးရာများ၊ ယာဉ်သွားလမ်းကြောင်းများပေါ်အောင် နာရီပေါင်းများစွာ အထပ်ထပ်လှည့်ပတ်မောင်းနှင်စေခဲ့သည်။

ဝေဗဲလ်သည် ကင်းထောက်လေယာဉ်များရိုက်ယူထားသော ဓာတ်ပုံသတင်းကိုစစ်ဆေးပြီးသည်နှင့် တစ်ပြိုင်နက်ထိုမြေတွင်ချထားသောသူ့တပ်များကို ဆုတ်မိန့်ပေးလိုက်လေသည်။

တစ်ကြိမ်တွင်လည်း တစ်နေရာတွင်ဗြိတိသျှတပ်များကို တိုက်ခိုက်ရန်ရန်သူ၏ တင့်ကားများကိုအသင့်ပြင်စေရာ တင့်ကား(၆)စီးမှလွဲ၍ ကျန်တင့်ကားများပျက်ယွင်းနေကြောင်း သတင်းရရှိလာသည်။

သူသည်စိုးစဉ်းမျှတုန်လှုပ်သည့်ဟန်မပြဘဲ လေအေးအေးဖြင့်ပင် ...

"ဒီလိုဆိုလည်း ဖုန်နဲ့တိုက်ကြတာပေါ့ကွာ ..."

ဟုဆိုကာလိမ့်၍ ရသမျှလက်လှမ်းမီသရွေ့ ကားများကိုစုရုံးလိုက်ပြီး ဖုန်လုံးကြီးများ တထောင်းထောင်းထအောင် ဝိုင်းကြီးပတ်ပတ်အထပ်ထပ်မောင်းနှင်စေသည်။

ထို့နောက်တွင် ဖုန်လုံးကြီးများကို အကာအကွယ်ယူ၍ ထိုကားကောင်းလက်ကျန်(၆)စီးကိုမီးကုန် ယမ်းကုန်တရစပ် ပစ်ခတ်တက်စေသည်တွင် ဗြိတိသျှတပ်များသည် ဂျာမနီတပ်မတစ်တပ်နှင့်ရင်ဆိုင်နေရပြီးဟူ၍ အထင်ရောက်ပြီး ကသုတ်ကရက် ဆုတ်ခွာပြေးလေတော့သည်။

သူ၏ဖုန်ထအောင်လုပ်ပြီး မှိုင်းတုသုံးနည်းမျိုးစုံတွင်လည်းတင့်ကားများနောက်မြီးတွင် ပတ္တူပြားများချည်နှောင်၍ တရွတ်ဆွဲသည့်နည်းသည်

mgyoe.com

mgyoe.com


လည်းတစ်နည်းအပါအဝင်ဖြစ်သည်။

နောက်တစ်ဆင့်တက်၍ တိုးတက်သောနည်းကိုပင် အသုံးပြုလိုက်သေး၏။

ဤသည်မှာ ကုန်တင်ကား၏နောက်မြီးတွင်ပန်ကာတပ်ဆင်၍လေမှုတ်အားဖြင့် ဖုန်တထောင်းထောင်းထစေသော နည်းပင်ဖြစ်သည်။

တစ်ခါတွင်

"တိုက်ပွဲတွေမှာ ကျုပ်ရဲ့တင့်ကားအစစ်တွေနဲ့တိုက်လို့နိုင်တာထက် ကိုယ်ပျောက်တင့်ကားတပ်တွေနဲ့ တိုက်လို့နိုင်တာက ပိုပြီးများကောင်းများ ပါလိမ့်မယ်" ဟုရယ်ရယ်မောမောနှင့် မှတ်ချက်ချဖူးလေသည်။

ရွမ်းမဲလ်အနှစ်သက်ဆုံး လက်စွဲတော်နည်းပရိယာယ်တစ်ရပ်မှာ ဖမ်းဆီးရမိသည့်ရန်သူ၏ တင့်ကားများနှင့်အခြားယာဉ်များကိုသူ့တပ်၏တစ်စိတ်တစ်ဒေသသဖွယ် အသုံးပြု၍ရန်သူမျက်စိမှောက်ကာရှုပ်ထွေးသွားအောင် ပြုလုပ်သောနည်းဖြစ်သည်။

အများတကာထက်ထူးထူးခြားခြား ဆန်းဆန်းပြားပြားစွန့်စားလိုသည့်ဝါသနာကြောင့် တစ်ကြိမ်တွင်ရွမ်းမဲလ်သည် သိမ်းဆည်းရမိလိုက်သော ရန်သူ၏တင့်ကားတစ်စီးဖြင့် သဲကန္တာရထဲတွင် ကင်းထောက်ထွက်စဉ်ရန်သူ့ တင့်ကား အုပ်စုတစ်စု နေရာယူထားသည့်ကင်းပုန်းတစ်ခုထဲသို့ အမှတ်မထင် မောင်းဝင်သွားမိသည်။

သည်တစ်ကြိမ်ကင်းထောက်ထွက်ရာ၌ သူသည်ယခင်စီးနေကျအတိုင်းတင့်ကားမျှော်စင်ပေါ်တွင် ကိုယ်တစ်ပိုင်းပြူ၍မတ်တတ်ရပ်လိုက်ပါလာသည်မဟုတ်ဘဲ တင့်ကားထဲတွင် ဝင်လျက်လိုက်ပါလာခြင်းဖြစ်သည်။

ဗြိတိသျှတပ်သားတစ်ဦးသည် ရွမ်းမဲလ်လိုက်ပါစီးနင်းလာသော တင့်ကားကိုမိမိတို့ဘက်မှ တင့်ကားဟုထင်မှတ်ပြီးသူ၏လက်ဖက်ရည်ခွက်ဖြင့် တင့်ကားသံပြားပေါ် တဒေါက်ဒေါက်နှင့်လာခေါက်သည်။

ထိုအခါတင့်ကားအတွင်းမှ ရွမ်းမဲလ်ကလည်းသူဖြန့်ထားသည့်တင့်ကားအုပ်စုတစ်စုနှင့် တွေ့ဆုံပြီးအထင်ဖြင့်ထိုင်ရာမှဆတ်ခနဲမတ်တတ်ထရပ်လိုက်သည်။

တင့်ကားအောက်မှဗြိတိသျှတပ်သားသည်လည်းကောင်း၊ တင့်ကား

mgyoe.com

mgyoe.com

အပေါ်မှရွှမ်းမဲလ်သည်လည်းကောင်း တစ်ယောက်မျက်နှာကိုတစ်ယောက် ကျိုးကျိုးကြောင်းကြောင်းကြည့်ရင်း ကြက်သေ သေနေလေသည်။

ယင်းသို့တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်ရင်းကြောင်ငေးငေး ဖြင့်မှင်တက်နေရာမှခဏအကြာတွင် ဗြိတိသျှတပ်သားသည် ဘီလူးသဘက်နှင့်ရင်ဆိုင်တွေ့လိုက်ရသည့်နှယ် အသံကုန်လန့်ဖျပ်အော်ဟစ်လိုက်သည်။

"အမလေး ...သဲကန္တာရမြေခွေးကိုယ်တိုင်ပါလားဗျို့..."

လန့်ဖျပ်အော်ဟစ်ရင်း မြားတစ်စင်းအဟုန်ဖြင့်ဖနောင့်နှင့်တင်ပါးတစ်သားတည်းကျအောင်ပြေးသွားသောစစ်သားလေးကို တစ်ချက်မျှကြည့်လိုက်ပြီးနောက် ရွှမ်းမဲလ်သည်ဗြိတိသျှများ ရုတ်ရုတ်သဲသဲဖြစ်မသွားမီတင့်ကားကိုအမြန်ဆုံး ပြန်လှည့်၍မောင်းစေခဲ့သည်။

၁၉၄၁–ခုနွေရာသီထိုးစစ်တွင် အရေးနိမ့်ခဲ့သည်ကိုအကြောင်းပြု၍ ဗြိတိသျှတို့သည် ဝေဗဲလ်၏နေရာတွင် ဗိုလ်ချုပ်အော်ချင်လက်အား အစားထိုးတာဝန်ပေးလိုက်လေသည်။

ရွှမ်းမဲလ်သည် ဝေဗဲလ်နေရာတွင်ဆက်ခံမည့်ဗိုလ်ချုပ်သစ်ဖြစ်သော အော်ချင်လက်၏စစ်ရေးပြင်ဆင်မှု အခြေအနေကိုစောင့်ကြည့်ရင်းမိမိတပ်အင်အားကိုဖြည့်တင်းနေလေသည်။ သူ၏တင့်ကားထောင်ချောက်သစ်များကိုလည်း တိုးချဲ့ရင်းပူပြင်းလွန်းသောနွေရာသီသဲကန္တာရ၏ အပူရှိန်နှင့်အသက်ပင်ရှူ၍မရအောင် အပြင်းအထန်တိုက်ခိုက်သည့်သဲမုန်တိုင်းဒဏ်၊ မညှာမတာကိုက်တတ်သော ကြမ်းပိုးဒဏ်နှင့်ဝဲပေါက်မတတ် ကိုက်တတ်သော သန်းဒဏ်တို့ကို ကြိတ်မှိတ်ခံနေရသည်။

ယင်းသို့လူသူပြုပြင်၍မရသောသဘာဝဒဏ်နှင့် ရာသီဥတုဒဏ်တို့ကိုအံကြိတ်၍ခံနိုင်သော်လည်းသူသည်းခံနိုင်စွမ်းမရှိသောကိစ္စတစ်ရပ်မှာမူသူ၏နောက်ကျောကိုခြိမ်းခြောက်နေသည့်တိုဘရပ်မြို့သည် ယခုအချိန်တိုင်မကျသေးခြင်းပင်ဖြစ်ပေသည်။

ယင်းသို့ရှေ့တစ်ပူနောက်တစ်မှောက်ဖြစ်နေစဉ် ...

နိုဝင်ဘာလ(၁၉)ရက်တွင် သူ့အားလုပ်ကြံရန် ဗြိတိသျှကွန်မန်ဒိုများအလစ်ဝင်၍ ဌာနချုပ်ကိုဝင်စီးကြသည်။

ရွှမ်းမဲလ်က ဌာနချုပ်ကိုအမြန်ပြောင်းရွှေ့နိုင်လိုက်သဖြင့် လက်မ

mgyoe.com

mgyoe.com


တင်ကလေး လွတ်မြောက်သွားသော်လည်းသူ၏ ဦးစီးအရာရှိနှင့် စစ်ရုံးအဖွဲ့ဝင် အချို့ဗြိတိသျှကွန်မန်ဒိုများ၏ လက်ချက်မိသွားရလေသည်။

ထိုသို့ရွှမ်းမဲလ်၏ ဌာနချုပ်ကိုဗြိတိသျှကွန်မန်ဒိုများ အလစ်ဝင်စီးပြီး သည့်နောက်တစ်နေ့တွင် ဗြိတိသျှတပ်များသည် ရွှမ်းမဲလ်ကိုချေမှုန်းပြီး အကျဉ်းအကျပ်ထဲတွင် ကျရောက်နေသောတိုဘရုပ်မြို့စောင့်တပ်ကို ကယ်တင် ရန်နှင့် ထရီပိုလစ်တင်းနီးယားကိုပြန်လည်သိမ်းရန် ဟူသောဦးတည်ချက်များ ဖြင့် ပြင်းပြင်းထန်ထန်တိုက်စစ်ဆင်လေတော့သည်။

ရွှမ်းမဲလ်၏အီတာလျံ တပ်ရင်းတစ်ရင်းနှင့်ဂျာမန်သံချပ်ကာကား တပ်ရင်းတစ်ရင်းကို တိုက်ခိုက်ရန်ဗြိတိသျှဘက်မှ သံချပ်ကာတပ်ပေါင်းငါး တပ်စေလွှတ်သည်။

ရွှမ်းမဲလ်၏သူ့တပ်ရင်းနှစ်ရင်းကို တစ်စုတည်းစုစည်းပြီးအလုံးအရင်း နှင့် စစ်ဆင်တိုက်ခိုက်လာသည့်ရန်သူများကိုကြံ့ကြံ့ခံပြန်တိုက်လေသည်။

ထိုတိုက်ပွဲမှ ထွက်လာသောအဖြေမှာရွှမ်းမဲလ်က ပြိုင်ဘက်သစ် ဗိုလ်ချုပ်အော်ချင်လက်၏ တင့်ကားသုံးပုံနှစ်ပုံကို စိစိညက်ညက်ကျေမွ ဖျက်ဆီးလိုက်ပြီး ကျန်တစ်ပုံကိုလည်း အီဂျစ်အရောက်မောင်းနှင်တိုက်ထုတ် လိုက်ခြင်းပင်ဖြစ်သည်။

ရွှမ်းမဲလ်သည်ရန်သူ့လက်မှ သိမ်းဆည်းရမိလိုက်သောကားများနှင့် တိုက်ပွဲကျန်သူ၏တင့်ကားများပါ ကောက်သင်းကောက်ပေါင်းစည်းလိုက် ပြီး ဖောင်ပျက်သည့်ပမာ အကွပ်အကဲမရှိ၊ ပရမ်းပတာ ဆုတ်ခွာပြေးသော ဗြိတိသျှတပ်သားများ၏နောက်သို့ ထက်ကြပ်မကွာလိုက်တိုက်သည်။

ယင်းသို့တပ်ပျက်၍ကသုတ်ကရက်ဆုတ်ခွာပြေးနေသော ရန်သူများ နောက်သို့ ထက်ကြပ်လိုက်လံတိုက်ခိုက်နေစဉ် ရွှမ်းမဲလ်သည်မိမိစီးနင်းလိုက် ပါလာသော တင့်ကားပျက်သွားသဖြင့် တင့်ကားပေါ်မှခုန်ဆင်းပြီးရန်သူ့ လက်မှဖမ်းဆီးရမိထားသည့် တင့်ကားတစ်စီးပေါ်သို့ ဗိုလ်ချုပ်တစ်ယောက် ကိုခေါ်၍တက်ခဲ့သည်။

ထို့နောက် ရန်သူများလုံးဝသိမ်းပိုက်ထားသည့် နယ်မြေအတွင်းသို့ အပြင်းမောင်းနှင်ရန် အမိန့်ပေးလိုက်သည်။

ရန်သူ့နယ်မြေထဲသို့ရောက်သွားသောအခါတွင်မူ သူ၏တင့်ကား

mgyoe.com

mgyoe.com

သည်ဗြိတိသျှတင့်ကားများနှင့်ရောထွေးသွားသည်။

ရန်သူများသည်သူ၏တင့်ကားကိုဗြိတိသျှတင့်ကားတစ်စီးဟု ထင်မှတ်ကာအမှုမဲ့အမှတ်မဲ့ နေခဲ့ကြသဖြင့် ရန်သူ့နယ်မြေအတွင်း၌လွတ်လွတ်လပ်လပ် စိတ်တိုင်းကျလှည့်လည် ကင်းထောက်နေစဉ်ဂျာမနီတင့်ကားများကလည်း နောက်မှအပြင်းချီတက်လိုက်ပါလာပြီးရန်သူ၏ နောက်ပိုင်းကို ဝင်ရောက်တိုက်ခိုက်သည်။

ဗြိတိသျှဗိုလ်ချုပ် ဆာအန်လင်ကန်နင်းဂန်းသည်ရွှမ်းမဲလ်၏ မကုန်နိုင်မခန်းနိုင်သော စစ်ပရိယာယ်ကို ခံရဖန်များသဖြင့် သွေးလန့်စိတ်ဓာတ်ကျကာအဲလစ်ဇင်းဒရီးယားအထိ ဆုတ်ပြေးရန်ပင်အကြံပြုခဲ့လေသည်။

သို့ရာတွင် ...

ဗိုလ်ချုပ်အော်ချင်လက်က စိတ်ဓာတ်ကျ၍ဆုတ်ခွာပြေးရန်အကြံပြုနေသော ဗိုလ်ချုပ်ကန်နင်းဂန်းအား ဗိုလ်ချုပ်ရစ်ချီနှင့် အချိန်မီလူချင်းလဲလိုက်ပြီးအဌမတပ်မတော်အား တိုက်လက်စ စစ်ပွဲကိုဆက်လက်တိုက်ခိုက်ရန်အမိန့်ပေးလိုက်သည်။ ယင်းသို့တိုက်စစ်ဆင်ထိုးဖောက်စေခြင်းမှာ ရွှမ်းမဲလ်၏အာဖရိကကိုးသည် ထောက်ပံ့ရေးအဆက်အသွယ်ပြတ်လုမတတ်ရှေ့သို့တပ်ဦးကျွံနေပြီဖြစ်ကြောင်း အခြေအနေအမှန်ကိုသုံးသပ်မိသောကြောင့်ပင်ဖြစ်သည်။

ထိုသို့ရွှမ်းမဲလ်သည် ရှေ့မှအဌမတပ်မတော်ထိုးစစ်ဆင်နေစဉ်ရွှမ်းမဲလ်၏နောက်ကျောမှတိုဘရပ်တွင် ကြံ့ကြံ့ခံနေသည့်ဩစတေးလျတပ်မကိုလည်း တန်ပြန်ထိုးစစ်ဆင်ရန် ဗိုလ်ချုပ်အော်ချင်းလက်က အမိန့်ပေးလိုက်သည်။

ရှေ့နှင့်နောက်ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ခြင်းကိုခံနေရသော ရွှမ်းမဲလ်သည်သူ၏တပ်များရန်သူ့ထောင်ချောက်ထဲ၌ပိုက်မိခြင်း မရှိစေရန် နှင့်အချိန်မီဆုတ်ရန် ကြိုးစားနေရ၏။

ရန်သူများရှေ့ရောနောက်ပါ ညှပ်ကာအပြင်းအထန်တိုက်ခိုက်ခြင်းခံနေရ၍သူ့တပ်များကို ရုန်းထွက်နိုင်ရန် ကြိုးစားနေစဉ် စစ်တလင်း တစ်နေရာတွင်မီးလောင်၍ တိမ်းမှောက်နေသောသူ၏တင့်ကားကို သူ့တပ်သားများက တွေ့လိုက်ကြရသည်။

ခုတ်မပြတ်၊ သတ်မသေ၊ နတ်စစ်သည်လော၊ ကျည်ပြီးသူလော

mgyoe.com

mgyoe.com


ဟုဟိုးဟိုးကျော်ယိုးစွပ်ခြင်းခံရသည့် သတ္တိရှင် ရှမ်းမဲလ်တိုက်ပွဲတွင် မရှုမလှ ကျဆုံးသွားပြီဟူ၍ပင် မှတ်ထင်ခဲ့ကြလေသည်။

မကြာပါချေ။

ဖုံအလိမ်းလိမ်း၊ မုတ်ဆိတ်မွေးရှိန်းရှိန်း၊ နီရဲသော မျက်လုံးအစုံနှင့် အားအင်ချည့်နဲ့ယဲ့ယဲ့မျှသာ ကျန်နေတော့သော ရှမ်းမဲလ်သည်သူ၏စစ်ဦးစီး တစ်ဦးနှင့်အတူ ဗြိတိသျှကုန်တင်ကားတစ်စီးကို စီးလျက်ပြန်လာလေ သည်။

ယင်းကုန်တင်ကားထဲတွင်အိပ်ရာအဖြစ် အသုံးပြုထားသည့်ကောက် ရိုးကျိုးတိုးကျဲတဲနှင့်ပုပ်သိုးနေသော ရေတစ်ဘူးအပြင် စည်သွတ်ဘူးအချို့ကို လည်းတွေ့ရလေသည်။

ဗိုလ်ချုပ်ရှမ်းမဲလ်သည် အနိုင်မခံအရှုံးမပေးဓွဲဖြင့် အသေအလဲခုခံ တိုက်ခိုက်နေရသော်လည်း အအိပ်ပျက်အစားပျက်ပွဲဆက်များသဖြင့် အင် အားချည့်နဲ့နေသောသူ၏တပ်နှင့် အာဖရိကသို့နောက်ထပ်ရောက်ရှိလာ သောဗိုလ်ချုပ်အော်ချင်းလက်၏ တက်ကြွလန်းဆန်းနေသည့်ဗြိတိသျှတပ် များမှာအင်အားချင်းမျှတသည် မဟုတ်ဘဲ မနိုင်းသာမယှဉ်သာအောင် ကွာခြားနေလေသည်။

သို့သော် အခြေအနေမှန်ကိုအမြဲတစေသုံးသပ်တတ်သော ရှမ်းမဲလ်သည် သူ၏တပ်များကို မလွှဲသာမရှောင်သာစိုင်ရင်နိုးကားအထိ ဆုတ်ခွာရတော့မည် ဖြစ်ကြောင်း နားလည်ပြီးဖြစ်သည်။

ကြုံရသောအခြေအနေအကျပ်အတည်းကြောင့် မဆုတ်မဖြစ်၊ ဆုတ် ခွာရမည်ဖြစ်သော်လည်း ရှမ်းမဲလ်သည် ဗြိတိသျှလက်မှ ခဲရာခဲဆစ်တိုက်ယူ ထားရသော သဲကန္တာရစစ်မြေကို စွန့်လွှတ်ရန်ဝန်လေးနေမိရှာသည်။

သူ၏နောက်ဆုံးမျှော်လင့်ချက်မှာမူ သူချစ်မြတ်နိုးသော အာဖရိက ကိုးအား အဆုံးအရှုံးအနည်းဆုံးနှင့် ဆုတ်ခွာနိုင်ရေးပင် ဖြစ်လေသည်။

၁၉၄၁–ခု၊ ဒီဇင်ဘာလ(၁၆)ရက်နေ့သည် အာဖရိကကိုးစတင်ဆုတ် ခွာသောနေ့ပင်ဖြစ်သည်။

ထိုသို့ တပ်ဆုတ်ရာတွင် အခက်အခဲများစွာနှင့်ရင်ဆိုင်ရသည်။

ရှမ်းမဲလ်တွင် ခဲယမ်းမီးကျောက်နှင့် ဓာတ်ဆီအနည်းငယ်မျှသာကျန်

mgyoe.com

ရှိပြီးလေကြောင်းအကူအညီလည်း လုံးဝမရပေ။

တစ်ဖက်ဗြိတိသျှတပ်များတွင်မူ အစစအရာရာ အလျှံပယ်လိုတ,ရ နေသည်။

ရွမ်းမဲလ်၏ စစ်ဦးစီးချုပ်များသည်လည်း ဖျားသူဖျား၊ နာသူနာ၊ ဒဏ်ရာအနာတရဖြစ်သူဖြစ်နှင့် ရိက္ခာအခြေအနေကလည်း ဆိုးဝါးစပြုလာသည်။

သည်သို့အခက်အခဲများနှင့်ရင်ဆိုင်နေရသည့်အထဲ တစ်ဖက်တွင်အီတာလျံတပ်များ လက်ကားနှုန်းနှင့်ဗြိတိသျှများထံ လက်နက်ချအညံ့ခံနေကြသည်။

ထိုသို့အဘက်ဘက်မှအကျပ်အတည်း အခက်အခဲများဖြင့်ဆုတ်ခွာနေရသော ဂျာမန်နှင့်အီတာလျံတပ်များကို ဗြိတိသျှလေယာဉ်များက အချိန်နှင့်အမျှ ဗုံးကြဲတိုက်ခိုက်နေလေသည်။

ဇန်နဝါရီလ(၁၁)ရက်နေ့သို့ ရောက်သောအခါတွင်မူ ရွမ်းမဲလ်သည် စိုင်ရင်နီးကားတံခါးပေါက်ဖြစ်သော အယ်(လ်)အဂေးလားအရောက်ဆုတ်ခွာနိုင်ခဲ့သော်လည်း ဝင်ရိုးတန်းတပ်များ သုံးပုံနှစ်ပုံအဆုံးအရှုံးခံရ၍ အာဖရိက ကိုးတစ်ဝက်မပြည့်တပြည့်ကို လမ်းတွင်စတေးခဲ့ရလေသည်။

မြွေပူရာ ကင်းမှောင့်ဆိုသည့်နှယ်...အရေးထဲ အကြောင်းပေါ်သူက ပေါ်သေးသည်။

အီတာလျံများသည် ယင်းသို့ဆုတ်ခွာနေစဉ်၎င်းတို့၏သယ်ယူပို့ဆောင်ရေးယာဉ်များကို ဂျာမန်များအပိုင်စီးသဖြင့် ခြေလျင်လျှောက်ခဲ့ရပါသည်ဆိုကာ အခဲမကျေ ဖြစ်နေသေးသည်။

ရွမ်းမဲလ်၏ တင့်ကားစင်းရေ(၄၁၂)စီးအနက်(၃၈၆)စီးမှာ မီးလောင်ပျက်စီးနေသောသံပုံများအဖြစ် စစ်အနိဋ္ဌာရုံသရုပ်ကို ဖော်ထုတ်နေကြပြီး သူ၏လေယာဉ်စင်းရေ(၁၀၀၀)အနက်(၈၀၀)မျှဆုံးရှုံးဖျက်ဆီးခံရသည်။

ရွမ်းမဲလ်၏ အရေးနိမ့်နေပြီဟူသော သတင်းကနှောင်ကြိုးမဲ့ ကမ္ဘာတစ်ခုလုံးကို နှစ်ထောင်းအားရဖြစ်စေလေသည်။

အခြေအနေအရပ်ရပ်ကလည်း အာဖရိကတွင်ဂျာမန်များ နိဂုံးချုပ်ပြီးနာလန်မထူတော့ပြီဟူ၍ ပြဆိုနေသည်။

အောင်ပွဲခံစစ်သူကြီး အော်ချင်လက်အား စစ်မျက်နှာအသီးသီး၊ စစ်

mgyoe.com

mgyoe.com

စခန်းအသီးသီးမှ မဟာမိတ်ဗိုလ်ချုပ်များက ချီးကျူးဂုဏ်ပြု၍မပြီးနိုင်၊ မဆုံးနိုင်ဖြစ်နေသည်။

ရွှမ်းမဲလ်သည် အယ်(လ်)အဂေးလားသို့ ဆုတ်ခွာပြီးနောက်(၁၀) ရက်မြောက်နေ့တွင်မူ ဖြစ်နိုင်ဖွယ်မရှိသည်များ အံ့အားသင့်ဖွယ် ဖြစ်လာရသည်။

သူ၏တပ်သားများနည်းတူပွဲဆက်များသဖြင့် ခြေကုန်လက်ပန်းကျနေသော ရွှမ်းမဲလ်သည်ဆိုင်းမပါ ဗုံမဆင့်ဘယ်ဆီမှပေါ်လာမှန်းမသိပေါ်လာပြီးဗြိတိသျှတပ်များကို ပြန်တိုက်လေတော့သည်။

မပြောပလောက်သည့် တပ်ကူအနည်းငယ်နှင့်ပေါင်းပါမှရရှိသော တင့်ကားစင်းရေ(၁၀၀)ကို(၃)ရက်စာ ရိက္ခာသယ်ဆောင်စေပြီး သူ့နောက်သို့အပြင်းလိုက်စေသည်။

ထင်တစ်လုံး တပြုံးပြုံးဖြင့် စိတ်ချလက်ချနေနေကြသော ဗြိတိသျှတပ်များသည် ရွှမ်းမဲလ်၏ ထိုးစစ်ဒဏ်ကို အငိုက်တွင်ခံရလေတော့သည်။

ရွှမ်းမဲလ်၏ သံချပ်ကာကားတပ်မြားဦးက မှင်တက်မိနေသော ဗြိတိသျှတပ်များအတွင်းသို့ ထောပတ်ကို ဓားနှင့်တိခနဲလှီးချလိုက်သည့်ပမာဖြတ်တောက်ဝင်ရောက်တိုက်ခိုက်သည်။

ဗြိတိသျှတပ်များသည် ယာဉ်မျိုးစုံအပါအဝင် တင့်ကားများ၊ လက်နက်ခဲယမ်းမီးကျောက်များနှင့် ရိက္ခာ၊ သုံ့ပန်းများကိုပါ လက်လွှတ်ထားခဲ့ပြီး ပရမ်းပတာ ဆုတ်ခွာကြရသည်။

သဲမုန်တိုင်းသည်လည်းကောင်း၊ သွေးခဲမတတ်အေးသည့်ရာသီဥတုသည်လည်းကောင်း၊ ငတ်မွတ်ခြင်းဘေးသည်လည်းကောင်း အောင်သေအောင်သားစားရန် အပြင်းချီတက်နေသည့် ရွှမ်းမဲလ်၏ခရီးလမ်းကို မည်သို့မျှ အဟန့်အတား မပြုနိုင်ပါပေ။

ရွှမ်းမဲလ်သည်တင့်ကားနှင့်ကုန်တင်ကားပေါ်တွင် ထိုင်လျက်နှင့်လည်းအိပ်တတ်၏။

အခြေအနေပေးသမျှ အချိန်အတွင်းတစ်မှေးအိပ်ရုံဖြင့်လည်း အိပ်ရေးဝသူဖြစ်၏။

ငယ်စဉ်က ...ရေခဲပြင်လျှောစီးခြင်း၊ တောင်တက်ခြင်းကို အနှစ်နှစ်

mgyoe.com

လေ့ကျင့်ခဲ့ဖူးသည့် ကျေးဇူးကြောင့်သူ၏ နုပျိုသန်စွမ်းသော ကိုယ်ကာယသည် သဲကန္တာရစစ်ပွဲဆင်နွှဲရန်မွေးဖွားလာသူဟုပင် ထင်ယောင်မှားတတ်ပေသည်။

သူ၏အပြုအမူ၊ သူ၏အနေအထိုင်သည် စပါတန်အနွယ်ဝင်တို့ ဓလေ့ထုံးတမ်းအတိုင်းပင်ဖြစ်သည်။

အရက်သေရည်ကို အာစွတ်ရုံမျှသာသောက်တတ်သူဖြစ်ပြီး ဆေးလိပ်ကိုလည်းစည်းကမ်းတကျ သောက်တတ်သူဖြစ်သည်။

အစားနည်းပြီး အသားမကြိုက်၊ အဆီအဆိမ့်ကိုလည်း နှစ်သက်ခြင်းမရှိ၊ သူခံတွင်းအတွေ့ဆုံးအစာအာဟာရမှာ ကြက်ဥပင်ဖြစ်သည်။

ကြက်ဥမည်မျှ၊ ကြိုက်သနည်းဟူမူ သူ၏ဌာနချုပ်ပြောင်းရွှေ့ရာနေရာတိုင်း ကြက်ခြင်းပါစမြဲဖြစ်သည်။

မိန်းမဆိုလည်း ဆေးဆေးကရှောင်ပြီးငွေကို လုံးဝခုံမင်တတ်သူမဟုတ်ပေ။

စွန့်စွန့်စားစား စစ်တိုက်ရန်သာစိတ်ထက်သန်ဝင်စားသူဖြစ်သည်။

ဒီမိုကရေစီမြတ်နိုးပါသည်ဟူသော သူတိုက်နေသည့်ဗြိတိသျှတပ်မှ အရာရှိများထက်ပင် ဒီမိုကရေစီကိုမြတ်နိုးယုံကြည်သူဖြစ်သည်။

သူသည် အဆင့်တူ၊ အတန်းတူ အရာရှိချင်းကိုလည်းကောင်း လက်အောက်အရာရှိများကိုလည်းကောင်း၊ ဆက်ဆံရာတွင် အလုပ်သဘောအရပြတ်ပြတ်တောင်းတောင်း တိတိကျကျဆက်ဆံသည်။

အီတာလျံအရာရှိများကိုလည်း ခပ်မာမာ ခပ်ထန်ထန်ပင်ဆက်ဆံသည်။

သို့ရာတွင် ...

အကြပ်တပ်သားကိုမူ ရင်ဝယ်သားသို့ကြင်နာတတ်သည်။

သူသည် အကြပ်တပ်သားတော်တော်များများ၏ နာမည်များကိုပင် ကျက်မိသူဖြစ်သည်။

အကြပ်တပ်သားများ၏ ကိုယ်ရေးကိုယ်တာများကိုလည်းကောင်း၊ သာရေးနာရေးကိုလည်းကောင်း၊ လူမှုရေးကိစ္စအဆုံး စိတ်ဝင်စားမေးမြန်းလေ့ရှိသူဖြစ်သည်။

တစ်မိနစ်တစ်သံ ထန်ထန်မာမာ ပြောနိုင်ဆက်ဆံနိုင်သူ ဖြစ်ပါလျက် ဤသို့လက်အောက်ငယ်သား အကြပ်တပ်သားများအား ညီသားနှောင်မယ်

mgyoe.com

mgyoe.com


ပမာခင်မင်တတ်၊ ကြင်နာတတ်၊ စာနာတတ်၍လည်း အကြပ်တပ်သားများက သူ့ကို ကြည်ညိုလေးစားကြသည်။

သူ့အမိန့်ကိုလည်း သေလမ်းကိုလွှတ်သည်ပင်ဖြစ်စေ ဦးလည်မသုန် လိုက်နာတတ်ကြမြဲဖြစ်သည်။ မဖြစ်နိုင်၊ မလုပ်နိုင်သည့်အရာဟူ၍သူနှင့် သူ၏ တပ်သားများကြားတွင်မရှိခဲ့။

ထို့ကြောင့်လည်း သူသည်အာဖရိကကိုးအား မဖြစ်နိုင်သည့်ကိစ္စများ ကိုပင် မဖြစ်မနေခိုင်းခဲ့ခြင်းပင်တည်း။

သူသည် ယန္တရားတပ်များအား တိုဘရုပ်ခံစစ်ကြောင်းဘက်သို့ ပြန် လှည့်မောင်းစေ၏။ ရန်သူများ၏ ကတုတ်များကို တစ်ခုပြီးတစ်ခုထိုးဖောက် နေစဉ်သူ့ဇာတာ မညှိုးမှိန်သေးကြောင်း တွေ့လိုက်ရသည်။

ထိုသို့သူသည် မည်မျှကံချွန်ကြောင်း သူ့ဇနီးသည်ထံ စာရေး ရာတွင်...

ပြတင်းပေါက်မှ တန်းတန်းမတ်မတ်ဝင်လာသော ဗုံးဆန်တစ်ခုသည် သူဝတ်ထားသော ကုတ်အင်္ကျီနှင့် အတွင်းရှပ်အင်္ကျီကို ဖောက်ထွင်းပြီးဗိုက် ကိုမှန်ကြောင်း၊ ဗိုက်တွင် ပန်းကန်ပြားနီးပါး ရောင်စုံသွေးခြည်ဥနေသော အဝိုင်းကြီးတစ်ဝိုင်း ကျန်ခဲ့သည်မှလွဲ၍ မည်သို့မျှမဖြစ်ကြောင်း၊ ထိုကျည်စကို နောက်ဆုံးတန့်သွားအောင် ဟန့်တားနိုင်လိုက်သည်မှာ သူ့ဆောင်းဘီမှခါးစည်း ပင်ဖြစ်ကြောင်း ဖော်ပြပါရှိလေသည်။

အအိပ်ပျက်လွန်းသဖြင့် နီရဲနေသော မျက်လုံးအစုံ၊ နွမ်းနယ်ပန်းဟိုက် နေသော ခန္ဓာကိုယ်နှင့် ပွတ်ကာသီကာ ဖြတ်သန်း၍ ပေါက်ကွဲနေသောကျည် များအလယ် တိုက်ပွဲထဲမှာပင် ဟာသဉာဏ်ရွှင်နိုင်သူဖြစ်ပေသည်။

ရှေ့တန်းစစ်မျက်နှာသို့ သူတို့နှင့်အဆက်ပြတ်နေသော စာအိတ်များရောက် လာသောအခါတွင် နိုင်ငံအသီးသီး၊ အနယ်နယ်အရပ်ရပ်မှ ပေးပို့ လိုက်သော အမျိုးသမီးများ၏ မေတ္တာစာများကို ဖွင့်ဟဖတ်ကြည့်ပြီး မျှော် လင့်ဘဲစန်းပွင့်နေသော သူ၏အဖြစ်ကို သူ့ဘာသာသဘောကျ၍ ဟက်ဟက် ပက်ပက်ရယ်မောကာ

"အင်း ... တိုက်ရခိုက်ရတဲ့ဒီအလုပ်က ရပ်နားပြီးရုပ်ရှင်နယ်ထဲဝင်ရင် ကောင်းမယ်ထင်တယ်ဟေ့..." ဟူ၍မှတ်ချက်ချတတ်သည်။

mgyoe.com

mgyoe.com


သူသည် ဗြိတိသျှများ လက်လွှတ်ခဲ့ရသော သဲကန္တာရထဲမှ ကင်းစခန်းများတွင် "ချစ်စွာသော အာဝင်...ကောင်းကောင်းမွန်မွန် နေရစ်ပေဦးတော့၊ ငါတို့မကြာခင်ပြန်လာခဲ့မယ်" ဟူသည့်မှာတမ်းများကို ဖတ်၍သဘောကျတတ်လေသည်။

ရွမ်းမဲလ်သည် ၁၉၄၂–ခုနှစ်၊ မတ်လ(၂၆)ရက်တွင် ထိုးစစ်ပြန်ဆင်ရန် ဆုံးဖြတ်လိုက်သည်။

ယင်းသို့ထိုးစစ်ဆင်ရန် ဆုံးဖြတ်ရသော်လည်း သူ့တပ်သားသည် ဂါဇာလာမှ ဘီရိဟာချိမ်တောင်ပိုင်း ကမ်းရိုးတန်းတစ်လျှောက်အခိုင်အမာ တပ်ချခံစစ်ပြုနေသော ဗြိတိသျှတပ်သား၏ အင်အားနှင့်နှိုင်းစာလျှင်မူ သုံးပုံနှစ်ပုံပင် မရှိချေ။

အင်အားသည် အရေအတွက်...

သေနင်္ဂဗျူဟာသည် အရည်အချင်း ...ဟူ၍ စစ်အသိ၊ စစ်အဘိဓမ္မာကိုခံယူထားသော ရွမ်းမဲလ်သည်ဂါဇာလာဘက်သို့ တပ်ဦးပြု၍အဋ္ဌမတပ်မတော်အငမ်းမရလိုက်လာရန် မြှူဆွယ်လိုက်သည်။

အဋ္ဌမတပ်မတော်သည် အရောင်ပြလိုက်သော ရွမ်းမဲလ်၏လှည့်ကွက်အတိုင်း တပ်များကိုဂါဇာလာသို့အလုံးအရင်းနှင့် စုပြုံစေခြင်းဖြင့် ရွမ်းမဲလ်၏ဆင်ကွက်ထဲသို့ ဝင်လာတော့သည်။

ရွမ်းမဲလ်သည် ဂါဇာလာသို့အားနှင့်အင်နှင့်စုပြုံ၍ မဲတက်လာသော ဗြိတိသျှတပ်များကို ကွင်းရှောင်ပြီးတိုဘရပ်မြို့သို့ တပ်ဦးလှည့်အပြင်းချီတက်လေတော့သည်။

ဗိုလ်ချုပ်ရပ်ချီသည် သူ့မှားယွင်းမှုကို ရိပ်စားမိသဖြင့် ပြန်လည်ပြင်ဆင်ရန် ကြိုးစားသည့်တိုင် အချိန်နှောင်းခဲ့ချေသည်။

ရွမ်းမဲလ်မှာမူ ဗြိတိသျှတပ်များ၏ ကတုတ်ရင်တားများကိုတစ်ခုပြီးတစ်ခု စိတ်ကြိုက်ဖျက်ဆီးပြီးသည်နှင့် အနောက်ပိုင်းရှိကန္တာရကို ဆက်လက်ဖြတ်သန်းနေလေသည်။

စစ်မြေပြင်တွင် ပထမဆုံးအကြိမ်အသုံးပြုသည့်အမေရိကန် ဂျင်နရယ်ဂရန့်တင့်ကားများပင်လျှင် ပန်ဇာတင့်ကားများကို ဟန့်တားခြင်းမပြုနိုင်ခဲ့။

အဋ္ဌမတပ်မတော်၏ တစ်ကြိမ်ထပ်မံ အရေးနိမ့်ရပြန်ပြီဖြစ်သော

mgyoe.com

mgyoe.com

အဆုံးအရှုံးစစ်တပ်များကို မိုးယံတိုင်အလုံးလိုက်အလုံးလိုက် လွင့်တက်နေသောမီးခိုးမည်းမည်းလုံးကြီးများက မှတ်တမ်းတင် ကမ္ဗည်းထိုးလျက်ရှိနေပါ၏။

ကြိမ်ဖန်များစွာ အလူးအလဲခံရသော်လည်း အမှတ်သညာမရှိသည့် ဗြိတိသျှတပ်များအကြောင်းကို ရွှမ်းမဲလ်ကတစ်ကြိမ်တွင် ဤသို့ကောက်ချက်ချဖူးလေသည်။

"ဗြိတိသျှတပ်တွေဟာ ပွဲတိုးနိုင်တဲ့ သံချပ်ကာ ကားတိုင်းကို တစ်စုတစ်စည်းထဲစုပြုပြီး တစ်ချိန်ထဲအသုံးပြုသင့်တယ်၊ ကျုပ်ဂါဇာလာကို တိုက်တုန်းကလို ကိုယ့်တပ်အင်အား အပြံပြံပြန့်သွားအောင် ရန်သူ့အလှည့်မခံသင့်ပေဘူး"

မည်သို့ဆိုစေ ... ဗြိတိသျှတပ်များ၏ တိုက်ခိုက်မှုဒဏ်ကြောင့် ရွှမ်းမဲလ်၏ ချီရာလမ်းကြောင်းကို ဖင့်နွှဲကြန့်ကြာစေသည်တော့ အမှန်ပင်။ အကျအဆုံး၊ အသေအပျောက်လည်း သိသိသာသာ တိုးပွားများပြားလာသည်။

မေလ(၁)ရက်နေ့တိုင်သောအခါတွင်မူ ဝင်ရိုးတန်းတပ်များ၏ အခြေအနေမှာဆိုးဝါးနေပြီဖြစ်၏။

ရိက္ခာပြတ်လပ်၊ ရေလည်းငတ်ရုံမက ဓာတ်ဆီခန်းခြောက် ခဲယမ်းမီးကျောက်ရှားပါးလာခဲ့သဖြင့် ရန်သူများ ချထားသည့် ဗုံးခင်းကိုပင် မကျော်နိုင်၊ မဖြတ်နိုင်၊ အကျပ်အတည်း၊ အခက်အခဲများဖြင့် ရင်ဆိုင်နေရသည်။

ယင်းသို့အလူးအလဲအကျပ်အတည်းနှင့် ရင်ဆိုင်နေစဉ်အတွင်းလေကြောင်းမှလည်း အချိန်မလတ် ဗုံးကြဲတိုက်ခိုက်ခြင်းကို ခံနေရသည်။

ရွှမ်းမဲလ်၏ စစ်ဦးစီးများက တိုက်ပွဲရပ်ပြီး ပြန်လည်ဆုတ်ခွာရန် ရွှမ်းမဲလ်အား အနူးအညွတ်တောင်းပန်ကြသည်။

၎င်းတို့တောင်းပန်သည်ကို မလိုက်လျောပါက(၂၄)နာရီအတွင်း လက်နက်ချ အညံ့ခံမည်ဖြစ်ကြောင်း တညီတညွတ်တည်း အဆိုပြုကြရုံမက တောင်းပန်သံနှင့်အတူ ရာဇသံပါ ကပ်ပါလာသည်။

ရွှမ်းမဲလ်သည် စစ်ဦးစီးများတင်သွင်းလာသည့် အဆိုများကိုဥပေက္ခာပြုလျက် ဆက်လက်တိုက်မြဲတိုက်နေသည်။

mgyoe.com

ဗြိတိသျှတစ်တပ် တပ်စွဲထားသောနေရာကို တရကြမ်းပစ်ခတ် ဖောက်ခွဲတိုက်ခိုက်၍ ရှေ့မှဆီးကာနေသော မုံးခင်းအားထိုးဖောက်လမ်းထွင်နိုင်ခဲ့လေတော့သည်။

သိမ်းဆည်းရမိသမျှ ရန်သူ့ရိက္ခာကို အာဟာရအဖြစ်အသုံးပြု၍ ရန်သူပိုင်သီရိုယာချိန်ကို သိမ်းပိုက်ရန်ပြင်းပြင်းထန်ထန် တိုက်ခိုက်ရင်းရှေ့သို့ ချီလေသည်။

ထိုမှတစ်ဖန် မြောက်ဘက်သို့စစ်ဦးလှည့်ကာ ဆက်လက်ချီတက်ပြန်သည်။ ဗြိတိသျှတို့၏ ဆိုင်ယင်နီးကားတစ်ခွင်တွင် ထီးထီးကြီးကျန်နေသော ခံတပ်လည်း ဖြစ်၍သူတိုက်တိုင်းလည်း တပ်လန့်ခဲ့ရသော တိုဘရုပ်ကို သိမ်းပိုက်ရန်ပင်ဖြစ်သည်။

"ဗြိတိသျှတွေ ခုခံတိုက်ခိုက်တဲ့အထဲက တိုဘရုပ်ဟာ တော်လောက်ပါတယ်၊ ကနေ့ ကျုပ်တို့တိုဘရုပ်ကို အပြီးအပိုင်ချေမှုန်းတော့မယ်"

ရွမ်းမဲလ်သည် တိုဘရုပ်မြို့စောင့်တပ်များနှင့် ပတ်သက်၍သူ၏မှတ်တမ်းတွင် အထင်ကရရေးမှတ်ထားလေသည်။ တိုဘရုပ်မြို့တော်တပ်များနှင့်ရွမ်းမဲလ်တပ်များ တစ်ဖက်နှင့်တစ်ဖက်အပြင်းအထန် တိုက်ခိုက်ကြသည်။

ဂျာမန်လု(ဖ်)ဝု(ဖ်)လေယာဉ်များကလည်း အပြင်းအထန်လေကြောင်းမှဝိုင်းဝန်းတိုက်ခိုက်ရင်း အထောက်အကူပေးခဲ့သည်။ ယင်းသို့ဖြင့် သူ၏တပ်အကြိမ်ကြိမ်တပ်လန့်ခဲ့ရသော 'စံတင်လောက်သည့်တိုဘရုပ်ခံတပ်ကျိုးပေါက်သွားသည်။ ရွမ်းမဲလ်၏ ပန်ဇာတင့်ကားများသည် ပျက်စီးယိုယွင်းနေသည့်တိုဘရုပ်ခံတပ်မြို့တွင်းသို့ ဘီးလိမ့်ဝင်နိုင်ခဲ့ကြလေသည်။

ထိုနေ့တွင်ပင် အောင်ပွဲခံသူ့တပ်များအတွက် ရွမ်းမဲလ်က ပြန်တမ်းတစ်စောင်ထုတ်ပြန်လိုက်သည်။

ရဲဘော်တို့ ....

ယနေ့သင်တို့တိုဘရုပ်မြို့ကို အလျင်အမြန်သိမ်းပိုက်လိုက်နိုင်သည့်အောင်ပွဲသည်ငါတို့မာမာရီကာတွင် ဆင်နွှဲနေသော မဟာစစ်ပွဲကြီးအတွက် အထူးတလည်အားသစ်လောင်းစေခဲ့သည်။ ဂုဏ်သိန်မြင့်မားစေခဲ့ သည်။

ငါတို့သည် ....

mgyoe.com

ယနေ့သုံ့ပန်း(၄၅၀၀၀)ကို ဖမ်းဆီးရမိပြီး ရန်သူ၏ သံချပ်ကာ
တိုက်ခိုက်ရေးယာဉ်(၁၀၀၀)ကျော်ကို ဖျက်ဆီးနိုင်ခဲ့ပြီ။ အမြောက်
အလက်(၄၀၀)ကိုလည်း သိမ်းဆည်းရမိလိုက်သည်။

ငါတို့သည်ရန်သူများကို အပြီးတိုင် ချေမှုန်းသုတ်သင်နိုင်ရန်
အတွက်ဗြိတိသျှ အဋ္ဌမတပ်မတော် တပ်လုံးမပျောက်မချင်း အတိုက်
ရပ်မည်မဟုတ်။

နောက်ဆုံးပန်းတိုင်ရောက်သည်အထိ ဆက်လက်ချီတက်ရန်
သင်တို့ထံ ငါလာခဲ့မည်။

တိုဘရုပ်ခံတပ်မြို့ကိုသိမ်းပိုက်ပြီး နောက်တစ်နေ့တွင်ပင် ဟစ်တလာ ထံမှရွှမ်းမဲလ်အား စစ်သူကြီးရာထူးသို့ တိုးမြှင့်ခန့်အပ်လိုက် ကြောင်းကြိုးမဲ့ ကြေးနန်းဖြင့် ပေးပို့လိုက်သော အမိန့်စာရောက်ရှိလာသည်။

ရွှမ်းမဲလ်သည် ရာထူးတိုးမြှင့်ခန့်အပ်လိုက်သော ဟစ်တလာ၏အမိန့် စာကို ဖတ်ပြီးသည်နှင့် ပခုံးတစ်ချက်တွန့်လိုက်ပြီး "ဒီလိုရာထူးတိုးပေးမယ့် အစားတပ်မတစ်တပ်တိုးပေးရင် သိပ်ကောင်းမှာပဲ"ဟုမှတ်ချက်ချလေသည်။

ယခုအချိန်သည် ရွှမ်းမဲလ်၏ဇာတာတွင် အမြင့်ဆုံးရောက်နေသော အချိန်ပင်တည်း။ မည်မျှစန်းထသနည်းဟူမူ ရန်သူကပင် ချီးကျူးဂုဏ်ပြုမ ဆုံးဖြစ်နေရသည်။

ရွှမ်းမဲလ်ဆိုလျှင် သူတို့၏သူရဲကောင်းကြီးတစ်ဦးပမာ ချီးမွမ်းမဆုံးဖြစ် နေပြီး အလုပ်ကောင်းတစ်ခုလုပ်တိုင်း "ရွှမ်းမဲလ် လုပ်တာ"ဟုပင်ပြောစမှတ် ပြုကြသည်အထိ ရွှမ်းမဲလ် စန်းထနေသည်။

ဗိုလ်ချုပ်အော်ချင်လက်သည် သူ၏စစ်ဦးစီးများနှင့်တပ်သားများကို သူ့တပ်များအတွင်း စိတ်ဓာတ်စစ်ဆင်ရေးအရ နက်နက်ရှိုင်းရှိုင်းဝင်နေပြီ ဖြစ်သော ရွှမ်းမဲလ်၏လျှမ်းလျှမ်းတောက်နာမည်ကို မှေးမှိန်သွားအောင်မည် သို့မည်ပုံ ပြုလုပ်ရမည်ဟူ၍ပင် အရေးပေါ်ပြန်တမ်းထုတ်ရသည်အထိဖြစ်လေ တော့သည်။

"ငါတို့တပ်များသည်လည်း ငါတို့မိတ်ဆွေကြီး ရွှမ်းမဲလ်၏
အကြောင်းကို သိဒ္ဓိရှင်လိုလို၊ နတ်စစ်သည်လိုလိုအထင်ရောက်
အောင်ပုံကြီး ချဲ့ရကားများ ကားသည်ထက်ကားလာသည်က

mgyoe.com

တကယ့်အန္တရာယ်ကြီးတစ်ခု ဖြစ်နေချေပြီ။

ရွမ်းမဲလ်သည်ယုံမှားဖွယ်မရှိဘဲ၊ သတ္တိနှင့် စွမ်းရည်ရှိသူမှန်ငြား လည်းအများထက်ဘာမျှ ပိုပြီးထူးခြားသူမဟုတ်ပါ။ သာမန်လူထဲ ကလူပင်ဖြစ်သည်။

သူသည်သာမန်လူထက် ထူးခြားသည်ဖြစ်စေ၊ သူ့အား သာ မန်လူထက်ပိုပြီး တန်ခိုးကြွဒ္ဓိပါဒ်များ ရှိပေဟန်ပုံကြီးချဲ့အမွှမ်းတင် နေခြင်းမှာ လိုလားအပ်သည့်ကိစ္စမဟုတ်ပေ။

ရွမ်းမဲလ်သည် သာမန်ဂျာမန်စစ်ဗိုလ်ချုပ် ရိုးရိုးထက်ပိုပြီး တန်ခိုးအာနိ သင်ရှိသူဟု ယုံမှတ်စွဲလမ်းခြင်းကိုသင်တို့ အတတ်နိုင် ဆုံးပယ်ဖျောက်စေလိုသည်။

အရေးအကြီးဆုံးအချက်မှာ ယခုအခါလစ်ဗျားမှ ရန်သူ့ အကြောင်းပြောတိုင်း ရွမ်းမဲလ်အကြောင်း မပါမပြီးဖြစ်မနေရန် သတိထားရမည်။

ငါတို့သည်"ဂျာမန်"သို့မဟုတ်"ဝင်ရိုးတန်းအင်အားစု"သို့မဟုတ် 'ရန်သူ'ဟူ၍သာ ရည်ညွှန်းပြောဆိုအပ်သည်။

ဤအမိန့်ကို ချက်ချင်းလိုက်နာကြပါစေ။ ဤကိစ္စသည် စိတ် ဓာတ်ဘက်မှကြည့်လျှင် အရေးအကြီးဆုံးပင်ဖြစ်ကြောင်း တပ်မှူး အားလုံး လေးလေးနက်နက် နားလည်ပါစေ"

ယင်းသို့ဗြိတိသျှဗိုလ်ချုပ်များက ရွမ်းမဲလ်၏ လျှမ်းလျှမ်းတောက် အမည်ကို မှေးမှိန်သွားစေရန် ကြိုးပမ်းကြသော်လည်း ဗြိတိသျှဝန်ကြီးချုပ် ချာချီကမူ ပါလီမန်တွင် ရွမ်းမဲလ်အား ရဲရင့်၍ စစ်ရေးစစ်ရာ လိမ္မာထက်မြက် သော စစ်သူကြီးတစ်ဦးဖြစ်ကြောင်း အတိအလင်း ထုတ်ဖော်မြွက်ဟခဲ့သည်။

ရွမ်းမဲလ်နာမည် အင်္ဂလိပ်များနှုတ်ဖျားတွင် ရေပန်းစားနေခြင်းနှင့် ပတ်သက်၍ ဟစ်တလာ၏ဝါဒဖြန့်ချိရေးမှူး 'ဂိုဘဲလ်'ကဤသို့ ကောက်ချက် ချသည်။

"ရွမ်းမဲလ်အတွက် စေတနာ့ဝန်ထမ်း ဝါဒဖြန့်ပေးနေကြတဲ့အင်္ဂလိပ် တွေလုပ်ပုံဟာ သူတို့ဘက်က ကြည့်ရင်အလွန်အမြင်တိုတဲ့ အလုပ်လို့ဆိုရမယ်။

mgyoe.com

သူတို့က ရွှမ်းမဲလ်ကိုကမ္ဘာမှာ အကျော်ကြားဆုံး ဗိုလ်ချုပ်အဖြစ်ဖန်တီးနေလေကြရဲ့၊ ကျုပ်တို့အတွက်တော့ အကြိုက်ပေါ့၊ အခုဆိုရင် ရွှမ်းမဲလ်ဟာ ဘာလင်မှာ ဟိုးဟိုးကျော်နေသလောက် အမေရိကန်မှာရော လန်ဒန်မှာပါဟိုးဟိုးကျော်နေပြီလေ"

ထိုသို့ ရန်သူရောမိတ်ဆွေရောင်းရင်းပါ အသီးသီးနူတ်များတွင် အံ့ချီးမကုန်ရှိကြသည်ကိုလည်းကောင်း၊ ချစ်ခင်မြတ်နိုး ရိုကျိုးကြသည်ကိုလည်းကောင်း၊ ဥပေက္ခာပြု၍ လျစ်လျူရှုနိုင်သည်ဟု ဆိုပါမူ ရွှမ်းမဲလ်သည်ဤလူသားကမ္ဘာမှ မနုဿနွယ်ဖွား မဟုတ်တန်ရာ။

ထို့ကြောင့်ပင် ဗိုလ်ချုပ်ကြီးဗွန်းလန်း(ဂ်)က ရွှမ်းမဲလ်အား ဤသို့မြင်သည်ဟု ဆိုလေသည်။

ရွှမ်းမဲလ်လောက် မိမိ၏ထင်ပေါ်ကျော်ကြားမှုတွင် နစ်မြောနေသူဟူ၍သူမတွေ့ဖူးကြောင်း။ ရွှမ်းမဲလ်သည် တစ်နေ့တွင်(၂၄)နာရီရှိသည့်အနက်(၂၄)နာရီလုံးပင် ကျော်ကြားမှုအတွက် ဝါယမစိုက်ထုတ်နေသူ ဖြစ်ကြောင်း။

ရွှမ်းမဲလ်သည် မိမိအကြောင်း ဦးကာချဲ့ရေးသားသမှု၊ အမွှမ်းတင်ခြယ်မှုန်းထားသမျှ စာနယ်ဇင်းပါ ဆောင်းပါး၊ သတင်းများကိုမလွတ်တမ်း စုဆောင်းပြီး ဇနီးသည်ထံသို့လည်း မိမိအကြောင်း ရေးသားထားသမျှသတင်းစာများကို မသွေမလစ် စုဆောင်းသိမ်းဆည်းထားရန် စာရေးမှာကြားလေ့ရှိကြောင်း။

ရွှမ်းမဲလ်အား လူအများကအထင်ကြီးလေလေ၊ သူကအထင်နှင့်အမြင်ဟပ်မိစပ်မိစေရန် နေပြလေလေဖြစ်ကြောင်း။

ရွှမ်းမဲလ်သည် ကြာလေကြာလေ အရာရှိများနှင့် ဆက်ဆံရေးမပြေမပြစ် မချေမငံဖြစ်လာလေ၊ အကြပ်တပ်သားများနှင့် ဖက်လဲတကင်းအရောတဝင် ပြုမူလာလေလေ၊ တိုက်ပွဲများတွင် ဆတက်ထမ်းပိုး စွန့်စွန့်စားစားပြုမူလာလေလေ၊ အောင်ပွဲများကို ပို၍ခုံမင်စုံမက်လာလေဖြစ်၏။

အားလုံးကိုခြုံ၍ ဗိုလ်ချုပ်ကြီးဗွန်လန်း(ဂ်)က ရွှမ်းမဲလ် စစ်တိုက်ခြင်းသည်အောင်မြင်ကျော်ကြားမှုအတွက် သက်သက်မျှသာ ဖြစ်ကြောင်း ပြတ်ပြတ်တင်းတင်း ကောက်ချက်ချသည်။

ထူးထူးကဲကဲ ချေမှုန်းတိုက်ခိုက် အောက်ပွဲဆင်လိုက်သောတိုဘရပ်

mgyoe.com

mgyoe.com

သိမ်းပွဲ ပြီးဆုံးပြီးသည့်နောက် များမကြာမီပင် ကျန်းမာရေးအခြေအနေမှာ အလွန်ဆိုးဝါးလာသဖြင့် ရွမ်းမဲလ်သည်မရှောင်မလွှဲသာ အာဖရိကမှ ခေတ္တခွဲခွာပြီး ခွင့်သွားခဲ့ရသည်။

ယင်းသို့ ခွင့်သွားခိုက် ရွမ်းမဲလ်သည် ဟစ်တလာနှင့် တွေ့ဆုံခွင့်ရသည်တွင် တစ်ဦးနှင့်တစ်ဦး အမြင်ချင်းညှိနှိုင်းမရ၊ အချေအတင် ငြင်းခဲ့ရနှင့် သူတို့နှစ်ဦးစပ်ကြား လိပ်ခဲတည်းလည်းဖြစ်လာသည်။

ရွမ်းမဲလ်က ဗြိတိသျှတပ်များ အစစအရာရာ အင်အားကောင်းပုံ၊ လက်နက်ခဲယမ်းမီးကျောက် စစ်ကိရိယာတောင့်တင်းသာလွန်ပုံကို အမှန်မြင်၍အမှန် ချီးမွမ်းသည်ကို ဟစ်တလာက ဆွေ့ဆွေ့ခုန်မျှ မခံမရပ်နိုင်ဖြစ်သကဲ့သို့ဗြိတိသျှတပ်များသည် အီတာလျံတပ်များထက် များစွာအဆင့်အတန်းမြင့်သည်။ အရည်အချင်း သာလွန်သည်ဟူသော ရွမ်းမဲလ်အဆိုကိုလည်း ဟစ်တလာကခါးခါးသီးသီးငြင်းဆိုသည်။ မူဆိုလိုနီသည် အာဖရိကကိုးအားစာတ်ဆီမထောက်ပံ့နိုင်သည်ကို အကြောင်းအမျိုးမျိုးပြ၍ ဆင်ခြေဆက်လက်ထုတ်နေခြင်းသည် သူ၏တင့်ကားများကို ကိုင်ရိုအရောက်ချီရန်အဟန့်အတားပြုနေသည်နှင့် မခြားကြောင်း ရွမ်းမဲလ်၏တိုင်ကြားချက်ကိုလည်း ဟစ်တလာကခါးခါးသီးသီးပယ်ချပြီး ...

"ငါက မူဆိုလိုနီကို ငါ့ဗိုလ်ချုပ်တွေထက်ပိုယုံကြည်တယ်"ဟု ပြတ်ပြတ်တောင်းတောင်း ပြော၏။

ရွမ်းမဲလ်သည် ဟစ်တလာ၏နှုတ်မှ ကြားလိုက်ရသောစကားအတွက် သူ့နားကို သူမယုံကြည်နိုင်အောင်ဖြစ်ရသည်။

ယင်းမီးပွားကလေးသည် တစ်နေ့တွင် ဂျာမန်လူမျိုးတို့၏ နေ–လ–ဘုန်းရှင်–သမ္မာရှင်ခေါင်းဆောင်ကြီး ဟစ်တလာနှင့် ရွမ်းမဲလ်တို့အား ညောင်ညိုပြင်စခန်းမှ လမ်းခွဲစေရန် ကြီးထွားလာမည့် မီးတောက်မီးလျှံကြီး၏ သန္ဓေမျိုးစေ့ပင်ဖြစ်ချေသည်။

သူသည် ခေါင်းဆောင်ကြီးအား၊ စစ်သားပီပီ စစ်သည်တော်ကောင်းတို့၏ ကျင့်ဝတ်အရလည်းကောင်း၊ စစ်သည်တော်ကောင်းတို့၏ အသိအရလည်းကောင်း၊ အကြွင်းမဲ့သစ္စာတော်ကို စောင့်သိရိုသေခဲ့ပါ၏။

သူသည် မည်သည့်အခါမျှ၊ ခေါင်းဆောင်ကြီးအပေါ်ကာယကံ

mgyoe.com

mgyoe.com


ပြောက်မဆိုထားဘိ၊ မနောကဲ့ဖြင့်သော်လည်းကောင်း၊ ဝစီကံဖြင့်သော်လည်းကောင်းပြစ်မှားကျူးလွန်ခဲ့ခြင်း မရှိခဲ့။

ခေါင်းဆောင်ကြီး၏ ဒုစရိုက်များကိုနားလျှံအောင် အများသူငါပြောဆိုဝေဖန်နေသည်ကို နားမယောင်၊ မိမိ၏ခေါင်းဆောင်ကို မျက်စိမှိတ်စုံပိတ်၍ယုံကြည်ခဲ့သည်။

ရှမ်းမဲလ်ဘက်တွင်မူ ဒုစရိုက်ဟူ၍သော်လည်းကောင်း၊ ပြစ်မှုဟူ၍သော်လည်းကောင်း၊ မိမိလက်ဝယ် ရောက်ရှိလာသော စစ်သုံ့ပန်းများအားနှိပ်စက်ကလူမပြု ဂုဏ်သရေရှိရှိ နိုင်ငံတကာ စစ်ဥပဒေအရ ပြုစုစောင့်ရှောက်သည်က လွဲ၍ဆံတစ်မျှင် ကျူးလွန်ခြင်းမရှိခဲ့။

သူသည် လက်ဝယ်ရမိထားသော စစ်သုံ့ပန်းများအား ရိက္ခာ၊ ရေ၊ဆေးဝါးစသည်ဖြင့် သူ၏တပ်သားများ ခံစားခွင့်အတိုင်း ထပ်တူထပ်မျှခံစားခွင့်ရှိစေခဲ့သည်။

သုံ့ပန်းစခန်းမှ ထွက်ပြေးလွတ်မြောက်ရန် ကြံစည်ကြိုးပမ်းသူများကိုပင်အပြစ်မယူ မငြူစူသည့်အပြင် ...

မိမိလွတ်မြောက်ရေးအတွက် ကြိုးပမ်းသည့် လုံ့လဥဿဟကိုလည်းကောင်း၊ သတ္တိကိုလည်းကောင်း ချီးကျူးလိုက်သေးသည်။

သူသည် နိုင်ငံတကာစစ်ဥပဒေကို လိုက်နာကျင့်ကြံရာတွင် ဟစ်တလာ၏အမိန့်ကိုပင် စက္ကူစုတ်လုပ်ဝံ့သူပါတည်း။

ဖမ်းဆီးရမိသမျှ ဗြိတိသျှကွန်မန်ဒိုများကို တစ်ယောက်မကျန် ကွပ်မျက်ပစ်ရန်ဟူသော ဟစ်တလာ၏အမိန့်စာကို မီးရှို့ဖြစ်လိုက်ပြီး ဥပေက္ခာပြုခဲ့သည်။

၁၉၄၂–ခုနှစ်၊ ဇွန်လ(၂၃)ရက်နေ့တွင် ရှမ်းမဲလ်သည် အီဂျစ်သို့ကသုတ်ကရက် ဆုတ်ခွာထွက်ပြေးသော ဗြိတိသျှအဋ္ဌမတပ်မတော်ကို အမိလိုက်၍တိုက်ခိုက်ချေမှုန်းရန် စစ်ချီလေသည်။

သူသည် ရန်သူ့တပ်များအား လျှပ်တစ်ပြက်အဟုန်ဖြင့် ရှေ့သို့တွန်းထိုးလိုက်ပြီး ချေမှုန်းရန်ရည်ရွယ်သည်။

ယင်းသို့ တိုက်ခိုက်လိုက်ခြင်းဖြင့် ဗြိတိသျှများ အီဂျစ်တွင်တစ်ယောက်မျှမကျန် မောင်းနှင်ထုတ်နိုင်မည်ဖြစ်၍ အဲလစ်ဇင်းဒရီးယားနှင့် ဆူး

mgyoe.com

mgyoe.com


အက်တူးမြောင်းသို့ သူလွတ်လွတ်ကျွတ်ကျွတ် တက်နိုင်မည်ဖြစ်သည်။

သို့ရာတွင်သူ၏ အကြံသည် အဲလစ်ဇင်းဒရီးယားနှင့် စူးအက်တူးမြောင်းတွင်ပင် ရပ်တန့်သွားသည်မဟုတ်ပေ။

တစ်နေ့တွင် သူ၏ ဗိုလ်ချုပ်တစ်ယောက်အား ဤစစ်ပွဲပြီးလျှင်သူမည်သည့်အရပ်သို့ ဆက်လက်တိုက်စစ်ဆင်မည်ထင်ကြောင်း ခန့်မှန်းစေခဲ့သည်။

ထိုအခါ ဗိုလ်ချုပ်က "နိုင်းမြစ်ဝှမ်း"ဟု အဖြေပေး ခန့်မှန်းသဖြင့် "ညံ့တဲ့လူပဲ၊ အိန္ဒိယဗျ"ဟု သူကဆိုသည်။

သူ၏ အကြံကားမဆုံးနိုင်၊ မကုန်နိုင် မိုးကုပ်စက်ဝိုင်းနှယ်ပါတည်း။

ထိုထိုးစစ်သစ်တွင် ရွမ်းမဲလ်၏ယန္တရားတပ်သည် ဗြိတိသျှထံမှ သိမ်းဆည်းရမိထားသော တင့်ကားအများအပြားကို အသုံးပြုတိုက်ခိုက်နေသည်ဖြစ်ရာ အာဖရိကကိုးနှင့် အဋ္ဌမတပ်မတော်ကို ခွဲမရအောင်ရှိနေပြီး၊ အီဂျစ်မှ ဗြိတိသျှတပ်များမကြာခဏ အယောင်ယောင်အမှားမှားနှင့် အထိတ်တလန့်ဖြစ်နေရလေသည်။

အဲလစ်ဇင်းဒရီးယားတွင် စခန်းပြုထားသည့် ရေတပ်ဆုတ်သွားပြီးဖြစ်သည်။

ကိုင်ရိုရှိစစ်အာဏာပိုင်များသည်လည်း အရေးနိမ့်လိမ့်မည်ဟု ကျိန်းသေခန်းသေတွက်ချက်ထားပြီးဖြစ်သဖြင့် အရေးကြီးသော စာရွက်စာတမ်းများကိုစတင်မီးရှို့ပြီးဆုတ်ခွာရေးအတွက် အစီအစဉ်များပြုလုပ်နေကြသည်။ လိုအပ်လျှင် ပါလက်စတိုင်းနှင့်အီရတ်အထိ ဆုတ်ခွာရန်စီစဉ်ကြသည်။

ဗိုလ်ချုပ်အော်ချင်လက်သည် အင်အားရှိသမျှစုပြုံသုံးပြီး ရွမ်းမဲလ်အားဆီးတားနေသည့်ကြားမှပင် မာလာမာဘရသ်မှာသိသည် ဂျာမန်၏လက်တွင်းသို့ သက်ဆင်းခဲ့ရလေသည်။

ယခုမူ ရွမ်းမဲလ်သည် အယ်လ်အာလာမိန်း တံခါးပေါက်ကိုခြေတင်နေပြီဖြစ်သည်။

ယခု သူရောက်ရှိနေသောနေရာသည် သူဦးတည်ရာပန်းတိုင်ဖြစ်သော အဲလစ်ဇင်းဒရီးယားနှင့် စူးအက်တူးမြောင်းကိုရောက်ရန် မိုင်(၆၀)သာဝေးကွာလေတော့သည်။

mgyoe.com

mgyoe.com


ဇူလိုင်လအတွင်းတွင် ဖြစ်သည်။

ရွှမ်းမဲလ်ရောက်ရှိနေစဉ် အယ်လ်အာလာမိန်းမုခ်ဦးတိုက်ပွဲများ ပြင်းပြင်းထန်ထန်ဖြစ်ပွားလျက်ရှိသည်။

ရွှမ်းမဲလ်သည် ရန်သူ၏ခံတပ်များ၊ ကတုတ်များကို အပြင်းအထန်ချေမှုန်းတိုက်ခိုက်ထိုးဖောက်နေသည်။ ရန်သူများကို အားဖြည့်ရန် ဗြိတိန်နှင့်အမေရိကန်မှ တပ်ကူများရောက်မလာမီ အဋ္ဌမတပ်မတော်ကို အပြီးအပိုင်သုတ်သင်ရှင်းလင်းနိုင်ရန် မီးကုန်ယမ်းကုန် ကြိုးစားနေရခြင်းဖြစ်၏။

သို့ရာတွင် –

ဗြိတိသျှ ဘုရင့်လေတပ်မတော်လေယာဉ်များက လေကြောင်းမှနာရီမလပ် ဗုံးကြဲတိုက်ခိုက်နေသဖြင့် ပန်းတိုင်ရောက်ရန် လက်တစ်လုံးခြားမျှသာကျန်တော့သည့် ရွှမ်းမဲလ်တပ်များ ရှေ့တစ်လက်မမျှ မရွေ့နိုင်အောင်ဟန့်တားထားခြင်း ခံနေရလေသည်။

"ကျုပ်တို့ အယ်လ်အာလာမိန်းစစ်ကြောင်းက ခံတပ်အတော်များများထိုးဖောက်သိမ်းပိုက်နိုင်ရုံမကဘူး၊ ရှေ့မိုင်အတော်များများ ပေါက်အောင်စစ်ဆင်နိုင်ခဲ့တယ်၊ အဲဒီမှာလည်း ကျုပ်တို့နဲ့အင်အားချင်း ဘယ်လိုမှယှဉ်လို့မရတဲ့ ဗြိတိသျှတပ်ကြီးတွေက ရှေ့ကိုအရောက်ချီတက်ထိုးဖောက်နေတဲ့ကျုပ်တို့ တပ်ကို ထိုးဖောက်ကြတယ်၊ ကျုပ်တို့ မျှော်လင့်ချက်ဖြစ်တဲ့ ဗြိတိသျှအဋ္ဌမတပ်မတော်ကို အပြီးအပိုင်ချေမှုန်းပြီး အရှေ့ပိုင်းအီဂျစ်ကိုသိမ်းမယ့်အခွင့်အရေးဟာ လက်တစ်လှမ်းအလို ရောက်လာမှ အဖတ်ဆယ်မရအောင်ဆုံးရှုံးသွားရတယ်"

ဤတွင်ပင် အာဖရိကကိုး၏ ဇာတ်သိမ်းခန်းနိဒါန်းပျိုးပြီဟုဆိုရချေမည်။

ပန်းတိုင်ရောက်လိုဇောဖြင့် အရိုကြေကြေ အရေခန်းခန်းမဆုတ်တမ်းထိုးဖောက်နေသော ရွှမ်းမဲလ်၏ အာဖရိကကိုးနှင့် လှိုင်းလုံးလို တအိအိလိမ့်တက်လာသော ဗြိတိသျှတပ်များပြင်းပြင်းထန်ထန် တိုက်ပွဲဆင်နေကြသည်မှာ ဩဂုတ်လတွင်းသို့ပင် ချင်းနင်းလာခဲ့သည်။

ထိုအချိန်တွင် ဗိုလ်ချုပ်မွန်ဂိုမာရီမှာအား အဋ္ဌမတပ်မတော် တပ်မှူးအဖြစ် ဗိုလ်ချုပ်ရစ်ချီနှင့် တာဝန်ပြောင်းလွှဲလိုက်သည်။

တပ်တော်မှူးသစ် မွန်ဂိုမာရီရောက်လာသည်နှင့် ဗြိတိသျှတို့၏

mgyoe.com

mgyoe.com


တိုက်နည်းတိုက်ဟန် ပုံစံပြောင်းသွားသည်။

မွန်ဂိုမာရီသည် ထိုးဖောက်နိုင်စွမ်းမရှိဟု ထင်လျှင်ဆန္ဒစော၍မတိုက်၊ ကိန်းသေခန်းသေနိုင်ရည်ရှိမှ တိုက်သည်။

မွန်ဂိုမာရီသည် ရွမ်းမဲလ်၏ဆက်သွယ်ရေးရိက္ခာလမ်းကြောင်းများကို လေကြောင်းမှ မနားတမ်း ပိတ်ဆို့ထားလေသည်။

လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုမှာ ပြင်းထန်လွန်းသဖြင့် ရွမ်းမဲလ်သည်ပင်(၂)ကြိမ်တိုင် သေဘေးမှ ပွတ်ကာသီကာ လက်မတင် လွတ်မြောက်ခဲ့ရသည်။

ညများတွင်လည်း ရန်သူ့မီးကျည်များက သဲကန္တာရတစ်ခုလုံး နေ့နှင့်ညခွဲခြားမရအောင် ရှိနေသည်။

ရွမ်းမဲလ်သည် နောက်ဆုံးစွန့်စားခြင်းမျိုးဖြင့် ကျန်ရှိနေသေးသမျှတင့်ကားများကို ပေါင်းစည်းလိုက်ပြီး လက်သုံးတော်လှျပ်တစ်ပြက်စစ်ဆင်နည်းဖြင့် အတင်းထိုးဖောက်သည်။

မွန်ဂိုမာရီသည် ရွမ်းမဲလ်၏အကြောကို သိထားသူပီပီ တစ်ဟုန်ထိုးချီတက်လာသော ရွမ်းမဲလ်၏တပ်များကို အမြောက်များဖြင့် မိုးတုန်ဟည်းမျှမပြတ်တမ်းထုနှက်ပြီး ရွမ်းမဲလ်၏တပ်များ ကျိုးပြတ်၍ ရှုပ်ထွေးသွားစဉ်အသင့်ပြင်ထားသော ခြေလျင်တပ်များကို အတင်းထိုးဖောက်တိုက်ခိုက်စေသည်။

တစ်ချိန်တည်းတွင်ပင် မွန်ဂိုမာရီသည် သူ၏တင့်ကားများကိုခြေလျင်တပ်များနောက်မှ ထက်ကြပ်မကွာလိုက်စေသည်။

ထိုတွင်မက ရွမ်းမဲလ်လုံးဝမမျှော်လင့်သော တိုက်နည်းသစ်များကို မွန်ဂိုမာရီက အသုံးပြုလာလေသည်။

ဂျာမန်တပ်များအင်အားအတောင့်တင်းဆုံး နေရာများကို အင်နှင့်အားနှင့်ဖိတိုက်ပြီး ရွမ်းမဲလ်မမျှော်လင့်သောနေရာများကို ဘယ်ပြပြီး ညာခြောက်၍အတင်းဝင်တိုက်လေသည်။

ခဏချင်း အခြေအနေရှုပ်ထွေးသွားပြီး မွန်ဂိုမာရီသည် မည်သည့်နေရာမှစတိုက်မည်ကို မခန့်မှန်းလောက်အောင် လျှပ်တစ်ပြက် စစ်ဘုရင်ရွမ်းမဲလ်မှာခံနေရသည်။

mgyoe.com

mgyoe.com


ရွှမ်းမဲလ်၏အခြေအနေမှာ အချိန်ကြာလေ ပိုမိုဆိုးဝါးလာလေဖြစ်နေသည်။ ရိက္ခာအခြေအနေကလည်း တစ်ဖက်မှာ အကျပ်အတည်းပေးလာပြီဖြစ်သည်။

အထုအနှက် အပစ်အဖောက် အမျိုးမျိုး၏ဒဏ်ကို ခေါင်းမဖော်ဝံ့၊ မခံမရပ်နိုင်လောက်အောင် ခံနေရသဖြင့် ဒဏ်ရာအနာတရဖြင့် ချည့်နဲ့လာသောအာဖရိကကိုး၏ လမ်းဆုံးမကျမီ တပ်ဆုတ်ခွင့်ပြုရန် ဟစ်တလာထံ ရွှမ်းမဲလ်ကအစီရင်ခံလေသည်။

ဒေါသူပုန်ထကြွ ဒေါသမုန်တိုင်းဆင်နေသော ဟစ်တလာထံမှပြန်ကျလာသည့်အမိန့်မှာမူ ...

"ကိုင်ရိုကို ဆက်တိုက်၊ တစ်ယောက်မကျန် ပြုတ်ပြုတ်ပြုန်းပါစေ၊ အလံမလှဲနဲ့၊ အောင်ပွဲနဲ့အရှုံးအဖြေတစ်ခုခုပဲ ကြားချင်သည်" ဟူသတည်း။

ရွှမ်းမဲလ်သည် အမိန့်စာကို ဖတ်ပြီး သူ၏ခေါင်းဆောင်ဟစ်တလာကိုသောက်သောက်လဲ ရူးနေပြီဖြစ်ကြောင်း ရိပ်စားမိလာသည်နှင့်အမိန့်စာကို ဆုတ်ဖြဲပစ်လိုက်လေတော့သည်။

မိုးလေသည်းထန်စွာ ရွာသွန်းနေသော ၁၉၅၂–ခု၊ နိုဝင်ဘာလ(၄)ရက်နေ့ညတွင်း အာဖရိကကိုး၏ မလွဲသာ ဆုတ်ခွာမှုကြီး စတင်ခဲ့သည်။

ဤသို့ဖြင့် ရွှမ်းမဲလ်၏ အာဖရိကကိုးသည် စစ်ပွဲသက်တမ်းတွင် ဒုတိယမ္ပိ အီဂျစ်နှင့်လစ်ဗျား သဲမြေမှ ဆုတ်ခွာရပြန်တော့သည်။

ဆုတ်ခွာခြင်းကား ဆိုးရွားလှ၏။

အိပ်မက်ဆိုးကြီး မြင်မက်နေရသည်သို့ ချောက်ချားဖွယ်ရှိ၏။

ကမ်းရိုးတန်း စစ်ကြောင်းကျရာတစ်ကြော တော်လည်းသံနှယ် သံချပ်ကာ ကားများနှင့်ယာဉ်မျိုးပေါင်းစုံအချို့တိုသည် ဗြိတိသျှလေယာဉ်များ၏ စိတ်ကြိုက် တိုက်ခိုက်မှုဒဏ်ကို ခံနေရသဖြင့် မှောက်သူမှောက်၊ တိမ်းသူတိမ်း၊ ပြုန်းသူပျက်ပြုန်းနှင့် ကစဥ့်ကရဲ ရှုပ်ထွေးနေလေသည်။

ထိတ်လန့်ဖွယ်၊ တုန်လှုပ်ဖွယ်၊ ကြောက်မက်ဖွယ် အခြေအနေဆိုးသည့်အထဲ ရာသီဥတုဖောက်ပြန်လွန်းသောအချိန် ဖြစ်သဖြင့် သဲမုန်တိုင်းများကလည်း လိုက်တိုက်သူနှင့် ဆုတ်ခွာနေသူ နှစ်ဖက်စလုံးကို အသက်ပင်မရှူနိုင် မရှိက်နိုင်လောက်အောင် ဒုက္ခဘုံသို့တွန်းပေးနေသည်။

mgyoe.com

ရွှမ်းမဲလ်အဖို့ကား ကံဆိုးမ,သွားရာမိုးလိုက်လို့ရွာ ဟူသည့်နှယ်ပင်တည်း။

ယင်းသို့အခြေအနေရှုပ်ထွေး၍ အတိုးအတက် အပြေးအဆုတ်ကသုတ်ကရက် ကမ္ဘာပျက်နေချိန်တွင် အီတာလျံတပ်မ(၆)တပ်က အုတ်အော်သောင်းတင်း အလုံးအရင်းနှင့်လက်နက်ချ အညံ့ခံလိုက်ကြသည်။

ဒဏ်ရာအနာတရ ချည့်နဲ့ရသည့်အထဲ ဓာတ်ဆီက ပြတ်နေပြန်သဖြင့် ရွှမ်းမဲလ်သည် သူ၏တင့်ကားများကိုသဲထဲတွင် စွန့်ခွာထားရစ် စွန့်ပစ်ခဲ့ရသည်။

အယ်(လ်)အဂေးလားအရောက် တပ်လုံးမပျောက်ဘဲ၊ အင်အား(၃)ပုံ(၂)ပုံနှင့် ဆုတ်ခွာလာနိုင်သည်ကပင်ရွှမ်းမဲလ်၏ အရည်အချင်းကြောင့်ဖြစ်သည်။

ရွှမ်းမဲလ်သည် အယ်(လ်)အဂေးလားတွင် ခံစစ်ပြု၍အပြေးလိုက်လာသော ဗြိတိသျှတပ်များကို ယာယီဟန့်တားနိုင်လိုက်သည်။

ဗြိတိသျှတပ်များကလည်း ရွှမ်းမဲလ်နောက် တစ်ဟုန်ထိုးလိုက် တိုက်ခိုက်ရင်း တပ်ကျွံသွားသဖြင့် ခရီးလွန်နေသော တပ်များကိုပြန်လည်စုရုံးနေကြရသည်။

နိုဝင်ဘာ(၂၈)ရက်နေ့တွင် ရွှမ်းမဲလ်သည် ဟစ်တလာထံသွားရောက်၍ ဂျာမန်တပ်များအာဖရိကမှ အပြီးအပိုင်ဆုတ်ခွာမှသာလျှင် ထောင်ပေါင်းများစွာသော ဂျာမန်များကို အသက်ရှင်လျက်ကယ်တင်နိုင်မည်ဖြစ်ကြောင်း အခြေအမှန်ကို တင်ပြနားချသည်။

ဟစ်တလာသည် ရွှမ်းမဲလ်၏အပြီးအပိုင် ဆုတ်ခွာမည့်အဆိုကိုလက်မခံရုံမက ရွှမ်းမဲလ်အား အမျိုးမျိုး စွပ်စွဲပြစ်တင်ရှုတ်ချလေသည်။

ရွှမ်းမဲလ်သည် ဤမျှစာနာထောက်ထားငဲ့ညှာစိတ် ကင်းလွန်းသော ဟစ်တလာအား အရွံ့မုန်းကြီး ရွံ့မုန်းသွားလေတော့သည်။

ရွံ့မုန်းနာကြည်းနေသော ရွှမ်းမဲလ်သည် အာဖရိကကိုးရှိရာ နေရာသို့ပြန်လာပြီး မရှောင်မလွှဲသာ ထရီပိုလီအထိ ဆုတ်ခွာရပြန်သည်။

ရွှမ်းမဲလ်သည် မွန်ဂိုမာရီ၏ အောင်ပွဲခံ၈၃မတပ်မတော်အား အယ်လ်အာလာမိန်းနှင့် ထရီပိုလီအကြား မိုင်ပေါင်း(၁၄၀၀၀)တိတိပေးလိုက်ရသည်။

mgyoe.com